www.burmeseclassic.com

စမ်းစမ်းနွဲ့ (သာယာဝတီ)

# နေပန်းပွင့်၏ အပြာရောင်တမျက်နှာသစ်

www.burmeseclassic.com

# စီစဉ်သူ့စကား

'နှင်းအေးရွှေကြာစာပေ'မှ ဆရာမ စမ်းစမ်းနွဲ့ (သဃာဝတီ)၏ 'နေပွင့်ပန်း၏ အပြာရောင်စာမျက်နှာသစ်' ဝတ္ထုကို စာဖတ်သူထံမှောက်သို့ ပို့ဆောင်ပေးလိုက်ပါပြီ။

ဤဝတ္ထုသည် ၁၉၈၇ ခုနှစ်က ဆရာ မောင်စိန်ဝင်း(ပုတီးကုန်း) နှင့်အတူ 'အားသစ်ယူ၍ လူဖြစ်စေသတည်း'ဟူသော ခေါင်းစဉ်ဖြင့် ပထမ အကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ခေါင်းစဉ်တစ်ခုတည်းကို စာရေးသူနှစ်ဦး သီးခြားခံစားရေးဖွဲ့ ခဲ့ကြသော ဝတ္ထုနှစ်ပုဒ်ကို မူလအတိုင်း ပူးတွဲထုတ်ဝေလိုပါသော်လည်း အကြောင်းမညီညွတ်ခဲ့ပါ။

ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)၏ 'အားသစ်ယူ၍ လူဖြစ်စေ သတည်း' ဝတ္ထုမှာ သီးခြား ပြန်လည်ထုတ်ဝေခဲ့ပြီး ဖြစ်လေရာ ယခု ဆရာမ စမ်းစမ်းနွဲ့ (သာယာဝတီ) တစ်ဦးတည်း၏ ဝတ္ထုကို ပြန်လည်ထုတ်ဝေရာ တွင် ခေါင်းစဉ်အသစ်ဖြင့် စီစဉ်လိုက်ပါသည်။

ဤဝတ္ထု ပြန်လည်ရိုက်နှိပ်ထုတ်ဝေနိုင်ရန်အတွက် ပထမမူကို ပေးပို့ကူညီပေါသော ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)အား များစွာ ကျေးဇူး တင်ရှိပါကြောင်း အထူးဖော်ပြလိုပါသည်။

**နှင်းအေးရွှေကြာစာပေ**

www.burmeseclassic.com

ပထမမူတွင် ဆရာအထောက်တော်လှအောင်က အမှာစာ ရေးသားခဲ့ပါသည်။ ထိုအမှာစာမှာ အချို့အား ပြန်လည်ကောက်နှုတ် ဖော်ပြလိုပါသည်။

'နေကို မျက်နှာမူပြီး အပူဖြင့် လန်းပွင့်နေသည့် နေကြာပန်းနှင့် နေနှင့်အတူ ပွင့်ရသော ပေါ်ကျူလီယာပန်းများကို မီးမောင်းထိုးပြသွားပါသည်။ နေညိုးလျှင် သူတို့ပါ ညိုးငိုက်ကြရသည့် အပူကြိုက်မျိုးဟု ဆိုပါသည်။

လောကသုံးပါးတွင် စီးပွားရေးအပူ၊ လူမှုရေးအပူ၊ ပညာရေးအပူမှန်သမျှကို မည်သည့်ပုထုဇဉ်မှ ရှောင်လွဲတိမ်းဖယ်၍ မရနိုင်ပါ။

ရှောင်လွဲတိမ်းဖယ်၍ မရနိုင်လျှင် ဒူးထောက် အရှုံးပေးရမည်လော။ အောက်လမ်းနည်းဖြင့် အံတုခံရမည်လော။

သည်နေရာ၌ စမ်းစမ်းနွဲ့ (သာယာဝတီ)သည် လောကသစ္စာတရားကို ပရိယာယ်မပါဘဲ ရိုးရိုးကလေး ဖွင့်ဟပြပါသည်။

ရိုးလွန်းတော့ အလွန်တရာလှပသွားပါသည်။ အသည်းထက်မှာ အက္ခရာတင်လိုက်သလို တစ်သက်စွဲငြိသွားစေပါသည်။ လူငယ်တို့၏ စစ်မှန်သော ဘဝအားမာန်ဆိုတာ ဒါပါလားဟု သတိသံဝေဂတရား ပွားများစေပါသည်။

ဆရာအထောက်တော်လှအောင်သည် ဤဝတ္ထုအပေါ် လှိုက်လှဲစွာခံစား၍ ဤအမှာစာကို ရေးသားခဲ့ပါသည်။ စာဖတ်သူတို့ မျှယူအားသစ်နိုင်ကြပါစေ။

**စီစဉ်သူ**

www.burmeseclassic.com

# နှင်းဆီအေးရွှေကြာစာစဉ် (၁)

ဖွင့်ထားသော နားများက ရေဂယက်ထသံများကို သဲ့သဲ့ကြားရသည်။ ပက်လက်အိပ်နေရာက ကိုယ်ကို တစ်ပတ်လှိမ့် မှောက်လိုက်ကာ ချောင်းဆီသို့လှမ်းကြည့်၏။

ရေစပ်မှာ 'နွယ်' ...။

'နွယ်' ဟု ညင်းဖွဖွခေါ်ရွတ်ကြည့်မိသည်။ ရင်ထဲမှာ လေပြေတစ်ငွေ့ လှုပ်ခတ်သွားသလို ရှိန်းရှိန်းမြမြခံစားရလေသည်။

နှုတ်လျှာမရဲသူ လင်းဇော်က 'နွယ်' ဟု သိုသိပ်စွာ တမ်းတရင်း ကျေနပ်နေသည်။ အမှန်တော့ 'နွယ်ဦးမွန်'ဟု အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသော အမည်စာတမ်းသေးသေးကလေးကို ခရီးဆောင် သားရေအိတ်ပေါ်မှာ ရှာရှာဖွေဖွေ ဖတ်မိပြီးကတည်းက ငြိတွယ်ခဲ့သူပင်။

'စတီရီယို'ဟု အများသိသော ခေတ်သစ်ဂီတဖြင့် လုပ်ကိုင်စားသောက်နေသူ လင်းဇော်က ကိုစောညိမ်းနှင့် တက္ကသိုလ်ဘုန်းနိုင်တို့၏

အနုပညာကိုလည်း မြတ်နိုးရင်းစွဲမို့ 'နွယ်ဦးမွန်မို့ ချစ်ထွတ်တင်သည်' ဆိုသည့်တေးတစ်စကို ဖွဖွညည်းရင်း ရင်ခုန်လို့ မဝချင်။

အင်ဖက်သစ်ရွက်ကြိုကြားမှ တစ်စွန်းတစ်စ မြင်နေရသော နွယ့်အလုပ်အရှားတွေမှာ တိမ်းမူးဖွယ်။

အင်ရွက်ဖားဖားကြီးတွေ ယှက်ဖြာထူထပ်သော နေရာအရောက်မှာ တစ်ဖြုတ်မျှ ပျောက်သည့် အခိုက်အတန့်ကပင် တမ်းမက်ဖွယ်။

ကွယ်လိုက်၊ လင်းလိုက်၊ ပျောက်သွားလိုက်နှင့် ဖက်စိမ်းရောင်တိမ်တိုက်ကြားက လတစ်မင်း နွယ် ...

ပခုံးပေါ် အမြဲလွယ်ထားလေ့ရှိသည့် ကင်ဗိုအိတ်၊ ခေါင်းစည်းပုဝါနှင့် လွှာဖိနပ်ဖြူဖြူကလေးကို ချောင်းစပ်မှာလှမ်းတွေ့ရသည်။

ရေထဲသို့ခြေနှစ်ဖက်ချပြီး ကျောက်တုံးပေါ် ထိုင်လိုက်သည့် နွယ့်ကို မြင်သာအောင် လင်းဇော်က နေရာအနည်းငယ် ရွှေ့သည်။

နွယ်က လမ်းခရီးတစ်လျှောက်လုံး မချွတ်တမ်း ဝတ်လာခဲ့သည့် ကွန်မင်ဒိုတံဆိပ် ရေညှိရောင်ဂျာကင်ကို ချွတ်လိုက်ပြီး ချောင်းစပ်ဆီသို့ လှမ်းပစ်လိုက်သောအခါ ရှင်းကျော့သော ကိုယ်နေကောက်ကြောင်းကို ခန့်မှန်းမိလျက်သားရှိ၏။

ခေါင်းစည်းပုဝါကို ဖြုတ်ချထားသဖြင့် ဖားလျားဝေကျနေသော နွယ့်ဆံပင်တွေမှာ ထိုင်ထားသော ကျောက်တုံးနှင့် မထိလုလု ထိလုလု ဝေ့ဝဲနေသည်။

နံ့သာရောင် ရှန်ဘလောက်နှင့် ရှားရင့်ရောင် ပြောင်ထဘီကြောင့် ဝင်းဝင်းပပ အသားအရေနှင့် စိုပြေသောအလှ ပေါ်လွင်လာသည်။

နွယ့်မျက်နှာပါးပြင်မှာ ရေမှုန်ရေစက်ကလေးတွေ ခိုတွယ်ဆဲ ရှိမည်

လား...အနီးကပ်မြင်ရလျှင် ကြည့်လို့မဝချင်စရာပါပဲဟု စိတ်ကူးဖြင့် ရင်ခုန်ရသေးသည်။

စောစောက ရေစပ်မှာလျှောက်သွားရင်း နွယ် မျက်နှာသစ်သည်ကို အမှတ်ရ၏။

နွယ်က ကျောက်တုံးပေါ် ထိုင်လျက် ထဘီကို သလုံးသား တစ်ဝက်ကျော်မျှ သိမ်းမလိုက်ပြီး ခြေနှစ်ဖက်ကို ရေထဲမှာ လှုပ်ခါဆေးကြောနေသည်။ ခဏကြာတော့ ကိုယ်ကိုအနည်းငယ် ငိုက်ယွန်းကာ လက်ခုပ်နှစ်ဖက်ဖြင့် ရေခပ်ယူလိုက်သည်။

"အို...သူမျက်နှာသစ်ပြန်ပြီ၊ အေးလေ ခရီးပန်းရှာပြီပဲ။ နွမ်းရှာပြီပဲ"

နွယ်က လက်နှစ်ဖက်ဖြင့် ရေကိုခပ်ယူကာ မျက်နှာအထပ်ထပ် သစ်နေသည်။ ရေစက်လက်ဖြင့် ကြာငုံလို လှရက်သည့် နွယ့်လက်ချောင်းကလေးတွေ အနေအထားကို စိတ်ရှိလက်ရှိ ငေးနေ၏။

နက်မှောင်ရှည်လျားသည့် ဆံနွယ်တွေလေထဲမှာ ပျံ့ဝဲနေတာ မြင်ရပြန်တော့ လင်းဇော်က ပုံပြင်ထဲမှာ ကြားဖူးသည့် 'ရေသူမကလေး'ကို ဖျတ်ခနဲ သတိရသည်။

ပုံပြင်ထဲက ရေသူမကလေး စကားမပြောတတ်သလို သည်မိန်းကလေးကလည်း စကားနည်းလှပေသည်။ လမ်းတစ်လျှောက်လုံး သူကစ၍ စကားပြောသည်မရှိ။

တစိမ်းယောကျာ်းတွေကြားမှာ တစ်ဦးတည်းလိုက်ပါလာသည့် မိန်းမသားမို့ အနေရ အထိုင်ရ ခက်ရှာမည်စိုး၍ စကားစပြောကြည့်သည်။ သူက ခေါင်းညိတ်ခေါင်းခါ အမူအရာဖြင့် မလုံလောက်သော မေးခွန်းများ ကိုသာ တစ်လုံးစ နှစ်လုံးစ တိုးညင်းစွာ ဖြေတတ်လေသည်။

ကိန်းခန်းကြီးကျယ်စွာ တင်းမာသောမျက်နှာပေးဖြင့် ဣန္ဒြေ ဝတ်ရုံ လွှာကို အတင်းအဓမ္မလွှမ်းခြုံထားခြင်းမဟုတ်တာတော့ လင်းဇော် နား လည်မိသည်။

စူးလက်တောက်ပသော မျက်လုံးများဖြင့် တစ်ဘက်သား၏ ဆက်ဆံ မှုကို တလေးတစား တုံ့ပြန်မြဲ၊ စူးရှသယောင်နှင့် စေ့စေ့ကြည့်လျှင် ညို့မှိုင်း လဲ့ရီသော မျက်လုံးများ၏ သိမ်မွေ့ခြင်းကို လင်းဇော် ခံစားရသည်။

အလှုပ်အခတ်အရွေ့အလျားနည်းပါးသော မျက်လုံးမျက်တောင်တို့၏ အသရေက တစ်ခါတစ်ရံပွင့်လန်းလာသော အပြုံးတို့ကို မြတ်နိုးစဖွယ် ရှိစေသည်။

တည်ငြိမ်အေးဆေးခြင်းသည် နွယ်၏ပကတိစရိုက် သဘာဝ။

တစ်ကိုယ်တည်း အေးဆေးစွာ ချောင်းထဲမှာ အပန်းဖြေနေသော ရေသူမကလေးကို တိတ်တခိုး ငေးကြည့်နေရင်း မိမိဘာသာ မလုံမလဲ ဖြစ်လာ၏။ မတရားသဖြင့် အခွင့်အရေးယူမိသည်ကို အပြစ်ရှိသလို နောင်တရသည်။

မနောကံနှင့်ပင် မထိပါးရက်ပါဘူးနွယ်၊ လွတ်လွတ်လပ်လပ် အပန်း ဖြေပါ။ နားနေပါ။ အားယူပါတော့။

လင်းဇော်က ကိုယ်ကိုတစ်ဘက်ပြန်လှိမ့်ပြီး နေရာရွှေ့သည်။ ကျော အောက်မှ ခင်းထားသည့် အင်ဖက်တွေကစဉ့်ကလျား ရွေ့လျားကုန်သည် ကို သိသော်လည်း မပြုပြင်လိုတော့။ မြေမှုန့်၊ သဲစတွေ ပေကျံမှာကို လည်း မမှုလိုတော့။

ချုံနွယ်တွေ ခြောက်သယောင်း၍ မြက်ခင်းတွေ ပါးလျားနေပြီဖြစ်သော သည်တောစပ်မှာ ကားပျက်ပြီဆိုကတည်းက လင်းဇော် အင်ဖက်တွေခူးဖို့ စိတ်ကူးရသည်။

မကြုံဖူးသော လမ်းခရီး အတွေ့အကြုံကြောင့် ကိုယ်လက် နာကျင်လှပြီး ကျောခင်းလဲလျောင်းပစ်လိုက်ချင်သည်။ အင်ဖက်တွေကိုပဲ ဆက်စပ်ပြီး ခင်းရတော့မည်။

'ရုပ်ကျိုးသွားပြီ ဆရာ' ဟု ဒရိုင်ဘာက ရယ်ကျဲကျဲ မျက်နှာဖြင့် မျက်နှာချိုသွေးသလိုလို၊ တောင်းပန်ချင်သလိုလို ကြေညာတော့ သူငယ်ချင်း ဖိုးမင်းမောင်က ထဆဲသေး၏။

"ကျုပ်ငှားတုန်းက ခင်ဗျားကား အသေအချာလုပ်ထားပါတယ်ဆိုဗျ"

ရှုံးရှုံးရှဲရှဲ ဒေါပွကာ ကားသမားကို ဖိဟောက်နေသည်။

"လုပ်တော့ လုပ်ထားတာပဲ ဒေါက်တာ၊ လမ်းအကြောင်းလဲ ဒေါက်တာ သိသားပဲ။ ဒီလောက်ကျယ်တဲ့ ချိုင့်ကြီးကို သစ်လုံးတွေလှဲချပြီး မညီမညာ ခင်းထားတော့ ..."

"ခင်ဗျား ကားသမားမဟုတ်ဘူးလား။ ဒီအပေါ်မောင်းရင် ခင်ဗျား ကားစုတ်က ခံနိုင်ပါ့မလားဆိုတာ ချိန်မှပေါ့ဗျ။ အောက်လမ်းက ဆင်း မောင်းမှပေါ့ဗျ"

ဒရိုင်ဘာက ကွမ်းသွေးတွေ ရဲနေသော ပါးစပ်ပြဲကြီးဖြင့် စပ်ဖြဲဖြဲလုပ်ကာ ကားပြင်ကိရိယာတန်ဆာပလာတွေကို တဂျောင်းဂျောင်း ဆွဲထုတ်နေသည်။

မင်းမောင်က စပယ်ယာနှင့်အတူ ကားအောက်ကို ငုံ့ကြည့်ရင်း လှည့်ပတ် စစ်ဆေးနေ၏။

ကျော်သက်က ဒုတိယနောက်ဆုံးမှ ကားပေါ်မှဆင်းသည်။ နောက်ဆုံးမှ ဆင်းမည့် အမျိုးသမီးခရီးဖော်ကို စောင့်စားကူညီမည့် အမူအရာ အပြည့် နှင့်။

အကြောင်းသိချင်းမို့ လင်းဇော်က ကျော်သက်ကို မသိကျိုးကျွန်

အကဲခတ်ရင်း ကားနောက်ခန်းမှ ဂျိုက်ကို ဆွဲထုတ်နေသော စပယ်ယာ ကလေးအား ကူညီနေလိုက်သည်။

'ဖြည်းဖြည်းဆင်း ညီမ၊ ဖြည်းဖြည်း ...ခုန်မချနဲ့နော်။ အောက်က သစ်လုံးတွေက မညီဘူး။ ရရဲ့လား ...အဲ ...အဲ '

နွယ်က ဘီးဖုံးပေါ် တစ်ထစ်နင်း၍ ဖြည်းညင်းစွာ လျှောဆင်းသည်။ အနေအထားမပျက်။ ကျော်သက်သာ အာသွက်လျှာသွက်၊ လက်ကမ်း တော့မလိုလို၊ ဆီးပွေ့တော့မလိုလို ကိုးရိုးကားရား ရှိရာမှသည် အိုးတို့ အမ်းတမ်း ကျန်ရစ်၏။

'ဟော့လူ ရှပ်ကျိုးရုံတင် ဘယ်ကမလဲဗျ။ ဟောဒီမှာ မိန်းလေးကြီးလဲ ကျိုးသွားပြီ၊ ခင်ဗျားကား ...'

'ရပါတယ် ...ဒေါက်တာ'

'ခုထိ ရပါတယ်လုပ်တုန်း၊ နေ့တစ်ဝက်နဲ့ ပြီးမှာလား ဒီကားစုတ်'

'ပြီးပါတယ် ဒေါက်တာရဲ့'

'...ပြီးနေ၊ တမူးကို ညဥ့်နက်မှ ရောက်တာထား။ ခမ်းပတ်ကို အချိန် မတော်ကြီး မရောက်စေချင်လို့ ပြောနေတာ။ ဒီဆရာမလေးက ခမ်းပတ် မှာ မျက်နှာစိမ်း၊ အေး ...အဲ ...ဆရာမ၊ သိပ်တော့ စိတ်ပူမနေပါနဲ့ဗျာ။ ကိုဇော်ဝင်းသန်း ...အဲ ခင်ဗျားသွားမယ့် တွဲဖက်ကျောင်းက ကျောင်းအုပ် ဆရာကြီးဆိုတာ ကျွန်တော်နဲ့ ရင်းပါတယ်။ မတွေ့တွေ့အောင် ရှာပြီး ပို့ပေးခဲ့မယ်။ နေရာထိုင်ခင်း သူစီစဉ်ထားမယ်ထင်တယ်'

'ဟုတ်ကဲ့ပါ '

မင်းမောင်၏ နောက်ဆုံးမေးခွန်းကို ဖြေကြားသော 'ဟုတ်ကဲ့ပါလား' စိတ်မပူပါနဲ့ ဆိုသည်ကို 'ဖြစ်သလိုပဲပေါ့' ဟု လက်ခံတုံ့ပြန်သည့် 'ဟုတ်ကဲ့ ပါလား' မခွဲခြားနိုင်။

ညို့မှောင်သော မျက်ဝန်းများဖြင့် မင်းမောင်ပြောသမျှကို စူးစိုက် နားထောင်ပြီးမှ 'ဟုတ်ကဲ့ပါ' တစ်ခွန်း တိုးညင်းစွာ ဆိုသည်။

ကားပြင်ကိရိယာတွေ သယ်ရွေ့ကာ ရှုပ်ယှက်ခတ်နေသော ဂျစ်ကား အနီးတစ်ဝိုက်မှ ဖယ်ခွာပြီး အင်တိုင်းတောစပ်မှာ ရပ်နေ၏။

မင်းမောင်က ဒေါ်သမပြေ။

'လွန်တာပေါ့ဗျာ။ ခင်ဗျားကားက ကျီကုန်းလွန်တယ်ဆိုရုံရှိသေး ဘီးကပေါက်တယ်။ စော်ဘွားရေရှင်မှာ ထမင်းစားတုန်း ကျုပ်က ဆီတွေ ဘာတွေ ကြည့်ထားဦးလို့ သတိပေးမှ ဆီမလောက်တာသိပြီး ဆီဖြည့်ခဲ့ရ တယ်။ ကြိုတင်ပြင်ဆင်မှုမှ မရှိဘဲ။ ဆရာဝန်သာ လုပ်စားရင် ခင်ဗျား ကုတဲ့ လူနာတွေ အလောင်းချင်းကို ထပ်နေမှာ'

'ဒါကြောင့်လည်း ဆရာဝန်မဖြစ်တာပေါ့ ဒေါက်တာကြီးရာ'

ဒရိုင်ဘာက ကားအောက်ငုံ့၍ ဂျိုက်ထောက်ဖို့ ကြိုးစားရင်း အသံ အစ်အစ်ဖြင့် တုံ့ပြန်လိုက်သည်။

'မရှိလို့ လုပ်စားတာပဲ။ ဖြည်းဖြည်းပေါ့ မင်းမောင်ရာ ဟဲ ...ဟဲ'

ကျော်သက်က အင်တိုင်းတောစပ်မှာ ရပ်နေသော နွယ့်ဆီသို့ မျက်လုံး များ ဝေ့ကြည့်ရင်း တဟဲဟဲ ရယ်နေသည်။

'အရေးထဲ မင်းအကြောင်း ငါမသိရင်ခက်မယ်။ ဟေ့ကောင် လင်းဇော်၊ ဒီ ငါမနိုင်မသားကို နဖားကြိုး တင်းတင်းဆွဲထားစမ်းကွာ'

မင်းမောင်က ကျော်သက်ကို ခြေဖြင့် တစ်ချက်မထိအောင် လှမ်းခတ် ရင်း အံကြိတ်သံဖြင့် တစ်ခွန်းဆဲလိုက်သည်။ ကျော်သက်က မျက်နှာမပျက် တဟဲဟဲရယ်ကာ နွယ်ရှိရာသို့ အပြေးတစ်ဝက် လှမ်းသွားသေး၏။ ပြီးမှ နွယ့်ဘေးမှဖြတ်ကာ အင်တိုင်းတော အတွင်းဘက်သို့ တိုးဝင် ကွယ်ပျောက် သွားလေသည်။

'အကျင့်ကတော့ အရင်အတိုင်းပဲ လင်းဇော်'

အတွင်းသိ အစင်းသိ သူငယ်ချင်းတွေမို့ ရယ်ချင်ပုံရှိသော်လည်း လင်းဇော်က နွယ့်ကို အားနာသနားနေသည်။

ခုမှမဟုတ်။

ခရီးဦးစကတည်းက။

မိမိတို့ကားဖြင့် မိန်းကလေးတစ်ယောက် အတူလိုက်ပါမည် ဆိုကတည်းက ...။

'နေရဋ္ဌရာတည်းခိုခန်း' ရှေ့မှာ ဂျစ်ကားကို စက်သတ်ရပ်လိုက်သည်။

ဘယ်သူမှ ကားပေါ်က မဆင်းဘဲ တည်းခိုခန်းဆီသို့ ငေးကြည့်ဖြစ်ကြ၏။ မျက်နှာစာဧည့်ခန်းမှာ လူတစ်ချို့ ရှိသည်။ ဖတ်လက်စ စာအုပ်ကို သိမ်းရုပ်ရင်း ထိုင်ခုံပေါ်မှ လှမ်းကဲကြည့်လိုက်သော အမျိုးသမီးတစ်ယောက်ကို မြင်သည်။

'ဒီမှာခင်ဗျာ...ခမ်းပတ်ကို လိုက်မယ့်ဆရာမဆိုတာ'

အမျိုးသမီးက ဖျတ်လတ်စွာ လှုပ်ရှားလိုက်သည်။ လျှပ်ပြက်သလို အပြုံးဖြင့် ကားဆီသို့ လှမ်းကြည့်ရင်း...

'ဟုတ်ကဲ့ ကျွန်မပါ'

ဝင်းလက်သောမျက်နှာ၊ နက်မှောင်ထူထဲသောမျက်ခုံး၊ မျက်တောင်အလှတို့ အဝေးကြည့်မြင်ကွင်းမှာပင် ထင်ရှားနေ၏။ ကားစပယ်ယာကလေးက ပစ္စည်းသယ်ရန် အပြေးတစ်ဝက် ခုန်ဆင်းသွားဆဲ လင်းဇော်က

မျက်နှာချင်းဆိုင် ကျော်သက် ထိုင်ခုံတန်းသို့ နေရာရွှေ့လိုက်သည်။ အမျိုးသမီး တစ်ယောက်တည်း တစ်ဘက်ခုံတန်းမှာ လွတ်လပ်စွာ ထိုင်ပါစေလေ။

'ဟေ့ကောင် လင်းဇော်၊ မင်းရှေ့ကို လာပါလား'

မင်းမောင်က လှည့်ပြန်လှည့်ပြီးခေါ်သည်။ လင်းဇော် ခေါင်းယမ်း လက်ခါ အမူအရာဖြင့် ငြင်းလိုက်သည်။

'အား ဘုရားသခင်ရဲ့ ကျေးဇူးတော်ပါပဲ'

ကျော်သက်ထံမှ အဆီအငေါ်မတည့်လှသော ရွတ်ဖတ်သံကို ကြားရ၏။ လင်းဇော် နားမလည်စွာ လှည့်ကြည့်မိတော့ ကျော်သက် မျက်နှာက စပ်ဖြဲဖြဲ။

'ဘာဖြစ်တာလဲ ကျော်သက်'

'အဟဲ့...ဟိုမှာလေ၊ ဖိဘီကိတ်စ်နဲ့တူသလိုလို၊ ဘရွတ်ခ်ရှီးလ်နဲ့ တူသလိုလို၊ နှစ်ယောက်ပေါင်းထားသလိုလို၊ ဟဲဟဲ ကိုယ်တို့ ကံမကောင်းဘူးလား'

'ဘာဆိုင်လို့လဲ'

"ဟူး မဆိုင်ရင်နေပေါ့ ကိုယ့်လူ၊ နောက်မှ ကန့်လန့်ကန့်လန့် ဝင် မရှုပ်နဲ့၊ ပြောထားပါပေရဲ့"

မင်းမောင် မျက်နှာရှုံ့သည်ကို ကားမှန်ထဲမှာ လှမ်းမြင်နေရ၏။ မင်းမောင်က ကားရှေ့မှန်ထဲမှတစ်ဆင့် သူတို့ကို စိုက်ကြည့်ရင်း နှုတ်ခမ်းမွေး လှုပ်ရုံမျှ တိုးတိုးပြောသည်။

'ကူပါကယ်ပါ၊ စောင့်ရှောက်ပါဆိုတဲ့ မျက်နှာထားမျိုးနဲ့ တွေ့သမျှ လူကို အောက်ကြို့ပြီး ကြုံသလို ခေါင်းငုံ့ လိုက်လျောသွားမယ့် မင့် ကယ်ရီယာ ကောင်မလေးတွေမျိုး မဟုတ်ဘူး ဆိုတာတော့ သတိထားနော်။ ဒါဆရာမ ကွ။ အဲဒါမမေ့နဲ့'

'ဆရာမပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ကားပေါ် မိန်းမတစ်ယောက် ပါလာရင် ငါတော့ပျော်တာပဲ'

'ဘူးပဲ'

ဟု တစ်ခွန်းဆိုကာ မင်းမောင်ပျစ်ပျစ်နှစ်နှစ်ဆဲသည်။

လင်းဇော်က မင်းမောင်ဆဲသံ သိပ်ကျယ်သွားသလားဟု စိတ်ပူပန်စွာ ကားနားရောက်လာပြီဖြစ်သော ဆရာမလေးကို ကွက်ခနဲ အကဲခတ် ကြည့်မိ၏။

ရှစ်ဘီးတပ် ယူအက်စ်ခရီးဆောင် သားရေသေတ္တာကြီးကို စပယ်ယာကလေးက ကားနောက်ခန်းသို့ တွန်းတင်လိုက်သည်။ ပြီးတော့ အိပ်ရာ လိပ်၊ နောက်ခန်းထဲမှာ လင်းဇော်၏ ဟင်းဘက်အိတ်၊ မင်းမောင်နှင့် ကျော်သက်တို့၏ ပစ္စည်းပစ္စယ အိတ်တို့အပြင် ကားသမား ဆရာတပည့် နှစ်ယောက်၏ အိပ်ရာလိပ် အထုပ်အပိုးတွေပါ ခြေချစရာ မရှိအောင် အပြည့်ပါလာသည်မို့ ဆရာမလေး၏ ပစ္စည်းတွေ နေသားတကျတင်နိုင်အောင် ကျော်သက်က ပြင်ဆင်နေရာချနေသည်။

'အဲ့ဟိုဘက်ကထိုင် ...ညီမ'

အတော် ပါးစပ်ရဲတဲ့ကောင်ဟု စိတ်ထဲက ချီးကျူးရင်း နှင်းဆီနက်ရေမွှေးနံ့ ယဉ်ယဉ်ကလေးကို တိတ်တခိုးရှူက်ရသည်။ မျက်နှာချင်းဆိုင် အနေအထားမှာ မျက်လုံးချင်းဆုံမိမှာ စိုးသေးသည်မို့ သေးမျှင်သော သားရေကြိုး ဖြူဖြူကလေးတွေ ယှက်သိုင်းထားသော ခြေခုံဝင်းမို့မို့ကလေးတွေဆီ အကြည့်ပို့ထားရ၏။

လျှော်အိတ်ဖြင့် စည်းနှောင်ထားသော အထုပ်အပိုးတွေပေါ် ခြေချဖိနင်းထားရသည်မို့ သူ့ခြေထောက်ကလေးတွေ အားနာဟန်၊ မရွံ့မရဲ လှုပ်ရှားဟန်ကို တွေ့သည်။

"အားမနာနဲ့ ညီမ၊ ခြေထောက်ရဲရဲတင်ထားပါ။ ဒီလမ်း ဒီခရီးမျိုးက လူကို သက်သောင့်သက်သာ အဖြစ်နိုင်ဆုံးထားပြီး သွားမှ၊ လွတ်လွတ် လပ်လပ်ထိုင်သာထိုင်၊ အနေကျုံ့စရာ ဘာအကြောင်းမှမရှိဘူးနော်"

ကျော်သက်က အာဝဇ္ဇန်းရွှင်ရွှင်နှင့် စကားရောဖွဲ့ရော လုပ်စပြု၏။

ဆရာမလေးက နှုတ်ခမ်းမပွင့်သော အပြုံးဖြင့် ခေါင်း တစ်ချက် ညိတ်ကာ ကျော်သက်ကို တုံ့ပြန်သည်။

ဆရာမလေးတစ်ယောက် ဖြစ်မှန်းသိပါလျက် 'ဆရာမဟု မခေါ်ဘဲ 'ညီမ ညီမ' ဟူသော စကားလုံးတွေ လှိုင်လှိုင်သုံးပြီး ကျော်သက်တို့ 'လုံး'တတ်ပုံကို လင်းဇော်အားကျချင်တင်တင်။

ကားစက်မနှိုးမီကတည်းက ကျော်သက်ခရီးထွက်ဖို့ အသင့်ဖြစ်နေ သည်။ မျက်လုံးကို မမြင်ရအောင် ပြဒါးသုတ်ထားသည့် နေကာမျက်မှန် အနက်တပ်ပြီးပြီ။ ဂျစ်ကားနောက်မှီ သံတန်းပေါ်မှာ ခန္ဓာကိုယ်ကို လေးဆယ့် ငါးဒီဂရီ ကိုက်ရုံ ခပ်လျှောလျှောမှီရင်း ဒူးထောင်ပေါင်ကားဖြင့် ထိုင်လျက် ရှိပြီ။

လင်းဇော်က မိမိတို့နှင့်အတူ လိုက်ပါတော့မည် ခရီးသွားဖော် မိန်း ကလေးကို အားနာသနားစိတ်ဝင်သည်။

'ဘာပဲဖြစ်ဖြစ် ကားပေါ်မှာ မိန်းမတစ်ယောက်ပါလာရင် ငါတော့ ပျော်တာပဲ'

ဆိုသည့် ကျော်သက်စကားတွေကို ကြားယောင်နေသည်။ သည်ကောင် ကတော့ ရမ်းကားသည့်နေရာမှာ နှစ်ယောက်မရှိ။

ယောကျ်ားချင်းပင် သြချယူရသည်အထိ။

မိန်းကလေးက လင်းဇော်၏ ဒူးများဖြင့် ထိတိုက်နေသော သူ့သားရေ သေတ္တာကြီးကို သူ့ဘက်သို့ အနည်းငယ်ဆွဲယူတော့မှ 'ရပါတယ်ခင်ဗျ' ဟု

ကယောင်ကတမ်း ပြောရသည်။

သေတ္တာငုံ့အရွှေ့တွင် အနည်းငယ်ငိုက်ယွန်းသွားသော မိန်းကလေး၏ လည်တိုင်အလှကို သတိထားမိသည်။ ချောကလက်ရောင် ပိုးစဖြင့် ဆံပင်တစ်အုံလုံးကို ရစ်ပတ်စည်းနှောင်ထားသည့်ကြားက ကုပ်သားပေါ် လွန့်လျှောကျနေသော ဆံလိပ်ကလေး တစ်ခွေနှစ်ခွေ၊ ကျစ်လျစ်သိုသိပ်စွာ ထုံးဖွဲ့ထားသော သူ့ယဉ်တစ်ကိုယ်လုံးမှာ သည်ဆံခွေကလေးတွေသာ မခို့တရို့ရှိမည် ထင်ပါရဲ့။

ရှားရင့်ရောင်လုံချည်၊ လည်တိုင်ရင်းအထိ ဇစ်များ ဆွဲစေ့ထားသော စစ်စိမ်းရောင်ဂျာကင် အင်္ကျီပွကြီးနှင့်မို့ သူ့ကိုယ်နေကောက်ကြောင်းကို မခန့်မှန်းနိုင်၊ သွယ်လျလေမလား၊ အနည်းငယ် တုတ်ခိုင်သူပေလား ခွဲခြားမရ။ ဆံပင်တစ်အုံလုံး မြုပ်အောင်ပဝါဖြင့် စည်းနှောင်ရစ်ပတ်ဟန်၊ အပွင့်အခက်အနွယ် အမျှင်မပါသည့် အရောင်မှိုင်းမှိုင်းကို ရွေးချယ်ဟန်၊ ဂျာကင်အင်္ကျီကို ဇစ်တစ်ဆုံးတင်၍ ဝတ်ဟန်တို့ကို လင်းဇော် သတိထားကြည့်မိ၏။

ကျစ်လျစ်သိပ်သည်းသော ခေတ်ပေါ်ဆင်ယင်ထုံးဖွဲ့မှုဟု ကျေနပ်ကြည်နူးစွာ ခံစားရသည်။ ကျော်သက်လို ကောင်တစ်ကောင်ရဲ့ မျက်စိအောက်မှာ စိတ်အနှောင့်အယှက် မကြုံရဘူးပေါ့ ညီမလေးရယ်။

စိတ်ထဲက ဦးတည့်ရာတွေးရင်း တကယ့်နှမငယ်လေး တစ်ဦးပမာ ကြင်နာသနားစိတ်တွေ ပွားစည်းလို့နေဆဲ။

ကားဘီးများ လိမ့်စပြုသည်။

ခရီးစပြီဟူသော အသိက ဖျတ်ခနဲဝင်၏။ ကလေး-တမူးခရီးစဉ်အစ၊ အကျင့်ပါနေသော လင်းဇော်က လက်ပတ်နာရီ မြှောက်ကြည့်လိုက်သည်။

နံနက်(၆)နာရီလေးဆယ်မိနစ်။

ပြီးတော့လည်း မေ့သွားမည်သာဖြစ်သည်။

သည်လိုနှင့် မနေ့က လေယာဉ်ဆိုက်ချိန်ကိုလည်း နာရီကြည့်ခဲ့ပါလျက် ခုမေ့ပြီ။

၂

အချိန်နာရီတွေ ကာလဒေသတွေကို အမှတ်ထင်ထင် မရှိတတ်သော လင်းဇော်က လူ့မျက်နှာစရိုက် အမူအရာ အလှုပ်အခတ်အရေးအခင်းတွေ ကိုတော့ အသိအမှတ်ကြီးသည်။

'ကျေးဇူးပြု၍ နားဆင်ပါရှင်။ မကြာမီ အချိန်အတွင်းမှာ ကျွန်မတို့ လေယာဉ်ဟာ ကလေးလေဆိပ်ကို ဆင်းသက်ပါတော့မယ်။ ခရီးသည်များ မိမိတို့ရဲ့ ထိုင်ခုံခါးပတ်များကို ပတ်ထားကြပါရန် ...'

လေယာဉ်မယ်၏ အသံချိုချိုကလေးကို တစ်ဝက်တစ်ပျက်သာ လင်းဇော် ကြားလိုက်၏။ သူ့အာရုံက လေယာဉ်၏ပြင်ပသို့ လွင့်ထွက်သွားသည်။

တစ်စစ ပီပြင်ထင်ရှားလာသော တိုက်တာအိမ်ခြေတွေကို မှန်ပြတင်းမှ ငုံ့စီးကြည့်မိ၏။ စိမ်းလန်းသော တောတောင်ရေမြေက မြို့ကွက်ကို အနားသတ်သည်သို့ ရှိသည်။

ရိပ်ခနဲ ရိပ်ခနဲ လေယာဉ်ဆင်းနေသည်ကို အသက်အောင့်ထားလျက်က နားထဲမှာ ဖောက်ခနဲ ဖောက်ခနဲ ပေါက်ကွဲသလို ခံစားရသည်။ နားစည်ကွဲပြီထင်ပါရဲ့။

ခေါင်းထဲမှာ ဝေဝါးလာသည်။ အာရုံတွေ မကြည်မလင်နှင့် မျက်စိအောက်မှာ အိမ်ခေါင်မိုးတွေ ပြေးတက်လာသလို အံ့အားသင့်သွားပြီး လေယာဉ်ဘီးနှင့် မြေကြီး ထိသည်ကို ဒုတ်ခနဲ သိလိုက်သည်။

ကြည့်စမ်း...လေယာဉ်ကွင်းက မြို့လယ်ကောင်မှာပါကလား။ အိမ်များ အလယ်ကို ဝေ့ခနဲ ထိုးဆင်းလာသည့် လေယာဉ်။

နာရီကို မှတ်မှတ်ရရငုံ့ကြည့်ဖြစ်သေး၏။ သို့သော် ကလေးလေဆိပ် ဟူသော စာတန်းကို ရိပ်ခနဲတွေ့လိုက်ပြီး လေဆိပ်အဆောက်အအုံရှေ့က လူအုပ်ထဲမှာ အနောက်တိုင်း ဝတ်စုံနှင့် မြင့်မြင့်မားမား လက်ပိုက်ရပ် နေသူတစ်ယောက်ကို မင်းမောင်များလားဟု ထင်လိုက်ကာ အာရုံတွေ ပြောင်းသွားသည်။

ဟုတ်မှာပါပဲ။

များသောအားဖြင့် အရပ်အမောင်းမြင့်လျှင် လူနေလူဟန် ခပ်ကိုင်းကိုင်း ဖြစ်ကုန်ကြသည်ချည်း။

မင်းမောင်တစ်ယောက်သာ အရပ်မြင့်သည့်ကြားက မားမားမတ်မတ် တောင့်တင်းစွာရပ်ပြီး ပတ်ဝန်းကျင် အရပ်ရှစ်မျက်နှာကို ငုံ့မိုးကြည့်တတ်သူ။ မင်းမောင်မတ်တတ်ရပ်ဟန်ကို ကျောင်းမှာကတည်းက လင်းဇော် အားကျ ဖူးသည်။ သူမို့ လက်ပိုက်ရပ်နေပြီဆိုလျှင် လောကဓံမုန်တိုင်း ရိုင်းချင်ရိုင်း၊ ကြမ်းချင်ကြမ်း မဖြုံတမ်း အံတုမည်သို့ ထင်ရ၏။ တော်တန်ရုံနှင့် တုန်လှုပ် ခြင်း မရှိ။ ပကတိ တည်ငြိမ်ဝံ့စားသော ယောကျ်ားတစ်ယောက်၏ ဥပမိရုပ် အပြည့် ရှိသည်။

လင်းဇော်တို့ကတော့ ဖီလင်သမားလေ၊ ထိခိုက်လှုပ်ရှားလွယ်သူလို့ ဝန်ခံရမည်။ ပျော်ရွှင်မြူးထူးသည့်အခါ ကမ္ဘာဦးအစက သံလွင်ရွက်ကို ကိုက်ချီပျံဝဲသည့် ချိုးငှက်ငယ်၏ ဦးခေါင်းလို ကောင်းကင်ပြာကို ထိုးဖေါက် မတတ်တက်ကြွဖူးပါရဲ့၊ ဆွေးပြီဆိုလျှင်လည်း ပခုံးပါးဝယ် ထိလုမတတ် ပင်။ လင်းဇော်က အစွန်းနှစ်ဖက်မှာ ဘယ်ညာကူးတတ်သူ။

ဒါကြောင့်လည်း ဆေးကျောင်းရောက်ခဲ့တာချင်းအတူတူ မင်းမောင်က

ဆရာဝန်ဖြောင့်တန်းစွာဖြစ်ခဲ့ပြီး ကိုယ်က ဒုတိယနှစ်မှာ ကတိမ်းကပါး တွေ့ကြုံခဲ့ရသည်။

ပထမတော့ ဂီတဝါသနာရှင် ကျောင်းသားတို့ အုပ်သင်းဖွဲ့မိခြင်း သက်သက်ပါပဲ။ မိန်းကလေးဆောင်တွေမှာ ကိုယ့်အစုနှင့် ကိုယ် လှည့်လည်ကာ ဂစ်တာတီးရင်း သီချင်းဆိုရင်းက သီချင်းဂီတနှင့် လုံးဝမပတ်သက်သော ကိစ္စရပ်တစ်ချို့မှာ စပ်စပ်စပ်စပ် ရောဖြစ်သည်။

သည်အခိုက်မှာ မမျှော်လင့်သော အခြေအနေတွေ ရှုပ်ယှက်ခတ်လာပြီး လင်းဇော် ပန်းတိုင်ပျောက်ခဲ့ရလေသည်။

သည်တုန်းကတည်းက မင်းမောင် သူငယ်ချင်းပီသခဲ့တာတွေကို လင်းဇော် နွေးထွေးနားလည်ခဲ့ရပါရဲ့။

သည်လိုပင် မားမားမတ်မတ် လက်ပိုက်ရပ်ပြီး အတတ်နိုင်ဆုံး ဖေးကူစောင့်ရှောက်ခဲ့သည့် သူငယ်ချင်း။

ကိုယ့်လမ်းကိုယ် တည့်တည့်လျှောက်သူ မင်းမောင်ကတော့ နယ်စပ်မြို့ကလေးတစ်မြို့မှာ ဆရာဝန်အဖြစ် အောင်မြင်လျက်ရှိပြီလေ။

လေယာဉ်တံခါးပွင့်သည်နှင့် အဦးဆုံးဆင်းမည့်သူက လင်းဇော် ဖြစ်နေသည်။

လေဆိပ်အဆောက်အအုံကို မျှော်ကြည့်လိုက်တော့ ဟုတ်ပါရဲ့ … မင်းမောင်မှမင်းမောင်၊ လက်နှစ်ဖက်ကို ကြက်ခြေယှက်မျှ ဝှေ့ယမ်း နှုတ်ဆက်နေသည်။

မင်းမောင်နှင့်ယှဉ်လျက် ဂျင်းဝတ်စုံနှင့်လူကလည်း မျက်မှန်နက်ကြီးကို ဖြုတ်လိုက်ပြီး ခေါင်းပေါ်မြှောက်ပြနေ၏။

အသေအချာကြည့်မှ ပြုံးထားသော နှုတ်ခမ်းတွေ နားရွက်ဆီ ချိတ်လု နီးပါးရှိသည်ကို မြင်ရကာ…

'ကြည့်စမ်း ...ကျော်သက်လဲ ပါလာတာကိုး ...'

အားပါးတရ စိတ်ထဲက ကျုံး၍ ဆဲလိုက်ရင်း လေယာဉ် လှေကား ထစ်တွေကို ဘယ်လိုနင်းပြီး ဆင်းခဲ့မိမှန်းမသိဘဲ မြေပြင်သို့ ရောက်လာ၏။

၀

နှင်းကြွင်းစနတို့ပါးလျားစ ပြုပြီကို ခုမှ သတိထားမိသည်။

မင်းမောင် နောက်ဘက်သို့ လှည့်ပြန်လှည့်ကာ...

'ဟော့ကောင် လင်းဇော်...နေကို ကြည့်လိုက်စမ်း၊ မင်း ဒီလိုနေမျိုး မြင်ဖူးရဲ့လားလို့"

သူညွှန်ပြရာသို့ ယောင်တိယောင်ကန်းဖြင့် လှမ်းမော့ကြည့်လိုက်သည်။ အိုဟုတ်ပါရဲ့၊ ကြည့်စမ်း...ငွေမင်စွန်းနေတဲ့ နေဝန်း။

လင်းဇော် အတွေ့အကြုံအရတော့ နေကို ပန်းသီးမှည့်လို နီနီရဲလျက်လည်းတွေ့ဖူးသည်။ ရွှေမှုန်ကင်းလို အရောင်အလျှံ ဝင်းဝင်းနှင့် မျက်စိကျိန်းစပ်စွာ မြင်ရဖူးသည်။ ဒါပါပဲ သည်နှစ်မျိုးပါပဲ။

"အေးကွ...နေထွက်တာကလဲ လသာနေတာနဲ့ တူပဲတူသေးတော့ကွာ"

'ဆွတ်ပျံ့စရာလေးတွေပေါ့ကွာ၊ မင်းဟိုတုန်းက ပြောလေ့ရှိတာလေ သတိရသေးလား'

နောက်ကြည့်မှန်ထဲမှာ ပြုံးထေ့ထေ့စိုက်ကြည့်နေသော မင်းမောင်

နှင့်အကြည့်ချင်းဆုံမိကာ သဲ့သဲ့ရယ်လိုက်၏။

ငယ်တုန်းကတော့ တစ်ရာသီပြီး တစ်ရာသီ ပြောင်းလဲရွေ့လျားနေသော ဩကာသလောက သဘာဝတရားတွေကို လင်းဇော်က မခွဲနိုင် မခွာရက်လောက်အောင် သံယောဇဉ်တွယ်ဖူးသည်လေ။

ညစဉ်လို မိန်းကလေးဆောင်တကာ လှည့်ပြီး ဂစ်တာတီးနေသူမို့ စာကျက်ဖို့၊ အတန်းမပျက်ဖို့ သတိပေးရသူကလည်း မင်းမောင်ပါပဲ။

ဒါကို ဆင်ခြေနှင့်ငြင်းဆန်ရင်း သတိပေးသူကိုပါ ပြန်ပြီး အဖော်ဆွယ်လိုက်သေးသည်။

'နှင်းဖွဲဖွဲအောက်မှာလမ်းလျှောက်ရင်း သီချင်းဆိုရတာ ဆွတ်ပျံ့စရာကောင်းတယ်ဗျ၊ ခင်ဗျားတစ်ခါလောက် လိုက်ကြည့်ပါလား"

'နေပါဦး...ဘာကဆွတ်ပြီး ဘာကပျံ့ရတယ်ဆိုတာ ရှင်းစမ်းပါဦး၊ ငါမသိလို့'

မင်းမောင်ကတော့ လင်းဇော်တို့ ခြေအေးဝမ်းရောင်အုပ်စုကို ဘယ်တော့မှ အားပေးအားမြှောက်မပြုခဲ့ချေ။ အိပ်မက်မှ အတန်တန်လှုပ်နှိုးခဲ့ဖူးသည်။

သို့သော် လင်းဇော်က ထွေပြားမြဲ။

မိုးသည်းသည်းစွေလျှင်လည်း ဆွတ်ပျံ့ချင်သည်။ နွေရွက်တွေ တဝဲဝဲကြွေတာ မြင်လည်း ဆွတ်ပျံ့ချင်သည်။

တစ်လောကလုံး ရှိရှိသမျှကို ဆွတ်ပျံ့စဖွယ်ချည်းမြင်ကာ တစ်ရာသီမပြတ် တစ်ရံမလပ်ဆွတ်ပျံ့နေ၏။

သို့ဖြင့်...

သြော် ...ခုတော့ ရယ်စရာပါပဲကွယ်။

မနေ့က ကိစ္စတွေကို ဒီနေ့ ပြန်တွေးလျှင် ရယ်စရာဖြစ်တတ်သည်လား...။

ဂျိုင်းခနဲ ခုန်ဆောင့်သွားသော အရှိန်ဖြင့် လင်းဇော် ယိမ်းယိုင်သွားသည်။ ရှေ့သို့ ပြိုလဲလုလု။ နီးရာကို လှမ်း၍ လက်ထောက်အားပြုထိန်းလိုက်ရသည်။

အားပြုထောက်ထားသော လက်ကို တော်တော်နှင့် ပြန်မရုပ်သာ၊ ကျင်းချိုင့် ထူပြောသော မြေလမ်းပေါ်မှာ ကားသည် ခလောက်ဆန်အောင် ခုန်ပေါက်ဆဲရှိ၏။

ယူအက်စ်သေတ္တာထောင့်စွန်း တစ်နေရာကို အားပြုဖိထားလျက်သားရှိသည်ကို သတိထားမိမှ လက်ကို နေရာရွှေ့ဖြစ်သည်။ မလိုအပ်ပါဘဲ ဘာကြောင့်များ အားနာစိတ်တွေ ဝင်လာရသည်မသိ။

ကိုယ့်ကြောင့် သူ့သေတ္တာ ခြေရာလက်ရာများ ပျက်သွားလေသလားလို့ စိုးရိမ်စိတ်များကလည်း မလိုအပ်ပါဘဲ တဖွားဖွားပေါ်လာသည်။ စောစောက ဖိခဲ့မိသောနေရာကို လက်ဖဝါးဖြင့် အယောင်ယောင် အမှားမှား ပွတ်သပ်မိသည်။

တိပ်ဖြင့် အုပ်ကပ်ထားသော အင်္ဂလိပ်စာတန်းကလေး တစ်ခုကို လက်ဖဝါးပြင် အတွေ့ကြောင့် ငုံ့ကြည့်မိလေသည်။

ပထမဆုံး စာလုံးပေါင်းကို 'နွဲ့' ဟု အသံထွက်ပြီး ဆက်ဖတ်ကြည့်တော့ . . .

'နွဲ့ဦးမွန်'

သူ့နာမည်ထင်ရဲ့၊ နောက်ဘက်စာလုံးနှစ်လုံးနှင့် တွဲစပ်ကြည့်တော့မှ ပထမစာလုံးပေါင်းကို 'နွယ်' ဟု အသံထွက်ချင် စိတ်ပေါ်သည်။

'နွဲ့ဦးမွန်' မဖြစ်နိုင်ပါဘူး။

'နွယ်ဦးမွန်' ပဲထင်ပါတယ်။ 'နွယ်ဦးမွန်'မှ အဓိပ္ပါယ်လည်းရှိ ပိုပြီးတော့လည်းလှ၊ ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ သီချင်းတစ်စလေ။

'နွယ်ဦးမွန်မို့ချစ်ထွတ်တင်သည်' တဲ့။

လင်းဇော်သည် ငယ်စိတ်ငယ်သွေးတွေ ပူနွေးလှိုက်ခုန်လာကာ 'နွယ်ဦးမွန်' ဆိုသည့် နာမည်ကလေးကိုပင် ဆွတ်ပျံ့စွာ ခံစားနေမိ၏။

ကိုယ့်ရင်ထဲ ခံစားနေမိတာတွေ၊ မင်းမောင်သာ သိလျှင် 'ငကြောင်' ဟု ဆဲကောင်းဆဲမည်။ 'သူငယ်နာ မစင်သေးပါလား လင်းဇော်ရာ' ဟု ကရုဏာတစ်ဝက်ဖြင့် ဆူပွက်ကောင်း ဆူပွက်မည်။ ဘာပဲဖြစ်ဖြစ် အပြုံးမပျက် နှုတ်ဆိတ်နေလိုက်ရုံပင်။ လင်းဇော်သဘောကတော့ "အနုပညာသမားတို့သည် ကလေးစိတ်မပျောက်သူများ ဖြစ်ကြကုန်၏" ဆိုသည့် အဆိုအမိန့် တစ်ခုကိုပင် ထောက်ခံချင်တင်တင်။

ကိုယ်က အစဉ်နုပျို ရွှန်းစိုနေသော နှလုံးသားဖြင့် လှုပ်ရှားသက်ဝင်နေတဲ့ ကောင်ပဲ၊ အနုပညာသမား၊ ဂီတသမား တစ်ယောက်ပေပဲ။

အသက်မွေးဝမ်းကျောင်းပြု၍ ရလောက်သော ဂီတပညာ တစ်ရပ်ကို လင်းဇော် ကျွမ်းကျင်ကျင်ကျင် တတ်မြောက်သည်။

ဂစ်တာတစ်လက်ရှိလျှင် သည်တစ်သက် လူလုပ်၍ ရပြီ ဟူ၍လည်း မိမိကိုယ်မိမိ ယုံယုံရဲရဲ ရှိသည်။ လင်းဇော်သာ ဂစ်တာပိုက်၍ ဝင်လာမည်ဆိုလျှင် မည်သည့် ထိပ်တန်းခေတ်ပေါ်တီးဝိုင်းကမဆို ဝမ်းမြောက်အားရ ကြိုဆိုကြမည့် အနေအထားမျိုးမှာ ရှိသည်ဆိုတာလည်း လင်းဇော် နားလည်သည်။

ပညာနှင့်ပတ်သက်လျှင် လင်းဇော်က ဝံ့စားရဲသလောက်၊ စိတ်ဓါတ်ကျဆင်းသိမ်ငယ်စေလောက်အောင် ဖန်တီးနိုင်ရက်လှသော အခြေအနေအရပ်ရပ်ကို ပြန်လည်သုံးသပ်မိလျှင် ပခုံးသည် အလိုလိုကျုံ့သည်ထက် ကျုံ့သွားသည် ထင်ရလေ၏။ ခေါင်းကိုငုံ့သည်ထက် ငုံ့ပစ်ချင်စိတ် ပေါ်သည်။

ဂစ်တာပိုက်၍ မမွေးခဲ့ရုံတမည်၊ လူမှန်းသိကတည်းက ဂစ်တာကို ဖက်ကာ ကြီးပြင်းလာရသည့် ဘဝပေးအခြေအနေကို ကျေးဇူးတင်ရမည်လား ...။

သို့သော် အဆိုတော် 'သက်ဦးခင်'၏ 'သား' ဖြစ်ခဲ့ရခြင်းကိုတော့ ရင်နင့်စွာ ခံစားနေရပါပြီ။

o

တကယ်တော့ အဆိုတော်သက်ဦးခင်ဘဝက စန္ဒရား လှိုင်းအောင်၏ ဇနီးမယားအဖြစ်သို့ စုတေစိတ်ကျဘဝတစ်ဖြစ်လဲခဲ့ရခြင်းကို စာနာမိပြန် တော့ပိုပြီး ကြေကွဲနာကျင်ရသည်။

'အမေ' ဆိုတာကို ဖျောက်ပစ်လိုက်ပြီး သာမန်အနုပညာသည်တစ် ယောက်နှင့်ပဲ လင်းဇော်စဉ်းစားကြည့်သည်။

တင်တင်မြ၊ ချစ်စံပယ်၊ သန်းသန်းဆင့်တို့နှင့် ခေတ်ပြိုင် ထွန်းတောက် ခဲ့ဖူးသော ကြယ်တစ်ပွင့် 'သက်ဦးခင်'။

သောတရှင်လိုရာ ဓာတ်ပြားခန်းမှ လည်းကောင်း၊ စစ်မြေမှ ချစ်ဆွေ တို့လိုရာ တေးသီချင်းကဏ္ဍမှလည်းကောင်း၊ ရုပ်ရှင် နောက်ခံသီချင်း ကဏ္ဍမှလည်းကောင်း၊ အခန်းကဏ္ဍပြောင်း၍ တစ်နေ့မပြတ် ထုတ်လွှင့် ပေးခြင်းခံခဲ့ရသော 'သက်ဦးခင်' ၏ ရွှေရောင်နေ့ရက်များစွာ ...။

ချိုပြုံးအသံထက်ပို၍နွဲ့သော သက်ဦးခင်၏ ထူးခြားသောဆိုဟန်ကို တတမ်းတတရှိသည့် သောတရှင်များစွာ။

**နှင်းအေးရွှေကြာစာပေ**

ရွှေရောင်တောက်ပနေသောကာလမှာ ကျော်ကြားအောင်မြင်သော မိန်းမတို့ ကြုံရမြဲဓမ္မတာအတိုင်း အိမ်ထောင်ရေး အဆင်မပြေမှုကို ခါးစည်းခံနေရ၏။

သည်တုန်းက လင်းဇော်ဆယ့်လေးနှစ်သားအရွယ် ကိုးတန်း၊ ဆယ်တန်း ကျောင်းသားဘဝမှာ အမေမျက်ရည်ကျတာတွေ၊ ရှိုက်ကြီးတငင် ငိုတာတွေကို မြင်ဖူးစပြုခဲ့သည်။

ထိန်းချုပ် ဟန်ဆောင်နိုင်လွန်းသော အမေ့ပင်ကိုယ်စွမ်းရည်ကြောင့် လင်းဇော် စိတ်အနှောင့်အယှက်သိပ်မဖြစ်လှဘဲ အေးချမ်းစွာ ပညာသင်ခွင့်ရခဲ့၏။ အဖေနှင့်အမေတို့၏ ပတ်ကြားအက်နေသော အိမ်ထောင်ရေး အခြေအနေကို လုံးဝမရိပ်စားမိဘဲ ဆယ်တန်းကို အမှတ်ကောင်းစွာနှင့် အောင်နိုင်ခဲ့သည်။ ဆေးတက္ကသိုလ် ဝင်ခွင့်ရခဲ့သည်။

ဆယ်တန်းဖြေပြီးစနှင့် ဆေးတက္ကသိုလ်မတက်မီ ကြားကာလများစွာ အားလပ်နေသော အချိန်တွေမှာ အိမ်တွင် အနေများလာတော့မှ တငွေ့ငွေ့ လောင်မြိုက်နေခဲ့သော အိမ်တွင်းမီးကို သတိပြုမိသည်။

တစ်နေ့...

အဖေနှင့်အမေ ခွန်းကြီးခွန်းငယ် စကားစစ်ပွဲနွှဲကြသည်ကို မျက်ဝါး ထင်ထင် တွေ့ဖူးသည့် ပထမဦးဆုံးအကြိမ်။

အမေက မင်္ဂလာဆောင်တစ်ခုသို့ သီချင်းသွားဆိုဖို့ ဝတ်စားပြင်ဆင် နေဆဲ ဖြစ်မည်ထင်သည်။

ရုံးမှ ပြန်ရောက်စ အဖေ့ကို ကားမောင်းပို့ပေးဖို့ ပြောမိသည့် အမေ့ အမှားက စလေသည်။

'မောင့်ကို စောင့်ရတာနဲ့ နည်းနည်းတောင် နောက်ကျနေပြီ' ဟူသည့် အမေ့အပြစ်တင်စောသံကိုကလည်း သည်းမခံချင်ဖွယ်။

ရင်းနှီးပွင့်လင်းသည့် လင်မယားလို သဘောထား ရှင်းနေလျှင်တော့လည်း ဘာမှအကြောင်းမဟုတ်၊ ခုတော့ နဂိုက အခံကလေးတွေ အငုတ်ကလေးတွေ ရှိထားသည်မို့…

'ဒီအိမ်မှာ မင်းကိစ္စတွေချည်း ရှိတာမဟုတ်ဘူးလေ။ လောကမှာ မင်းကိစ္စချည်း အရေးကြီးတယ် မမှတ်ပါနဲ့။ ငါလည်း အလကားကောင်မဟုတ်ပါဘူးကွ။ မိန်းမထဘီနား ခိုစားနေတဲ့ ငတုံးမဟုတ်ပါဘူးကွ။ ငွေစာရင်းအရာရှိတစ်ယောက်ရဲ့အလုပ်ကိစ္စတွေကလည်း အဆိုတော် တစ်ယောက်ရဲ့ ဗာဟီရလောက်တော့ အရေးကြီးပါသေးတယ်ကွ။ နေရာတကာ မင်းနောက်က တကောက်ကောက်လိုက်ပြီး ခစားမနေနိုင်ဘူး'

အမေ့မျက်နှာပေါ်မှာ အရိပ်အယောင်တွေ တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲ ဖြတ်သန်းသွားသည်ကို မြင်ရလေသည်။ အမေ မသိမသာ နှုတ်ခမ်းကိုက်လိုက်တော့ ရင်နှင့်မဆံ့အောင် မျိုသိပ်နေရသည့် ဝေဒနာတွေကို ခန့်မှန်းလိုက်မိသလိုရှိသည်။

'ဒါလောက်ထိအောင်တော့ သက်အပေါ် အထ,အန မကောက်သင့်ဘူးထင်တယ် မောင်၊ မောင်မအားဘူးဆိုရင် ရပါတယ်။ နေပါ။ သက်ဖာသာသက် မောင်းသွားပါ့မယ်'

'ကိုယ့်ကားကတော့ ရုံးကို တစ်ခေါက်ပြန်စရာရှိတယ်'

ဖေဖေ'ဂျစ်'ပြီဟု အတတ်သိလိုက်သည်။ အမေ့မျက်နှာ မည်းခနဲဖြစ်သွားပြီး မျက်လုံးတွေ စူးစူးလက်လက်အရောင်ထွက်လာ၏။

'ကိုယ့်ကိစ္စတွေ အရေးကြီးနေတယ်ဆိုတာ စိတ်ဝင်စားမယ့်လူ မရှိမှန်းသိရက်နဲ့ အိမ်ပြန်လာမိတာ။ ဘဝတူအရာရှိချင်း တိတ်တိတ်ကျိတ်သိမ်ငယ်နေရတဲ့အဖြစ်၊ အများအမြင်မှာတော့ ဦးခင်မောင်ဇော် ကတော်က အဆိုတော်သက်ဦးခင်ဆို…တဲ့။ ဟဲ…ဟဲ အထင်ကြီးလိုက်ကြတာ။ ဟဲ…ဟဲ

လူကို အရာရှိမှန်းမသိတဲ့ တစ်ချို့ကလည်း ဒါသက်ဦးခင်ရဲ့ ယောက်ျားတဲ့။ လူကို နာမည်ကျော် အဆိုတော်မတစ်ယောက်ရဲ့ လက်သပ်မွေး ဝက်ကလေးလို့ ထင်တဲ့လူက ထင်၊ ဟဲ...ဟဲ မသက်ဦးခင်ရယ် ကျုပ် အဖြစ်က 'နာ'လွန်းပါတယ်။ တော်ပါပြီ အေးအေးနေပါရစေတော့၊ သန့်သန့်လေး ...သန့်သန့်လေး'

အဖေ့စကားတွေ အကြာကြီး နားထောင်မိတော့မှ ကြည့်စမ်း မသောက်စဖူး အဖေသောက်လာပြီပေါ့။ မူမမှန်သော လေသံဟန်ပန်တွေနှင့် စကားထဲက ဇာတိပြလာသည်။

'အိမ်နဲ့မတူတဲ့ နေရာကြီးကို ပြန်ရမှာ ကြောက်လွန်းလို့ ကလပ်မှာ အချိန်ဖြုန်းပါသေးတယ်။ ကလပ်မှာကျတော့လည်း အဖော်မရှိ၊ ဘဝတူ အရာရှိတွေက အချိန်တန်တော့ အိမ်ပြန်ချင်တဲ့ လူချည်းပဲကိုး။ တော်ပြီဗျာ တဲ့ အိမ်ပြန်နောက်ကျလို့ မိန်းမက စိတ်ပူနေမယ်တဲ့။ ဟဲ...ဟဲ နားလည်ရဲ့လား ဒေါ်သက်ဦးခင်၊ ခင်ဗျားစိတ်ပူတာကတော့ ခင်ဗျားကိစ္စနောက်ကျနေလို့ ဟုတ်တယ်မဟုတ်လား'

'ဒါ သက်သက် အထ,အနကောက်တာ၊ ကျွန်မတို့ အိမ်ထောင်ရေးဟာ တစ်ခြားလူတွေရဲ့အိမ်ထောင်ရေးလို သာမန်အနေအထားမျိုး မဟုတ်ကြောင်း မောင်သိရက်နဲ့ သက်သက် ကတ်ဖွဲ့လုပ်တာ၊ အိမ်မှာ အလကား နေရစ်တဲ့ မိန်းမတွေကတော့ လင့်ကိစ္စတစ်ခုပဲ စောင့်အရေး သယ်နိုင်မှာပေါ့။ သက်က မောင့်လိုပဲ အလုပ်လုပ်နေတဲ့မိန်းမ၊ အိမ်ထောင့်ဝန်ကို ဦးပွဲ့ထမ်းနေတဲ့ မိန်းမ'

'ဟော့...တော်စမ်းကွာ။ ဘာအိမ်ထောင့်ဝန်ဦးပွဲ့ထမ်းတာလဲ။ ငါက တစ်ယောက်တည်း မနိုင်မနင်း ထမ်းနေတဲ့ကောင်မို့လား။ လူစဉ်မမီတဲ့ ကောင်မို့လား၊ မင်းနေတတ် စားတတ်ရင် ဒီမှာ မရွှေသက် သားတစ်ယောက်တည်း ရှိတာပါကွ။ ငါ့လခ ငါ့လုပ်စာ အေးအေးထိုင်စားလို့ ရပါတယ်။

မင်းဘာသာ မနေနိုင်လို့ သီချင်းထထဆိုနေတာ။ လူသူလေးပါးက ဟေးလား ဝါးလား ဟစ်အော်လက်ခုပ်တီးတဲ့ အရသာကလေးကို တမက်မောမော ဖြစ်နေတာ။ ဒါကိုမင်းဝန်ခံ၊ အိမ်ထောင့်ဝန် ထမ်းသလေး ဘာလေးနဲ့ ငါ့ကို သိက္ခာကျအောင် မစော်ကားနဲ့။ အေး ပညာနဲ့ ပိုက်ဆံရှာရတဲ့အလုပ်က 'လေ'နဲ့ ပိုက်ဆံရှာရတာလောက်တော့ မလွယ်ဘူး ပေါ့ကွာ။ ဘွဲ့နှစ်ခုနဲ့ ရင်းနှီးပြီး တစ်လလုံးရှာတဲ့ ငါ့ဝင်ငွေဟာ မင်းအတွက်တော့ တစ်ပွဲစာ 'လေ' နဲ့ ရှာသလောက်ပဲ ရှိမှာပေါ့။ လတ်တလော စန်းထနေတာလေးနဲ့ ဘဝင် မြင့်ပြီး ငါလိုကောင်ကိုတော့ ခွာရာချင်း မတိုင်းသင့်ဘူး မရွှေသက်၊ မင်းလို မိန်းမမျိုးကို ငါမို့ ရူးသလို ပေါသလိုလုပ်ပြီး သည်းခံပေါင်းနေတယ်မှတ်ပါ။

ဖွီး ...တေးသံရှင် သက်ဦးခင်တဲ့။ မိန်းမတစ်ယောက်လို ထားမရ တဲ့ မိန်းမ၊ မိန်းမအဖြစ်နဲ့ သုံးမရတဲ့ မိန်းမ၊ ရှိုးကေ့စ်ထဲ ထည့်ဖို့လောက်က လွဲပြီး...'

'ခွမ်း ...'

ဖေဖေ့အနားမှ ပန်းအိုးတစ်လုံး အစိတ်စိတ်အမွှာမွှာ ကျကွဲသည်ကို အထိတ်တလန့် မြင်လိုက်ရပြီး ဒေါသနှင့် ဆတ်ဆတ်တုန်နေသော အမေ့ မျက်နှာကို မမြင်စဖူး မြင်ရသည်။

အခိုးအလျှံရဲရဲ ပေါက်ကွဲနေသည့် မီးတောင်တစ်ခု၊ ချော်ရည်ပူများ လျှံကျသလို အတောမသတ် စီးဆင်းနေသည့် မျက်ရည်များ။

တစ်ခွန်းတစ်ပါဒမျှ တုံ့ပြန် ရန်စကားမဆိုတော့သော်လည်း ခွင့် မလွှတ်နိုင်တော့သော နာကြည်းခြင်း အထွတ်အထိပ်သို့ ရောက်ပြီကို သိသာ စေသည်။

ထိုနေ့က အမေ့အစီအစဉ် ပျက်ခဲ့သည်ကို မှတ်မှတ်ရရ ရှိ၏။

'ငွေတစ်ထောင် လက်လွတ်သွားတာကို မနှမြောဘူးသား။ ကတိတစ်ခု

ပျက်ရတဲ့အဖြစ်ကို ယူကျုံးမရတာ။ အလုပ်တစ်ခုမှာ အမေ့ဘက်က တာဝန် ပျက်ကွက်ရတာကို အမေရှက်တာ'

ရုံးတစ်ခေါက်ပြန်သွားရဦးမည်ဆိုသော အဖေက ကလပ်သို့ တစ်ပတ် ပြန်ရောက်သွားခဲ့ပြီး ဆယ်နာရီကျော်မှ မှောက်ပြန်လာသည်ကိုလည်း လင်း ဇော် အမှတ်ရသည်။ အဖေ့တပည့်တစ်ယောက်က အဖေ့လက်သုံးတော် မာဇဒါဘီခြောက်ရာ ကားကလေးကို မောင်းပြီး အိမ်တိုင်ယာရောက် လိုက်ပို့တော့ လင်းဇော်ကိုယ်တိုင် ထွက်ကြိုတွဲယူခဲ့ရလေသည်။

အမေက မော်၍ပင် မကြည့်။

ထိုအချိန်ကစပြီး အဖေ့ကိုအမေ ဥပေက္ခာပြုခဲ့သည်။ ဘာမှမဆိုင်သော တစိမ်းတစ်ယောက်နှင့် ခရီးသွားဟန်လွှဲ ကြုံကြိုက်နေရသလို သဘော ထားသည်။

မှန်ရာဝန်ခံရလျှင် လင်းဇော်က အမေ့သားအစစ်၊ အရွယ်ရောက်၍ တီးတာမှုတ်တာကလေးတွေ စနစ်ကျသည်ထက် ကျလာကာ ဂီတနှင့် ယဉ်ပါးသည်ထက် ယဉ်ပါးလာပြီမို့လည်း ဂီတလောကကို မြတ်နိုးစိတ် ဝင်ပြီး သံယောဇဉ်တွယ်စပြုချေပြီ။

အဖေမလိုလားနိုင်သော အမေ့ဘဝကို နားလည်နေသည်။ အမေ့ ဝေဒနာကို စာနာတတ်နေသည်။

အဖေ့ကိုယ်စား အမေအလုပ်လုပ်ရာနောက် တစ်ကောက်ကောက် လိုက်ပါဖို့ ဝန်မလေးချင်။ အမေခွင့်ပြုလျှင် တီးဝိုင်းထဲမှာပင် ဂစ်တာ တစ်လက်ကို ပိုက်ပြီး လိုက်ခဲ့ချင်၏။ ဆရာဝန် မဖြစ်ရလျှင်နေပါစေ။ အခွင့်အရေးချင်း လဲလှယ်ဖို့ အဆင့်သင့်။

သို့သော် အမေက ပညာရေးအဓိကတဲ့။ ဆရာဝန် မဖြစ်မနေ အား ထုတ်ရမတဲ့။

အဖေကလား ...

အဖေကတော့ အမေနှင့်တတွဲတွဲ အဖော်သဟဲဖြစ်နေသည့် သားမို့ တယ်ပြီး ကြည့်မရချင်တော့ဘူး ထင်ပါသည်။ ကြည့်ဖို့ အချိန်လည်းမရှိ၊ အိမ်မှာ အဖေ အနေနည်းလှသည်။

ရုံးမှာ၊ ကလပ်မှာ အချိန်ဖြုန်းရာက ကြာတော့ အဖေ့အတွက် နေနား စရာ အိမ်တစ်လုံး ရှာတွေ့သွားလေသည်။ ရင်ခွင်သစ်တစ်ခုဟု ဆိုရလေ မည်လား။

အေးလေ...မိန်းမလို သုံးလို့ရမယ့် မိန်းမတစ်ယောက်ကို အဖေ တွေ့ သွားတာပဲ ဖြစ်မှာပေါ့။ အဖေ့လက်အောက်က စာရေးမတဲ့။ မိအို ဖအိုကို လုပ်ကျွေးနေတဲ့ တစ်ဦးတည်းသော သမီးတဲ့။ အားကိုးရာရှာသူနှင့် အကိုး ကွယ်ခံချင်သူ အစပ်အဟပ် တည့်ကောင်းပါရဲ့ဟု အမေက ခပ်ပေါ့ပေါ့ပင် ထင်မြင်ချက်ပေးကာ အေးဆေးစွာပင် ကွာရှင်းပြတ်စဲပေးလိုက်လေသည်။

ပစ္စည်းများ ဆိုပြန်တော့လည်း သိပ်စကားမပြောကြရပါ။ အမေ့မှာ ရှိသမျှ ရွှေလက်ဝတ်လက်စားတွေကို အဖေက သူ့လုပ်စာနှင့်ဆင်ထားခြင်း မဟုတ်၍ စကားထဲထည့်မပြောသလို၊ အဖေ့ရာထူး အဖေ့အမည်နှင့် ဝယ်ခွင့် ရထားသော မာဇဒါ ဘီခြောက်ရာကားကလေးကိုလည်း အမေက လှည့် စောင်း၍မှ မကြည့်။

'သားကိုတော့ သားလို့ မှတ်ချင်မှတ်နိုင်တယ်။ ခေါ်တာ ပြောတာ ပေးတာ ကျွေးတာ မကန့်ကွက်ဘူး။ ဒါပေမယ့် ကျွန်မသားကို ကျွန်မ အုပ်ထိန်းမယ်။ ပြီးတော့ မယားစရိတ် တစ်ပြားတစ်ချပ်မှ မလိုချင်ဘူး'

သည်လိုနှင့် လင်းဇော်အဖို့ အမေသည်သာ တစ်ဦးတည်းသော မှီခို အားထားရာ မေတ္တာရင်ခွင်ဖြစ်ခဲ့လေသည်။

အမေက သူ့ရှိစုမဲ့စုဘဏ်ငွေကလေးကို ထုတ်ကာ လက်ရှိအိမ်အတွက် အဖေ့ကို တန်ဖိုးတစ်ဝက် အမ်းပေးလိုက်သည်။ ရှင်းရှင်းပြတ်ပြတ် လွတ်လပ်သော ဘဝသစ်ကို စတင်ခဲ့သည့် အမေ။

၁

နေပျော်ကျေနပ်လောက်ပြီဟု ထင်ခဲ့သည်။

သည်အိမ်ကြီးမှာ အဖေ့မရှိတော့ပြီဖြစ်ပေမည့် လင်းဇော်အဖို့ သိပ်ပြီး မခံစားရ၊ နဂိုတည်းက ရောထွေးယှက်တင် ကျွမ်းဝင်ရင်းနှီးစွာ နေလေ့နေထ မရှိခဲ့သော အဖေ့ကို တယ်ပြီး လွမ်းလွမ်းဆွေးဆွေး မရှိလှတာ အမှန်ပင်။

ပြီးတော့ မိမိမှာ အဖေဆုံးရှုံးရသည်ဟု မထင်၊ အဖေ ဘယ်မှာဆိုတာ သိသည်ပဲ။ အဖေဟာ ကမ္ဘာပေါ်မှာ သက်ရှိ ထင်ရှားရှိနေသည်ပဲ။

တကယ်ဆုံးရှုံးရသူကအမေပင်၊ အမေသာလျှင် ချစ်သူခင်ပွန်း ဆုံးရှုံးရသူ၊ လှပချောမွေ့သော အိမ်ထောင်ရေးတစ်ခု ဆုံးရှုံးရသူ။

အမေ ပင့်သက်ခိုးရှိုက်သည်ကို ရိပ်စားမိသော်လည်း အမေ့မာန အမေ့သတ္တိကို ယုံကြည်သူ လင်းဇော်က အနည်းငယ် စိတ်ထိခိုက်လိုက်ရုံ ကလွဲပြီး ပူပန်သောက မဖြစ်လှချေ။

အိမ်တွင်းပဋိပက္ခတွေ အပြီးတိုင် ချုပ်ငြိမ်းခဲ့ပြီဖြစ်သော သည်အိမ်ကြီး မှာ သားအမိနှစ်ယောက် မြတ်နိုးယုံကြည်နားလည်သော 'ဂီတ'ဖြင့် ချမ်းငြိမ်း

ရောင့်ရဲစွာ နေသွားကြမည်ပေါ့။

အမေက တေးဂီတလုပ်ငန်းတစ်ခုထူထောင်ဖို့ အစီအစဉ်တွေချသည်။

ပထမဆုံးတေးဂီတဝိုင်းတစ်ခု ဦးစီးတည်ထောင်ဖို့။

ဂီတလောကမှာ အမေယုံကြည် ကိုးစားအားထားသည့် အပေါင်းအသင်းတွေကို ရွေးချယ်စုစည်းကာ 'ရင်ခွင်လှိုင်း' တေးဂီတအဖွဲ့ကို အသက်ဝင်စေသည်။

တီးဝိုင်းခေါင်းဆောင်က 'စန္ဒရားလှိုင်းအောင်'။

အမေက ဦးဆောင်ပါသည်ဆိုမှတော့ အမေ့မျက်နှာ၊ အမေ့အရှိန်အဝါဂုဏ်သိက္ခာနှင့် မည်သည့်ထိပ်တန်းနာမည်ကြီး တေးသံရှင်မဆိုလိုအပ်သလို ကူညီမည့်သူများချည်း။

အမေကလည်း ထိုက်ထိုက်တန်တန်အနုပညာကြေးဖြင့် တုံ့ပြန်ဖို့လက်မတွန့်သူမို့ ဘယ်သူကမှ အမေ့အပေါ် ပွဲပြီးမီးသေ ဝတ်ကျေ တန်းကျေ သဘောမထားကြ။ ပြီးတော့ တီးဝိုင်းတာဝန်ခံ စန္ဒရားလှိုင်းအောင်ကလည်း တကယ်ထက်မြက်သည်။

သူ့ဘက်က တာဝန်ကျေကျေ ပံ့ပိုးနိုင်သည်။ အမာခံ ဝိုင်းကောင်းနှင့်ပရိသတ်အကြိုက်စူပါအဆိုတော်တွေ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် အုံလိုက်ကျင်းလိုက် ဝင်လာမှတော့ ဘယ်မအောင်မြင်ဘဲ ရှိလိမ့်မည်လဲ ...။

'ရင်ခွင်လှိုင်း' အသက်ဝင်လာသည်နှင့်အမျှ တစ်အိမ်လုံးသည် ဂီတနှင့်ရစ်ပွေ့ထားသလို နွေးထွေးနေသည်ဟု လင်းဇော် ခံစားရ၏။

တီးသံမှတ်သံ၊ သီဆိုသံတွေ၊ လေ့ကျင့်ပြင်ဆင်မှုတွေကြားမှာ လင်းဇော်ပါ ရောနစ်ပြီး အားသစ်တွေတဖွားဖွားဝင်နေသည်။

ဂစ်တာသုံးလက်ကို အလစ်ချောင်းနေကာ တစ်ယောက်ယောက်ပျက်ကွက်ဖို့ အမြဲဆန္ဒစောသည်။

'ဘယ်သူပျက်သလဲဟေ့၊ ဂစ်တာတစ်လက်လိုတယ်'

ဂီတမျိုးအသံ မဆုံးခင် ဂစ်တာကို ကောက်ကိုင်မိလျက်သား ရှိ၏။ ဘော့စ်လား၊ ရစ်သမ်လား ဖြည်းဆည်းဖို့အသင့်၊ လိဒ် တီးရဦးမည်လား။ စိန်လိုက်လေ။

အမေ မျက်စောင်းတခဲခဲရှိသည်ကို မသိကျိုးကျွန်ပြုကာ ဂီတမျိုးကို ကပ်၍ နှူးရသေး၏။

"ဘယ့်နှယ့်လဲ ဦးလှိုင်း၊ ဖြစ်တယ်မဟုတ်လား"

"ဖြစ်ပါတယ်ကွာ။ သိပ်ဖြစ်တာပေါ့။ မဖြစ်တာက မင်းအမေကွ"

"ဗျာ"

"မင်း ဝိုင်းထဲဝင်တာ မကြိုက်ဘူး။ ခေါ်မခိုင်းစေချင်ဘူး ကျောင်းစာ ထိခိုက်မှာစိုးတယ်တဲ့"

"အာ မထိခိုက်နိုင်ပါဘူးဗျာ။ ရပါတယ်"

"ရပါတယ် မလုပ်နဲ့လေကွာ။ မင်းတက်နေတာက ဆေးတက္ကသိုလ်၊ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ဆိုတာ လွယ်လွယ်နဲ့တော့ မရနိုင်ဘူး။ အာရုံမပျံ့အောင်တော့ ဂရုစိုက်ရမယ် လင်းရ"

ဦးလှိုင်းက အမေခေါ်သလိုပင် 'လင်း'ဟုခေါ်သည်။ ဒါကြောင့်လား မသိ၊ လင်းဇော်ကလည်း အမေ့ကို ချွဲ့သလို ချွဲ့ချင်စိတ် ပေါ်လေသည်။ အဖေ့ကိုပင် ဤမျှ တရင်းတနှီး မဆက်ဆံစဖူး။

"တီးရင်းမှုတ်ရင်း သီချင်းဆိုရင်းနဲ့ပဲ ဆရာဝန် ဖြစ်သွားကြတဲ့လူတွေ အပုံကြီးပါဗျာ။ ဦးလှိုင်းသိသားပဲ။ ပြီးတော့ ဒီလမ်းလိုက်နေတဲ့လူတွေ ခုလဲ တွေ့နေရသားပဲ။ စိုင်းခမ်းလိတ်တို့ စိုင်းထီးဆိုင်တို့"

ဦးလှိုင်းက ခွေးထွေးဖွယ် ရယ်သံတလွင်လွင်နှင့်...

"မင်းကိုတော့ မင်းအမေက ဆရာဝန်ပဲ ဖြစ်စေချင်တာကိုးကွ"

"ဖြစ်မှာပေါ့ဗျာ။ ဂစ်တာလည်း တီးချင်သေးတာပေါ့။ အမေ့ကို ပြော ပေးပါလား ဦးလှိုင်း ...ဟင်"

ဦးလှိုင်းက ရယ်ကျဲကျဲနှင့်ပခုံးတွန့်လေ၏။ နောက်တော့ အမေ မသိ မသာ စင်မြင့်ဖျော်ဖြေပွဲတစ်ခုစနှစ်ခုစ ခေါ်သွားပြီး နေရာပေးသည်။

တကယ့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းခွင်မှာ တစ်ကြိမ် နှစ်ကြိမ် တိုးဝင်ပြီဆိုတော့ ပင်ကိုတက်ကြွသော လင်းဇော်သည် ပန်းခတ်နေသော ပျားကလေးနှယ် မြူးထူးနေ၏။ အိမ်တွင် စုစည်းရောက်လာသော ဂီတ သမားတွေကြားမှာ သိသိသာသာ ယောက်ယက်ခတ်လာသည်။

ဒါကို အမေသည်းမခံနိုင်တော့ချေ။

'ငလင်း ... အိမ်မှာထားရင်တော့ ရှုတ်ရှုတ်ရှုတ်ရှုတ် ဖြစ်တော့မှာပဲ။ အတန်းတူသူငယ်ချင်းတွေ ရှိတဲ့အဆောင်ကို ကြွပေတော့။ စားရေး သောက်ရေး အကောင်းဆုံးဖြစ်အောင် အမေစီစဉ်ပေးမယ်။ ကျောင်း မှန်မှန်တက်၊ စာကြိုးစား၊ စာမေးပွဲမကျဖို့ အဓိက ဟုတ်လား။ သား ... အမေစိတ်ချမ်းသာစေချင်တယ် မဟုတ်လား"

နောက်ဆုံးမေးခွန်း တစ်ခုတည်းနှင့်ပင် အမေ့ကို မလွန်ဆန်နိုင် ရှိခဲ့ သည်။

ဂီတဝန်းကျင်မှ တကူးတကန့် ဆွဲထုတ်ပြီး ကျောင်းသားစစ်စစ် ဘဝ ထဲကို မရောက်အရောက်တွန်းပို့ခဲ့လေသော အမေ။

ရင်ခွင်အောက်က ဖယ်ထုတ်လိုက်ရ၍ထင့်၊ စားရေးသောက်ရေး ဒုက္ခမရောက်အောင်ဟုဆိုကာ ဖွယ်ဖွယ်ရာရာကလေးတွေ စီစဉ်ပြီး တစ်ရက်ခြား နှစ်ရက်ခြားပို့ပေးဖို့ ဝတ္တရား မပျက်ကွက်ခဲ့သော အမေ။

သို့ပေမယ့် လင်းဇော်က စားကောင်းသောက်ဖွယ်မက်သူ မဟုတ်၊ ဂစ်တာတစ်လက်နှင့်သာ ပွေ့ဖက်ကြည်နူးနေချင်သူမို့ လွတ်လပ်သော

အဆောင်နေကျောင်းသားဘဝမှာ ကျောင်းမှန်မှန်တက်ပြီး စာကျက်ဖို့တော့ ပျက်ကွက်ခဲ့သည်။

ကိုယ့်လို စိတ်တူသဘောတူ သူငယ်ချင်းတွေ ဆုံစည်းကြပြန်တော့ အဆောင်နေ ကျောင်းသားဘဝကို အရောက်နောက်ကျလေခြင်းဟု ထင်ရပြန်၏။

"ရင်ခွင်လှိုင်း"မှာ ပါဝင်လှုပ်ရှားခွင့်မရသည်ကို ဝမ်းမနည်းတော့ပြီ။ တက္ကသိုလ်နယ်မြေဝန်းကျင်တွင် ရင်ခုန်ဖွယ်ညဥ့်ဦးယံ ဂီတဖျော်ဖြေပွဲများ ရှိသည်ပဲ။

ဆွတ်ပျံ့ဖွယ်ကောင်းသော 'ဂီတည'များစွာကို လင်းဇော် မခွဲရက်မခွာရက် ဖြစ်လေပြီ။ အဆောင်ရှေ့အုတ်ခုံပေါ်မှ ဂီတဝိုင်းသည် အမေ့ "ရင်ခွင်လှိုင်း" ထက်ပိုပြီး နှပျိုလတ်ဆတ်လှစွာ၏။

ငွေလရောင်ဖုန်ဖုန်နှင့် နှင်းမှုန်မှုန်သာမောစွ ဂီတည များစွာကို အင်းလျားလမ်းပေါ်မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ခံစားလို့ မဝနိုင်ရှိသည်။

သက်တူရွယ်တူ ဘဝချည်းမို့ ဘာသာစကားချင်းလည်း နီးစပ်လေတော့ စွန့်စားခန်း အသစ်အသစ်များ လှုပ်ရှားစပြုလေသည်။

ရင်ခုန်ဖွယ် ဂီတသစ်ကို ဖန်ဆင်းကြရင်း ဒဿနတစ်ချို့ကို စိတ်ဝင်စားလာသည်။

သည်တုန်းက မင်းမောင် သတိပေး တားမြစ်ဖူးတာ ကောင်းစွာအမှတ်ရသည်။

'ဒါတွေဟာ မဆန်းပါဘူးကွ၊ မင်းတို့ မမွေးခင်တည်းက ဖြစ်နေတဲ့ လောကပဋိပက္ခတွေ၊ မင်းတို့သေသွားလဲ ဆက်ဖြစ်နေဦးမှာပဲ၊ လူဆိုတာ ရှိနေသရွေ့ လောကဆိုတာ တည်နေသရွေ့ လောကဓံရှစ်ပါးဆိုတာ

ကြုံမှာပဲပေါ့ကွာ။ မင်းမှာလိုအပ်တဲ့ ပြင်ဆင်မှုတွေ လုပ်ရဦးမယ်၊ ဘဝက မင်းကို ဆေးတက္ကသိုလ် တွန်းပို့ပေးလိုက်တာပဲ၊ ဆေးထိုးအပ်တစ်ချောင်းကို မင်းပိုင်ဆိုင်နိုင်ရမှာပေါ့၊ မင်းဆရာဝန်ဖြစ်ပြီးရင် လောကအတွက် တိုက်ပွဲဝင်စရာချည်းပါကွာ၊ မဆုံးနိုင်တဲ့ လူမှုတိုက်ပွဲတွေက တို့ကိုစောင့်နေမှာပါ။ ကိုယ်ကျိုးမရှာဘူး ...၊ စေတနာထားမယ် ဆိုရင် အတော်အသင့် လုံလောက်မယ်ထင်ပါတယ်။ အဲသလို ဆရာဝန်မျိုးဖြစ်လာဖို့ ခုချိန်မှာ ဇောက်ချကြိုးစားဖို့ပဲလိုတယ် သူငယ်ချင်း၊ ကိုယ့်ဘဝတစ်ခုကို မတည်ဆောက်နိုင်ရင် လောကရဲ့ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်လာမယ်၊ လောကအတွက် ဖြည့်ဆည်းဖို့ မင်းကိုယ်မင်း အရင်ဆုံးဖြည့်ဆည်းပါဦး’

လေရှည်ရန်ကောဟု စိတ်တိုမိဖူးသည်။ မင်းမောင် ပြောပြတာတွေကို မှားသည်ဟု ငြင်းဆန်ခက်သော်လည်း နားဝင်မချိခဲ့တာအမှန်။ အေးလေ ... အမှန်တရားဟူသည် ခါးသည်းပေတာပဲ။

တိမ်ယံကိုဖောက်၍ ပျံသန်းချင်သောငှက်ကလေး လင်းဇော် အတောင်ကျိုးခဲ့ပြီဟု ခုမှ ကိုယ့်ကိုယ်ကိုယ် သိသည်။ ကျောင်းမှ လက်မခံတော့ပြီ။

ဘယ်ကိုသွားမည် သူမသိ။

ဘယ်မှာနားမည် သူမသိ။

○

အမေ့ရဲ့ 'ရင်ခွင်လှိုင်း'ကို တမ်းတစွာ ပြန်လာဖြစ်သည်။ သို့သော် အမေ့ရင်ခွင်လှိုင်း မဟုတ်တော့၊ စန္ဒရားလှိုင်းအောင်၏ ရင်ခွင်လှိုင်း ဖြစ်နေပါပေါ့လား...။

အမေ့အိမ်ရောက်တော့ မမြင်ဖူးသည့် မျက်နှာစိမ်းမိန်းမ တစ်ယောက်က ညွှဲ့ဝတ်ပြုလေသည်။ အိမ်ဖော်ပါတဲ့။

"မင်းသားကြီးရဲ့ ရွှေရတုမွေးနေ့ပွဲဆိုလား၊ အဲဒီမှာတီးပေးဖို့ တစ်ဝိုင်းလုံးသွားကြတယ်၊ ကိုးနာရီလောက်မှ ပြီးမယ်တဲ့၊ စောင့်ချင်ရင် စောင့်ပါနော်"

"စောင့်ရုံ မကဘူးဟေ့၊ ငါ့အိမ်ငါနေဖို့ ပြန်လာခဲ့တာ" ဟု အော်ပစ်လိုက်ရကောင်းမည်လား ...

စိတ်ကသိကအောင့်ဖြစ်လှစွာပင် ညွှဲ့ခန်းမှာ ဖင်တကြွကြွ ထိုင်ရသည်။ အသင့်တွေ့ရသော ဓါတ်ပုံအယ်လ်ဘမ်ကြီးတွေကို အလုပ်မရှိအလုပ်ရှာ ဆောက်တည်ရာရနိုးနိုး ဆွဲယူလှန်လှောကြည့်ရသည်။

'ရော်...အမေ...ဘုရား...ဘုရား...အမေ့ရဲ့ မင်္ဂလာပွဲမှတ်တမ်း ဓါတ်ပုံတွေပါလား။'

အမေ့သတို့သားက ဦးလှိုင်း…ဦးလှိုင်း၊ စန္ဒရားလှိုင်းအောင်၊ အဆိုတော် သက်ဦးခင်။ ချိုလွင်သော အပြုံးများ၊ စထရင်း ဟိုတယ်ခန်းမ၊ ပြည့်သိပ် သော ပရိသတ်။

လှိုင်းစီးရသလို တရိပ်ရိပ် မှုးဝေလာသည့်ကြားက ဓါတ်ပုံတွေထဲမှာ နေ့စွဲကို ရှာဖွေကြည့်မိသည်။

မင်္ဂလာစင်မြင့် နောက်ခံကားချပ် ပါသော ဓါတ်ပုံအမြောက်အမြား ရှိသည့်မို့ ခဲခဲယဉ်းယဉ်း မရှာလိုက်ရပါ။ မင်္ဂလာနေ့စွဲသည် ထင်ထင် ရှားရှား။

ဩော် …တစ်နှစ်ကျော်ခဲ့ပါပြီလားဟု တွက်ဆသိရသည်။

ပလတ်စတစ်လောင်းပြီး အယ်လ်ဘမ်မှာ တွဲထားသော သတင်းစာ ကြော်ငြာဖြတ်ပိုင်းနှစ်ခု၊ လုပ်သားပြည်သူ့နေ့စဉ်နှင့် ကြေးမုံသတင်းစာ နှစ်စောင်၏ ခေါင်းစီးစာလုံးများကို ပူးတွဲညှပ်ထည့်ထားသည်။

တစ်ခုသော အယ်လ်ဘမ်၏ မျက်နှာပေါ်မှာတော့ သတင်းစာ အစောင်စောင်မှ ကြော်ငြာဖြတ်ညှပ်ကပ်များ။

ဂီတလောက မိတ်သင်္ဂဟများစွာ၏ မင်္ဂလာဆုတောင်းစာတွေ။

ငွေရတု၊ ရွှေရတု၊ စိန်ရတုသို့တိုင် ပေါင်းရစေသား…တဲ့။ ဩော်… ထိုက်ထိုက်တန်တန် မင်္ဂလာပွဲပါပဲဟု အမေ့အတွက် ပင့်သက်ချသည်။ သိက္ခာရှိရှိ လုပ်ကြတဲ့ ကိစ္စပဲလေဟု လူကြီးဆန်ဆန်တွေးသည်။

အမေဟာ ငါ့ကို ထိခိုက်အောင် ဘယ်တုန်းကမှ မရည်ရွယ်ခဲ့ဖူးဘူးဟု ယုံကြည်စိတ်ချသည်။

'အလံမရှိတဲ့ရထား' အဖြစ်ကို အမေ ဘယ်လောက်အထိ ရင်စည်း ခံခဲ့ရပြီလဲမှမသိ။ အသင့်လျော်ဆုံး အခြေအနေ အမေ ဖန်တီးခဲ့ခြင်း ဖြစ်လိမ့် မည်။

အမေနှင့် ဦးလှိုင်းတို့ လုပ်ငန်းပေါင်းစပ်မိကတည်းက အချို့ချို့သော

မျက်လုံးများ၊ နှုတ်ခမ်းများကို အမှတ်မထင် သတိထားမိသည်။ ပြောလည်း ပြောချင်စရာပေပဲလေ...

ဦးလှိုင်းကလည်း အမေ့လိုပင် အိမ်ထောင်ပျက်၊ တစ်ခုလပ်။

'လှိုင်းအောင်ရဲ့မိန်းမက စီးသောရေ ဖောက်သောကန်သင်းကွ'

ဟု မှတ်ချက်ပေးသံများ ကြားဖူးသည်။ ရှာပေးသမျှ ပေါ်ပေါ်သုံးရင်း လောင်းကစားဖက် ကျွံနစ်သွားသည့်မိန်းမ။ ဖဲဝိုင်းမှသည် ဂျင်ဝိုင်းအထိ နယ်ကျွံသွားပြီး လူမှုရေးဖောက်ပြန်မှုတွေ ကျူးလွန်လာသည်တဲ့၊ အကြိမ်ကြိမ် ခွင့်လွှတ် စည်းရုံးပြီးသကာလ မျှော်လင့်ချက် ကုန်ဆုံးပြီထင်သော အကြိမ်မှာ ဦးလှိုင်းက စတင်ပြီး ကွာရှင်းပြတ်စဲကြကြောင်း ကြေငြာခဲ့ခြင်း ဖြစ်သည်။

အဖြစ်ချင်း၊ ဘဝချင်းက အမေနှင့် ဆင်နိုင်လွန်းပါဘိ။ ပြီးတော့ ဦးလှိုင်းမှာ သားနှစ်ယောက် ရှိသည်။ မိမိနှင့် မတိမ်းမယိမ်း။ သူတို့ တစ်တွေကလည်း လင်းဇော်လိုပင် အမေနှင့် နေရစ်ကြသည်တဲ့။ မမေးကောင်း သော်လည်း တွေးကြည့်မိသလောက် ဦးလှိုင်းမိန်းမမှာ နောက်အိမ်ထောင် မရှိဘူး ထင်သည်။ အေးလေ...ဘယ်သူနဲ့မှ အတည်တကျ မယူဘူး ထင်ရဲ့...

"လိမ္မော်ရည်သောက်ပါ"

အိမ်ဖော်က သူကို ဧည့်သည်တစ်ယောက်လို ဧည့်ဝတ်ပြုနေသည်။

တကယ်တော့ သူ လိမ္မော်ရည်မသောက်ချင်၊ ညစာ ထမင်းစားချိန် ရောက်ပြီပဲ။

အိမ်ဖော်ကို "ထမင်းပြင်လိုက်ကွာ၊ ငါ ထမင်းပဲစားချင်တယ်" ဟု အမိန့်ပေးသင့် မပေးသင့် စဉ်းစားသည်။ ခိုင်းစေခွင့် ရှိမရှိ တွေးသည်။

ခဏတွင်းမှာပင် မလုံခြုံတော့သလို ခံစားရလေသည်။တစ်ယောက်တည်း ထိုင်နေသည့် ဧည့်ခန်းထဲမှာ မလွတ်မလပ် ရှိသည်။

တကြုပ်ကြုပ်မြည်သော ဝမ်းဗိုက်ကို အသာဖိရင်း လိမ္မော်ရည်ကို ငုံ့သောက်လိုက်၏ ဖန်ခွက်ကိုင်ထားသောလက်မှာ ကတုန်ကယင်။

အပြင်မှာ ကားစက်ရပ်သံတွေ အထိတ်တလန့် ကြားလိုက်ရသည်။ တကယ့်ကို တုန်လှုပ်သွားပြီး လက်ထဲကဖန်ခွက်ကို ကယောင်ကတမ်း ပြန်ချမိတော့ လိမ္မော်ရည်တွေ အဖိတ်ဖိတ်အစဉ်စဉ်။

ရယ်သံ မောသံ နှုတ်ဆက်သံတွေ ညိုးညိုးညံညံ ကြားရပြီး ခွာမြင့် ဖိနပ်သံ တဒေါက်ဒေါက် နီးကပ်လာသည်။ လွှာဖိနပ်သံ တဖျပ်ဖျပ်က စည်းနှင့်ဝါးလို တွဲဖက်ညီညီ။ သူတို့လာကြပြီ ...လာကြပြီ။

တံခါးဝသို့ လှိုက်ခုန်စွာ စောင့်စားကြည့်၏။ များစွာပြောင်းလဲခြင်း မရှိလှသော မျက်နှာနှစ်ခုကို လင်းဇော်က အလျင်ဆုံးမြင်သည်။

တစ်လှမ်းနှစ်လှမ်းလျှောက်ဝင်လာပြီးမှ တုံ့ခနဲရပ်သွားသော ခြေလှမ်းများ၊ အံ့အားတသင့် မျက်နှာနှစ်ခု။

ပြုံးရယ်ဖို့ ကြိုးစားမိသေးသည်လား မမှတ်မိတော့ချေ။

'အမေ' ဟု ခေါ်မည်ပြုပြီးမှ နှုတ်ခမ်းဝမှ အသံတွေ ပျောက်သွားခဲ့ သည့် အဖြစ်ကိုတော့ မမေ့။

"ဟာ...ဟော့ကောင်...လင်း" ဟု ဦးလှိုင်းက အလျင်ဆုံး အသံထွက်သည်။

ပြီးတော့မှ အမေ့အသံ။ "ဟယ်...သား" တဲ့။

ဒုတိယအသံ၊ အမေ့အသံ။ ဒုတိယအသံ ...။

၀

'ရင်ခွင်လှိုင်း'မှာ တစ်နေရာ။

သည်တစ်ခါတော့ ရင်ခွင်လှိုင်းမှတစ်ပါး မိမိအတွက် နေရာမရှိပြီဟု နားလည်ထားပါပြီ။

သည်မှာလည်း စင်စစ် နေရာလပ်ရယ်လို့တော့ ရှိသည်မဟုတ်။ သူ့နေရာနှင့်သူ လူကကွက်တိပင်။

ဦးလှိုင်းရဲ့ သားနှစ်ယောက်လုံး လင်းဇော်နှင့် မစိမ်းပါ။ လင်ပါသား တွေ မယားပါသားတွေ ဆိုသည့်အကြောင်းရင်းကို ဖျောက်ပြီး အလုပ်တူ လုပ်ဖော်ကိုင်ဖက်ပမာ ပွင့်လင်းရင်းနှီးစွာပါပဲ။ တစ်အိမ်တည်း အတူတူ နေကြပြန်တော့ မိသားစုပဲပေါ့။

လင်းဇော်က 'ဦးလှိုင်း' ဟု ခေါ်မြဲခေါ်သော်လည်း ဦးလှိုင်းသည် မိသားစု၏ အကြီးအကဲဖြစ်ချေပြီ။ ရင်ခွင်လှိုင်း၏ ဦးစီးခေါင်းဆောင် ဖြစ်လေပြီ။

အမေ့ကိုလည်း အတာနှင့်အပါတို့က 'အန်တီသက်' ဟုခေါ်သည်။

အန်တီသက်သည် သူတို့ နေသောအိမ်တွင် 'အိမ်ရှင်မ'။ ပြီးတော့ ရင်ခွင်လှိုင်း၏ ဝိုင်းဆရာကတော်။

မိသားစုအတွင်းမှာ အချင်းချင်းနားလည်မှု ထားနိုင်ပေမည့် ပတ်ဝန်းကျင်၏ သတ်မှတ်ချက်က ကွဲပြားနေသည်။

"စန္ဒရားလှိုင်းအောင်ရဲ့သားတွေလေ...စန္ဒရားလှိုင်းအောင်ရဲ့ သားတွေပေါ့" ဟူသော ရည်ညွှန်းချက်မှာက 'အတာ' နှင့် 'အပါ' တို့အတွက်သာ ဖြစ်လေပြီ။ 'အတာ'နှင့် 'အပါ'တို့သာ စန္ဒရား လှိုင်းအောင်ရဲ့သားတွေ ဟူသော ဝိသေသဖြင့် ဝိုင်းထဲမှာ ထင်ရှားသည်။ မိမိကတော့ အညတြ ဒေဝတာ။

"လိဒ်တီးနေတဲ့ ကောင်လေးလား၊ အဲဒါ သက်ဦးခင်က ပါလာတဲ့ သားလေ၊ ဟင့်အင်း ...ဆရာလှိုင်းရဲ့သားအရင်းက ဟိုချာတိတ်ကလေး နှစ်ယောက်ပါ၊ အဲဒါကတော့ ဟင်း...ဟင်း ...မယားပါသားပေါ့"

ကြားစက ထောင်းခနဲ ဒေါသဖြစ်ရသေးသည်။

သက်ဦးခင်ရဲ့သား၊ တော်ပြီပေါ့။ ဘာဖြစ်လို့ စန္ဒရားလှိုင်းအောင်ရဲ့ မယားပါသား ဖြစ်ရမှာလဲ။ ပြီးတော့...သက်ဦးခင်ရဲ့သားဆိုလျှင် ပြီး ပြည့်စုံပါလျက်နှင့် ဘယ့်နှယ်ကြောင့် သက်ဦးခင်က ပါလာတဲ့သားဟု ပြောချင်ကြပါသလဲ။

စေ့စေ့တွေးကြည့်ပြန်တော့ မိမိအဖြစ်မှာ ဘာမှအံ့သြစရာ မဟုတ်ပြီ။

အမေပင်လျှင် ဒုတိယနေရာသို့ ကျဆင်းခဲ့ရပြီပင်။

အမေတည်ထောင်ခဲ့သော 'ရင်ခွင်လှိုင်း' မှာ အမေသည် 'ဝိုင်းဆရာကတော်' ဖြစ်ရချေပြီ။

အမေ့ချွေးနည်းစာဖြင့် ဖန်တီးခဲ့သော သည်အိမ်ကြီးမှာပင် အမေသည် 'အိမ်ရှင်မ' သာ ဖြစ်ရချေပြီ။

'မိန်းမ' ဟူသော သဘာဝအားနည်းချက် တစ်ခုတည်းဖြင့် ဒုတိယနေရာသို့ လျှောဆင်းခဲ့ရသော အမေ့ဘဝ။

'ယောကျ်ား' ဟူသော သဘာဝအရည်အချင်း တစ်ခုတည်းဖြင့် ပထမနေရာမှာ ဟန်တစ်လုံး ပန်တစ်လုံး သီတင်းသုံးခွင့်ရခဲ့သော အကျိုးပေး။

'ဝိုင်းဆရာကတော်' ဖြစ်မှ 'အဆိုတော် သက်ဦးခင်'လည်း တစ်စစ ပွန်းရှမေးမှိန်ခဲ့လေပြီ။

ရင်ခွင်လှိုင်းမှာ အဆိုတော် သက်ဦးခင် တောက်ပနေဖို့ထက် ဝိုင်းကိစ္စအဝဝတွေ ထောင့်စေ့အောင် စီစဉ်ဆောင်ရွက်ရသော ဝိုင်းဆရာကတော် အလုပ်က ပိုပြီးအရေးကြီးလာသည်။

ကြာတော့လည်း အဖွဲ့သားတွေ အပါအဝင် ပတ်ဝန်းကျင် တစ်ရပ်လုံးက အမေ့ကို 'ဝိုင်းဆရာကတော်' အဖြစ် ရှေ့တန်းတင် အသိအမှတ်ပြုလာကြတော့သည်။ အဆိုတော် သက်ဦးခင် ဆိုတာကို တစ်စစ မေ့လျော့စ ပြုလာသည်။

ဝိုင်းဆရာကို ပညာရှင်အဖြစ် သတ်မှတ်ပြီး ဝိုင်းဆရာကတော် ကတော့ လုပ်ငန်းရှင်အဆင့်။ အဲလေ ...လုပ်ငန်းရှင်ကတော် အဆင့်။

ဩော် ...အမေကိုယ်တိုင် ဒုတိယနေရာသို့ လျှောဆင်းရပြီ ဖြစ်သည့် ပတ်ဝန်းကျင်မှာ အမေ့သားက ဘယ်လိုများ ရှေ့တန်းတက်ပြီး ထင်ပေါ်နိုင်မှာတဲ့လဲ ...

ပြီးတော့ ဝိုင်းထဲက လိင်ဒ်ဂစ်တာသမားရဲ့ လက်စွမ်းလက်စကို ရွေးချယ်ခံစားတတ်သူ ရှိဦးတော့ ...အရေအတွက် များနိုင်ပါ့မလား။

အဆိုးဆုံးမှာ အမေကိုယ်တိုင်က ဝိုင်းထဲမှာ လင်းဇော်ကို သိပ်ဦးစားမပေးချင်။ မဖြစ်၍ ချထားပေးရသောနေရာမှာ လင်းဇော်ကို အားမလိုအားမရဖြစ်နေမြဲ။

'ဒီလိုသာ ဂီတသမားဘဝနဲ့ အရိုးထုတ်သွားမယ်ဆိုယင်တော့ မင်းအဖေကို အမေရှုံးပြီလင်း၊ ဂီတနဲ့ ထူးချွန်လာမယ့်သားကို အမေမျှော်လင့်ပါတယ်၊ ဒါပေမယ့် မင်းအဖေလို ဘွဲ့ရ ပညာတတ်ကြီး တစ်ယောက်ဖြစ်အောင်တော့ အဓိကဖန်တီးပေးချင်တယ်သားရယ်၊ စာပေးစာယူ တစ်ခုခုပြန်တက်စမ်းပါ၊ ဘွဲ့တစ်ခုခုယူပြစမ်းပါ၊ အချိန်တွေ အများကြီးရှိပါသေးတယ် ၊ ဘွဲ့တစ်ခုခုရပြီးရင် ဂီတလောကထဲကို ကြိုက်သလိုဝင်ခဲ့၊ အနည်းဆုံး သက်ဦးခင်ရဲ့ သားအဖြစ်နဲ့ကို မင်းအတွက် လက်ကမ်းကြိုကြမှာပါ'

အမေ့ကို မလွန်ရဲသူမို့ တစ်ခွန်းတစ်ပါဒ ပြန်မပြောဖြစ်သော်လည်း ခေါင်းငုံ့ရင်း ပင့်သက်အကြိမ်ကြိမ်ချမိသည်။

မဖြစ်နိုင်တာတွေပဲ။

မလုပ်ချင်တာတွေ အမေတိုက်တွန်းနေတာပဲ။ လုပ်ချင်တာလုပ်နိုင်တာကို တွေ့နေရပါလျက် အမေက အတ္တကြီးမားစွာ ဆွဲထုတ်ဖယ်ရှားပစ်ချင်နေသည်။

အဖေနဲ့အမေတို့ ဇာတ်လမ်းက စခန်းသိမ်းခဲ့တာ ကြာပြီပဲ အမေရယ်၊ မေ့လိုက်ပါတော့။ ဇာတ်လမ်းသစ်တွေ ကိုယ်စီစလို့ ဘဝသစ်ကိုယ်စီ တည်ဆောက်နေကြပြီပဲ။

အမေ့မေတ္တာကို အကြွင်းမဲ့ယုံသလောက် အမေ့အတ္တကို ထိတ်လန့်ခြင်းကြီးစွာ ကြုံရသည်။

အမေ့ကို သား နားလည်နိုင်သလောက်၊ သည်သားကို အမေနား မလည်နိုင်ပါကလား ...။

အားလျှော့ အားငယ်ခြင်း အဖြစ်က သိမ်ငယ်ခြင်း အဆင့်သို့ လျှော့ကျမသွားရအောင် ကိုယ့်ကိုယ်ကိုယ် ကြိုးစားအားတင်းနေရသည်။ သို့သော်

ဘယ်လိုပင် အသင့်အတင့် နှလုံးသွင်းပေမယ့် ရပ်တည်လှုပ်ရှားနေရသည့် အနေအထားကို တစ်စစ ယုံကြည်မှု လျော့ပါးလာလေသည်။

ကိုယ့်နေရာ မဟုတ်ဘဲ ခဏဝင်ခို နားနေရသလို၊ ကိုယ့်အလုပ် မဟုတ်ဘဲ ခဏ ဝင်လှုပ်ရှားနေရသလို။ ပေါ့ပျက်လှသော ပစ္စုပ္ပန်များစွာကို ကျော်လွန်ရင်း အဓိပ္ပါယ်မဲ့သော အတိတ်တွေကို ချန်ထားနေရသည့် အဖြစ်၊ ဝေဝါးမှုန်သီ ပုံမပီသော အနာဂတ်ကို မျှော်ငေးရင်း လင်းဇော် ခွန်အားယုတ်စပြုသည်။

သည်လိုတုန်းမှာ အတာနှင့်အပါ ညီအစ်ကိုက စီးရီးထုတ်တော့မည်တဲ့၊ သီချင်းဆိုကြမည်တဲ့။

'စန္ဒရားလှိုင်းအောင်' ၏ ရင်သွေးများဟူသော ခေါင်းစီး ဖြင့်ကြော်ငြာ ဒီဇိုင်းတွေ၊ နံရံကပ်ပိုစတာကြီးတွေ ပလူပျံနေသည်။

တေးဂီတ…ရင်ခွင်လှိုင်း…တဲ့။

ရင်ခွင်လှိုင်း…

အမေ့ရဲ့ရင်ခွင်လှိုင်းကို ခြေကုပ်ယူပြီး နင်းတက်သွားကြတာပါပဲကလား။

အမေက ချွေးသိပ်စကားဆိုသည်။

"တစ်ကောင်မှ ဆယ်တန်းမအောင်ကြတော့ ဒီလမ်း တစ်ခုပဲ သူတို့အတွက် မျှော်လင့်ချက်ရှိပါတယ် လင်းရယ်၊ ဒါကြောင့် အချိန်ရှိတုန်း ဝိုင်းပြီးတွန်းပို့ရတာ"

အမေ့ကို မကြည့်စဖူး စူးစူးရဲရဲ ပြန်ကြည့်မိသည်။ မပြောစဖူး ရင်နာစကားပြောလိုက်မိသောနေ့။

"ကျွန်တော့်အတွက်တော့ အချိန်မရှိတော့လို့ တွန်းထုတ်တာလား အမေ၊ ကျွန်တော် ဟိုထဲမှာ နေခဲ့တဲ့ သုံးနှစ်လောက် ဘာတွေလုပ်နေခဲ့တယ်ဆိုတာ ပြောပြလို့ နားထောင်မယ့်လူ မရှိတာပဲ ကျွန်တော် ဝမ်းနည်းတယ်၊ သီချင်း

တွေ အများကြီးရေးခဲ့တယ်၊ သံစဉ်တွေ ကိုယ်ပိုင် အများကြီး ရခဲ့တယ်၊ ဒါတွေကို အမေ့ ပြန်ပြောပြနိုင်လောက်အောင်တောင်မှ အခြေအနေ မပေးခဲ့ဘူး၊ ကျွန်တော့်လုပ်သမျှ အမေစိတ်မဝင်စားခဲ့ဘူး၊ ကျွန်တော် စိတ်ကို ထားတတ်အောင် ကြိုးစားပါတယ်အမေ၊ အမေ့ကို ကျွန်တော် သင်ခန်းစာယူပါတယ်၊ တစ်ဘက်သားရဲ့ အောင်မြင်မှုကို ကြည်ကြည်နူးနူး မျှယူခံစားနိုင်ပါတယ်၊ ဒါပေမယ့် အမေရယ် သည်းခံနိုင်တဲ့ စွမ်းရည် ဆိုတာလဲ လိုတာထက်ပိုသွားရင် လူညံ့ပဲပေါ့၊ ကျွန်တော် နွားလောက်တော့ မညံ့နိုင်ပါဘူးအမေ၊ ရင်ခွင်လှိုင်းမှာ နွားတစ်ကောင် မဖြစ်ပါရစေနဲ့တော့ ...”

“လင်း...နင် ဘာတွေပြောနေတာလဲ”

ခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြီး အမေ့ရှေ့မှ ထထွက်ခဲ့သည်။

ပြီးတော့ ကိုယ်ပိုင်ပစ္စည်း အနည်းငယ်၊ ဂစ်တာ တီးခတ်ရသမျှ စုဆောင်းထားခဲ့သည့် ငွေစကြေးစကလေးတွေကို သိမ်းဆည်းထုပ်ပိုးပြီး အမေ့အိမ်မှ တိတ်ဆိတ်စွာ ထွက်လာခဲ့လေသည်။

၀

အဆောင်တစ်ခုမှာနေပြီး၊ ခင်ရာမင်ကြောင်း ဂီတအပေါင်းအသင်းတွေနှင့် ဆက်သွယ်ကာ၊ တီဝိုင်းတစ်ခုနှစ်ခုမှာ 'ချီကောက်' လိုက်တီးသည်။

ရင်ခွင်လှိုင်းနှင့် ခေတ်ပြိုင် နာမည်ရနေသော ထိပ်တန်းတီးဝိုင်းတစ်ခုနှစ်ခုက လင်းဇော်ကို အမာခံ ဝိုင်းတော်သားအဖြစ် လိုလိုလားလား ဖိတ်ကြိုကြပါ၏။

သူများဝိုင်းမှာ ဝင်တီးရမှတော့ ပင်တိုင်တီးရတာနှင့် ချီကောက်လိုက်တီးရတာ သိပ်မထူးလှပါဘူးဟု သဘောရသည်။ တစ်ကိုယ်တည်း သမားဘဝ၊ ငွေလည်းသိပ်မလိုလှလေတော့ လွတ်လွတ်လပ်လပ်ပဲ နေချင်ပေသည်။

ဖြစ်နိုင်လျှင် ကိုယ်ပိုင်ဝိုင်းတစ်ခုသာ ထူထောင်ချင်သည်။ သည့်ထက်ဖြစ်နိုင်လျှင်တော့ ကိုယ်ပိုင်သံစဉ်တွေ ကိုယ်ပိုင်သီချင်းတွေ ဖန်တီး ပြီး စီးရီးတစ်ခုပြီးတစ်ခု ထုတ်လိုက်ချင်ရဲ့...။

လင်းဇော်သည် စိတ်ကူးကွန်ယက်ကို မဟာဗန္ဓုလလမ်း လက်ဖက်

ရည်ဆိုင်မှာ အားတိုင်းလျှားတိုင်း ထိုင်ပြီး ဖြန့်ကြက်သည်။

ကိုယ့်လို အနာဂတ်ပျောက်ဆုံးနေသော လူငယ်အချင်းချင်း စကားဝိုင်းတွေ ဖွဲ့ဖြစ်သည်။

လူငယ်တွေမှာ အရည်အချင်း ရှိသည်။ ယုံကြည်ချက် ပြင်းပြသည်။ ကျရာဘဝကို အလိုက်သင့်အလျှားသင့် ကူးမောမနေချင်သော၊ ဟိုကွေ့အရောက် ဟိုတက်နှင့်လှော်၊ သည်ကွေ့အရောက် သည်တက်နှင့်လှော် ဆိုသည့် သဘောမျိုးကို သီးခါးသော လူငယ်အဖော်များနှင့် တွေ့ပြန်တော့ လင်းဖော် အားတက်စပြုလေသည်။

တချို့က ဂီတသမား၊ တချို့က စာပေသမား။

တချို့ကစီးရီးထုတ်ချင်သည် ငွေမရှိ။

တချို့က လုံးချင်းဝတ္ထု ထုတ်ချင်သည်။ ရင်ထဲက ဝေဒနာတွေ၊ ခေါင်းထဲက ဒဿနတွေကို ဝတ္ထုပုံသဏ္ဍာန်ဖြင့် သွန်ထုတ်ချင်စိတ် ပြင်းပြနေသည်။

လုံးချင်းဝတ္ထုသုံးလေးအုပ်စာမျှ ရေးပြီးသားစာမူတွေ အဆင်သင့်၊ ရာနှင့်ချီပြီး ရေးဖွဲ့ထားသည့် ကဗျာရတနာတွေ အမြောက်အများ။ သို့သော် ထုတ်ဝေသူမရှိ၊ ငွေမရှိ။

အရောင်ထွက်အောင် အကွက်ဖော်ပြီးသား ကျောက်မျက်ကို မျက်စိကျတတ်သလောက်၊ ကျောက်ရိုင်းကို အကဲဖြတ်နိုင်သူ ရှားပါးသော အနုပညာ စီးပွားရေးလောကမှာ ရွက်ပုန်းသီးကလေးတွေ၊ သည်လိုနှင့်ပင် ရင့်မှည့်ကြလေပြီ ထင်၏။

တချို့ကျပြန်တော့ ‘ငွေရှာဦးမည်’ဟု စိတ်ကူးပေါက်ကာ သင်္ဘောလိုက်ဖို့ပြင်သူက ပြင်သည်။ သင်္ဘောလိုက်ခွင့်ရလောက်အောင် လှေကားမထောင်နိုင်သူ တချို့ကတော့ ‘တာချီလိတ်’ သွားမည်တဲ့၊ ‘ကော့သောင်း’ သွားမည်တဲ့။

တာချီလိတ်တို့ ကျော့သောင်းတို့မှာ သွားရောက်လှုပ်ရှားနိုင်လောက် အောင်ပင် အရင်းအနှီးမရှိသူ တချို့ကတော့ အသည်းနှလုံးထဲက ရတနာ တွေကို ပွေ့ပိုက်ကာ မဟာဗန္ဓုလလမ်းတစ်ဝိုက်က ပလက်ဖောင်း လက်ဖက် ရည်ဆိုင် ခုံကလေးတွေမှာ ချိုပေါ့ကျသောက်ရင်း အာသာဖြေလို့ပေါ့။

သူများကသာ သဘော်ာလိုက်မည်၊ တာချီလိတ်သွားမည်၊ ကျော့သောင်း သွားမည်ဆိုသည့် အသံတွေ စီစီညံညံကြားရတော့မှ ဖြူန်းခနဲ မင်းမောင်ကို သတိရသည်။

သည်ကောင်ကြီး တမူးမှာရောက်နေတာပဲ။

၀

ငွေရှာချင်ရှာ၊ ရွှေရှာချင်ရှာ၊ အပျင်းပြေပဲလာလာ၊ လာဖြစ်အောင်သာ ဆက်ဆက်လာခဲ့ပါ သူငယ်ချင်း။

မင်းက မင်းကိုယ်မင်း 'ရင်ခွင်ပျောက်နေတယ်" လို့ စိတ်ဓာတ်ကျ တယ်ပေါ့၊ ဟုတ်ရဲ့လား လင်းဇော်။ လောကရင်ခွင်ဟာ လူလားမြောက်ပြီး ဖြစ်တဲ့ ယောကျ်ားတစ်ယောက်အဖို့ အကျယ်ကြီးပါကွာ။

တစ်ခုတော့ ရှိတယ်ပေါ့။ မှောင်ခိုပဲ ကူးကူး သဘော်ာပဲလိုက်လိုက် လောကရဲ့ အနှစ်သာရကိုတော့ ရှာတတ်ဖို့ လိုတယ်ကွ။

အေး ငါ့ကိုလဲတမူးမှာ ဘာတွေလုပ်နေသလဲလို့ မေးစရာရှိတယ်။ မင်းထင်သလို စီးပွားတော့မဖြစ်ပါဘူး။ လင်းဇော်၊ ဒါပေမယ့် ငါလုပ်ချင် တာတွေ လုပ်နိုင်တဲ့ အနေအထားမျိုးရှိလို့ ဒီမှာငါပျော်နေပြီ။

မင်း လူစွမ်းကောင်း တောပုန်းကြီး 'ရော်ဘင်ဟုဒ်' အကြောင်း ဖတ်ဖူး တယ်မဟုတ်လား ...ခေါင်းပုံဖြတ် အမြတ်ကြီးစားတဲ့ လူ့အဆီတုံးကြီးတွေ ဆီက ပစ္စည်းကို တွေ့တဲ့နေရာမှာ ဖမ်းသိမ်းပြီး၊ စားစရာမရှိတဲ့ ဆင်းရဲသား

တွေ ဝေငှပစ်လေ့ရှိတဲ့ လူကြီးလေ၊ အဲဒီဝတ္ထုကို ငါ ငယ်ငယ်တည်းက ကြိုက်တိုက်တိုက်ကွ။ ရော်ဘင်ဟုဒ်ဟာ ငါ့ကို 'အစွဲ' တစ်ခုလို ပူးကပ်ခဲ့လေသလားပဲ။

ငါတစ်ချိန်က ပြောဖူးခဲ့တဲ့ စကားတစ်ခွန်း မင်းသတိရဦးမယ် ထင်ပါတယ်။ လောကကြီးကို ကယ်တင်ဖို့ဆိုတဲ့စကားလုံးက ရင့်သီးလွန်းပါတယ်လို့၊ ပတ်ဝန်းကျင်ကို တတ်နိုင်သလောက် အလုပ်ကျွေးပြုဖို့၊ ဆာ့ဗ်လုပ်ဖို့အတွက် ကိုယ့်ကိုယ်ကိုယ် အလျှင်ဖြည့်ဆည်းဖို့ လိုတယ်လို့။ လူငယ်ကြိုက် စကားလုံးနဲ့ပြောရရင် မိမိကိုယ်ကို လက်နက်တပ်ဆင်ဖို့ လိုတယ်လို့လေ။

အေး ...ငါကတော့ ရှိတဲ့လက်နက်နဲ့ လူမှုပဋိပက္ခတိုက်ပွဲတွေ နွှဲနေရတာပဲ လင်းဇော်ရေ။ ငါ့နည်း ငါ့ဟန်တွေဟာ တစ်ပွဲတိုးဖြစ်ကောင်းဖြစ်မယ်။ ဒါပေမယ့် နေသာထိုင်သာတော့ ရှိသကွ။

ငါ့စိတ်ထဲမှာ မယုံကြည်တဲ့လူတွေကို 'ရိတ်' ရတဲ့အရသာ၊ ယုံကြည်စာနာတဲ့ လူများစုကို ဆာ့ဗ်လုပ်လို့ရတဲ့ အရသာ၊ အဲဒါတွေဟာ ငါ့အတွက်တော့ ဘာစည်းစိမ်နဲ့မှ မလဲနိုင်တဲ့ဘဝ အရသာတွေပဲ လင်းဇော်။

ငါဘယ်လိုတွေရိတ်လို့ ဘယ်လိုတွေ ဆာ့ဗ်လုပ်နေတယ်ဆိုတာ မင်းစိတ်ဝင်စားမယ်ဆိုရင် မင်းအခုခံစားနေရတဲ့ 'ရင်ခွင်ပျောက်ရောဂါ' အတွက် ဆေးတွေ့လိမ့်မယ်ထင်ပါတယ်။

အနည်းဆုံး စိတ်ပြေလက်ပျောက်ပဲဖြစ်ဖြစ်ပေါ့ကွာ။ လာဖြစ်အောင်လာပါ။ လေယာဉ်နဲ့လာ၊ ကလေးကို တို့ လာကြိုမယ်။ တို့ဆိုတာ ငါနဲ့ ကျော်သက်လေ။ ကျော်သက်ဆိုတဲ့ ကောင်ကျတော့ ...။

○

စကားပြောလျှင် လေရှည်ကြီးပြောတတ်သော မင်းမောင်သည် စာရေးရာတွင်တော့ ပိုပြီး တဖွဲ့တနွဲ့ရှိလေ၏။ ရှည်လျားသော မင်းမောင်၏ ပြန်စာကြီးကို အားပါးတရ ဖတ်ရင်း သူငယ်ချင်းအဖြစ် ပိုပြီး နွေးထွေးလာသည်။

ဘဝဆိုတာ ရေမြှုပ်ဟု ယူဆပြီး ပျော်သလိုနေတတ်သော ကျော်သက်ကို ခုမှသတိရသည်။

ကျောင်းမှာ ပထမနှစ်တွင် ဆုံခဲ့ရသော ကျော်သက်၊ ပထမနှစ်ပင် အောင်အောင်မြင်မြင် မရှိလိုက်ဘဲ ကျောင်းမှ ထွက်သွားခဲ့ရသော ကျော်သက်။ ဘယ်လိုရည်ရွယ်ချက်နှင့် ဆေးကျောင်းတက်လာသည် မသိချေ။

ပိုက်ဆံတတ်နိုင်တာနှင့် ဆယ်တန်းမှာ အောင်မှတ် ကောင်းခဲ့တာနှစ်ခုကြောင့်က လွဲပြီး ဘာရည်ရွယ်ချက်မှ မရှိခဲ့ဘူးထင်သည်။

ကျောင်းရောက်တော့ ဗရုတ်ဗရက် ပျက်ချင်တိုင်းပျက်လေပြီ။ စည်းပျက်ကမ်းပျက် အတန်းပျက်၊ ဆေးကျောင်း ရာဇဝင်မှာ ကျော်သက်လောက်

ပျက်ချင်တိုင်းပျက်ခဲ့တာမျိုး မရှိခဲ့ဘူးထင်သည်။ ဘာတစ်ခုမှ အလေးအနက် မထား။ သူမို့ကျောင်းထွက်ရပြီဆိုတော့လည်း ပျော်ပျော်ပင်။

သူ့ကို ပျော်တတ်တာ၊ ခင်တတ် မင်တတ်တာနှင့်ပဲ သဘောကျစရာ သူငယ်ချင်းတစ်ယောက် ဖြစ်ခဲ့ရသည်။

ကျော်သက်က ...

'ဟေ့ ကိုယ်တို့က ကလေးကျေးတောင်ညိုသားကွ'

ဟု သူ့ကိုယ်သူ ခပ်ကြွားကြွား ကြေညာတတ်လေသည်။

ကျောင်းစာထက် အပြင်စာအဖတ်များသော မင်းမောင်က ...

'ကလေးကျေးတောင်ညို...ဟုတ်လား၊ နေပါဦး ဒီနာမည် ငါကြား ဖူးပါတယ်'

မျက်မှောင်ညို့၍ အတန်ကြာ မရမက စဉ်းစားပြီးတော့

'ဩော် ဒီလို...ဒီလို ...ဦးကုလားရာဇဝင်မှာ ငါဖတ်ဖူးတာ တကောင်း ခေတ် ပထမ ရှင်ဘုရင် အဘိရာဇာ ရှောသွားတော့ သားတွေဖြစ်တဲ့ ကံရာဇာ ညီနောင် နန်းလုကြပါရောလား။ တဲနန်း အပြိုင်အဆိုင် ဆောက်ကြတယ်လေ။ အရင်ဆုံး ပြီးတဲ့လူက ဘုရင်လုပ်ကြေးပေါ့။ အဲဒီနေရာမှာ ကံရာဇာငယ် ဆိုတဲ့ ချာတိတ်က တွေ့ရာသစ်တိုဝါးစ ဆွဲလွဲပြီး တစ်ပွဲထိုး ပြီးကပစ် တဲနန်းဖြစ်ပြီးရော ဆောက်ပြလိုက်တာ ညတွင်းချင်း အထမြောက်လို့ မင်း မြောက်ခံရတယ်လေ။

'စနစ်ဇယား စီမံကိန်းတွေချပြီး အခိုင်အမာ နန်းတော်ကြီးဆောက်ဖို့ ကြိုးပမ်းတဲ့ ကံရာဇာကြီးခမျာမှာတော့ ထုကြီးထည်ကြီး အုတ်မြစ်ချရင်း တစ်မိုးလင်းသွားလို့ မင်းအဖြစ် လွှဲခဲ့ရတဲ့အကြောင်း။

'အဲ...အဲဒီမှာ ရေးထားတာက တကောင်းအဘိရာဇာ လွန်သော် သားတော်အငယ် ကံရာဇာငယ် နန်းတက်၏။ ကံရာဇာကြီးမူကား တကောင်း

မှ ခွာကာ ကလေးကျေးတောင်ညိုကို ရာဇပြိုဟ်သမုတ်၍ ခြောက်လ ဗိုလ်ဝင်ခံတော်မူ၏။ ဂစ္ဆပနဒီမြစ်အရှေ့ဘက် ကျောက်ပန်းတောင်းမြို့ကို တည်ထောင်တော်မူ၏။ ဧညဝတီမြို့ဟောင်းကို သိမ်းယူ၍ တောင်စဉ် ခုနှစ်ခရိုင်မှာ ထီးနန်းမြို့ပြထပ်ပြု စံနေတော်မူ ၏...တဲ့။ အဲ့ ...အဲဒီကလေး ကျေးတောင်ညို မင်းတို့အရပ်လား...ဟုတ်လား၊ သောက်ကျိုးနည်းပါရဲ့ကွာ၊ အလာလာ မင်းကျမှပျက်ပါ ရော ကျော်သက်ရာ'

မင်းမောင်စကားဆုံးတော့ ကျော်သက်က အိပ်မောကျဟန် ဟောက်သံပေးပြသည်ကို လင်းဇော်တို့တစ်တွေ ပွဲကျခဲ့ကြသေး၏။

မင်းမောင် 'ပေရှည်ရိုက်' တတ်သည်ကို ဒိုင်ခံသရော်တတ်သော ထေ့ငေါ့တတ်သော ကျော်သက်။

ခုတော့ ကျော်သက်ကိုအကြောင်းပြုပြီး မင်းမောင် ထိုဒေသမှာ အခြေချမိနေလေပြီ။

ဒေသခံကျော်သက်ထက် မင်းမောင် ပိုပြီး အခြေခိုင်နေပြီ ထင်ရသည်။

နယ်စပ်မှာ စီးပွားရေးလုပ်ငန်းကိုင်ငန်း ကောင်းတတ်သည်ဟု လင်းဇော် ကြားဖူးနားဝရှိလေသည်။ စီးပွားရေး လုပ်ရကောင်းလေမလားဟု မင်းမောင် ထံ စာရေးဆက်သွယ်ပြီး တီးခေါက်ကြည့်မိသည်။

မင်းမောင်ထံမှ သူ့ထုံးစံအတိုင်း စာရှည်ကြီးတစ်စောင် ပေရှည်ရိုက် ပြီး ပြန်လာတော့ လင်းဇော်မှာ လိပ်ပြာမလုံတော့ ငါ သိပ်အတ္တကြီးနေ ပြီလား။ ငါသိပ်ကျဉ်းမြောင်းနေပြီလား ...

အေးလေ...ငါ့ ရင်ခွင်ပျောက်ရောဂါအတွက် ဆေးမတွေ့ဘူးဆိုတောင် မှ အနည်းဆုံးစိတ်ပြေလက်ပျောက်တော့ ရှိကောင်းပါရဲ့။

ဝ

ဒိုင်းခနဲ မဆောင့်မိခင် ရှေသို့ ငိုက်ကျသွားသည်ကို သိ၏။ ကိုယ်ကို လုံးဝ ထိန်းမထားနိုင်တော့။

ငြိမ့်ခနဲ ညွတ်ပြောင်းရွှေ့စောင်းသွားသော ယူအက်စ်သားရေ သေတ္တာ၊ မျက်နှာအပ်လျက်သား မှောက်ခုံကြီးဖြစ်နေသည့် ကိုယ်ခန္ဓာ။

နဖူးနှင့်ပါးရိုးစပ်မှာ နာသယောင် ရှိသော်လည်း အမြန်ဆုံး ကုန်းထ, လိုက်ရသည်။ နာတာထက် ရှက်တာက အဆများစွာပို၏။

သို့သော် ကြာကြာရှက်ချိန်မရလိုက်၊ ထိန်းမတ်၍ မရနိုင်လောက်အောင် ဟန်ချက်လွဲနေသည့်အနေအထားကြောင့် ပြာဝေမှုန်သီဆဲ မျက်လုံးတွေကို တအားဖြဲကြည့်ရသည်။

ရော...ဂျစ်ကားက တစ်ခြမ်းစောင်းကြီး မောင်းနေတာပါကော။

ရှေ့နောက် ဘီးတစ်ဖက်က ခါးစောင်းလောက်နက်သည့် ချောက်ထဲမှာ။ အထက်တစ်ဝက်အောက်တစ်ဝက် အနေအထားနှင့် ရွှေ့သည်ဆိုရုံကလေး လိမ့်နေသော ဘီးများ။

လေးဆယ့်ငါးဒီဂရီ ကိုက်ရုံကလေး စောင်းနေသည့် ဂျစ်ကား၊ တစ်ဒီဂရီလောက်များ ပိုစောင်းသွားလျှင် . . .

မှောက်တော့မှာပဲ... မှောက်တော့မှာပဲဟု ရင်ထဲမှာ ထိတ်ခနဲ ပျာခနဲ ဖြစ်သည်။

'မျက်နှာထိသွားသေးလား လင်းဇော်'

မှောက်ထိုးပင့်လှန် ခလောက်ဆန်နေသော ကားထဲမှာ ကျော်သက်က အော်မေးလိုက်သည်။ လူတိုင်းနီးရာကို အားပြုဆုပ်ကိုင်ရင်း မိမိကိုယ်ကို အနိုင်နိုင်ထိန်းနေကြသည်မို့ တစ်ယောက်ကိုတစ်ယောက် သိပ်အရေး မသယ်နိုင်အား။

'မထိပါဘူး၊ ရတယ် ကျော်သက်'

ကျော်သက်ကို တုန့်ပြန်ဖြေရင်း မျက်လုံးချင်း ဆုံမိနေသည့် မိန်းကလေးကို ရှက်ပြုံးပြုံးလိုက်ရသည်။

မိန်းကလေးက သူ့နဂိုမျက်နှာဖြင့် စူးစူးစိုက်စိုက် ကြည့်မြဲကြည့်ကာ...

"ဘယ်ဘက်မျက်ခုံးအစပ်မှာ နည်းနည်းပွန်းသွားတယ်။ရောင်မလာခင် လက်ဖဝါးနဲ့ တအားဖိပေးလိုက်'

လင်းဇော်က ကယောင်ကတမ်း မျက်ခုံးစွန်းကို လက်ဖနောင့်ဖြင့် ဖိလိုက်သည်။ ပူနွေးသော လက်ဖဝါးအတွေ့ကြောင့် စပ်ဖျင်းဖျင်းအနာ သက်သာသွားသလိုရှိ၏။

ကျပ်ထုပ်ထိုးသကဲ့သို့ သဘောပဲဟု စဉ်းစားမိကာ ကျေးဇူးရှင်မလေး နွယ်ဦးမွန်ကို လှမ်းကြည့်မိတော့ မျက်နှာချင်း မဆုံနိုင်တော့ပြီ။

ထိုင်ခုံနောက်မှီသံတန်းတွေကို တင်းတင်းဆုပ်ရင်း တစ်ခြမ်းစောင်းကြီးမောင်းနေသည့် ဂျစ်ကားလမ်းကြောင်းကို ငုံ့ကြည့်နေသည်။

သူထိုင်နေသည့်ဘက်က အနိမ့်ပိုင်း၊ သူထိုင်ရာဘက်သို့ စောင်းနေ

သည်မို့ သူက ပိုပြီးအနေရ အထိုင်ရ ခက်ရှာမည်။

တစ်ခြမ်းစောင်းအနေအထားက မညီညာသော နိမ့်မြင့် ကမူတွေကို ဘီးလိမ့်အတက်အကျတွေမှာ ရင်ထဲ ဟိုက်ခနဲ ဟိုက်ခနဲ၊ ခေါင်းထဲ မိုက်ခနဲ မိုက်ခနဲ။

"ကားဆရာ...ကားဆရာကြီး"

ကားစက်သံ တဝူးဝူး၊ လေတိုးသံ တဟူးဟူးကြားက ထွင်းဖောက်လာသော ခေါ်သံ။

လမ်းမဟုတ်သည့် ကျင်းချိုင့်ချောက်ကမ်းပါးမှာ သက်စွန့်ဆံဖျားသတိထားပြီး ထိန်းမောင်းနေရသည့် ကားဆရာက ပြန်မထူးအား။ နောက်ကြည့်မှန်ထဲမှ နွယ်ဦးမွန်သို့ စွေ့ခနဲ တစ်ချက်လှမ်းကြည့်သည်ကို လင်းဇော်မြင်သည်။

'ဒီမှာ ကားဆရာကြီး၊ ရပ်လို့ရတဲ့နေရာကျရင် ခဏရပ်ပေးပါ။ ကျွန်မဆင်းလျှောက်မယ်၊ လမ်းလျှောက်ပြီး လိုက်ခဲ့မယ်၊ လမ်းနည်းနည်းကောင်းတဲ့နေရာအထိ ...'

'အား...ဒါ...လမ်းနည်းနည်းကောင်းတာပဲ ဆရာမရဲ့။ ရှေ့လျှောက်ရင် ဒီထက်ဆိုးတဲ့နေရာချည်းပဲ'

ဒရိုင်ဘာက အညာလေဝဲဝဲဖြင့် အော်ပြီးဖြေလိုက်သည်။

'ဟုတ်လား'

တစ်ကိုယ်သာသာ ကြားရုံတိုးညင်းစွာ ပြောလိုက်ပြီး မျက်နှာကလေးအနည်းငယ်ဖျော့တော့သွားသည်ကို လင်းဇော် အသေးစိတ် သတိထားမိသည်။

မင်းမောင်က လည်ပြန်လှည့်ကာ...

'ကြောက်လို့လား၊ မစိုးရိမ်ပါနဲ့ဆရာမ၊ ဒီလမ်းက ဒါလောက်တော့

ရှိတာပဲ။ ဒီလိုပဲ ဘာမှမဖြစ်နိုင်ပါဘူး’

‘မကြောက်ပါနဲ့ ညီမရယ်’ ဟု ကျော်သက်က ဝင်လုံးသည်။

‘ကားထဲမှာ လူသာ မယိုင်မလဲမိစေနဲ့၊ လက်က မြဲမြဲဆုပ်ထား၊ ခြေထောက်တွေကလဲ ကျားကန်ထား၊ ဟောသလို ...ဟော...ဟား ...’

ဟန်နှင့်ပန်နှင့် လုပ်ပြရင်း ကားတစ်ချက်ဆောင့်၍ အတိမ်းမှာ ခြေကားရားလက်ကားရား မှောက်သွားသည့် ကျော်သက်။

လင်းဇော်လှမ်းထိန်းလိုက်၍ မျက်နှာနှင့် ဘာတစ်ခုမျှ မထိလိုက်မိ၍ ချက်ချင်း ပြန်ဟန်နိုင်သည်။

သူ့ဘာသာသူ မျက်နှာပိုးမသေလှစွာ တဟဲဟဲ ရယ်ရင်း

‘ဟဲ ဟဲ အဲသလို အောက်ခြေလွတ်တတ်တယ်လို့ ပြောတာပါ။ ကားထဲမှာ အထိန်းမတတ်ရင် လဲပြိုထိခိုက်မိမှာစိုးလို့၊ လမ်းကတော့ ဒီလိုပါပဲ ညီမ၊ ဒီအတိုင်း မောင်းနေကြတာ ရိုးနေပြီ၊ ဘယ်တော့မှ ကားမမှောက်ဘူး’

‘အေး...အေး...ရှိုးပေး ရှိုးပေး တော်တော်လေး’

လင်းဇော် စိတ်ထဲက ကျိတ်ပြီး ကျိန်ဆဲမိလေသည်။

ကျော်သက်စကားဆုံးအောင် စူးစိုက်ရင်ဆိုင်ကြည့်နေသော မျက်လုံးတွေကြောင့် မပြုံးသော်လည်း ကျေနပ်ဖွယ်ရာပင်၊ လူတစ်ဘက်သားကို အဖက်မတန်သလို တမင်တကာ ဣန္ဒြေကိန်းခန်း အဆင်တန်ဆာဆင်ထားခြင်း မဟုတ်တန်ရာ။

အထိတ်တလန့်ပြောင်းလဲလှုပ်ရှားခြင်း မရှိလှသော နွယ်ဦးမွန်လို မိန်းမငယ်လေးတစ်ယောက်၏ မျက်နှာနေမျက်နှာထားကို မြင်ရပြန်တော့ ရင်ထဲ ဟိုက်ခနဲ၊ ခေါင်းထဲ မိုက်ခနဲဖြစ်လောက်အောင် ကြောက်သွေးဆူနေမိသည့် ကိုယ်အဖြစ်ကို ရယ်လည်း ရယ်ချင်၊ ရှက်လည်း ရှက်ချင်။

ကြောက်စိတ်ကို မျိုသိပ်ပြီး ထိန်းထိန်းသိမ်းသိမ်းနေမှပါပဲဟု သတိရကာ

ကြိုးစားဆောက်တည်ကြည့်၏။ ထိန်းနိုင်မှ။ ယောက်ျား မဟုတ်လား။

သို့သော် ကြောက်တာကတော့ ကြောက်တာပင်။

ညကတည်းက သည်လမ်းခရီး၏ ရာဇဝင်ကို အတော်လေးစေ့စေ့ စုံစုံကြားခဲ့ သိခဲ့ပြီးသား။

မနေ့က လေယာဉ်ဆိုက်ပြီးတော့ တမူးကို နေ့ချင်းမကူးဘဲ ကလေး မြို့မှာ တစ်ထောက်နားခဲ့သည်။ မင်းမောင် အစီအစဉ်။

လင်းဇော်ကို လေဆိပ်မှာ လာကြိုပြီး ဗိုလ်ချုပ်လမ်းရှိ 'ထွန်းထွန်းဝေ ရက်စတောရင့်" မှာ ထမင်းကျွေးရင်း သူ့ အစီအစဉ်တွေကို ပြောပြသည်။

'တို့ မနေ့ကတည်းက ကလေးကို ရောက်နေတာကွ၊ အမှန်တော့ လေယာဉ်ဆိုက်ပြီး မင်းကိုတောက်လျှောက် ခေါ်သွားဖို့ပဲ၊ ဖြစ်ချင်တော့ မနေ့က ငါတမူးကယူလာတဲ့ အငှားကား ဒီမြို့ထဲရောက်မှ အက်ဆီးဒင့် ဖြစ်လို့ကွာ၊ တို့မပါပါဘူး၊ တို့ နှင်းပုလဲမှာ ဘီယာသောက်နေတုန်း ကား သမားက ဟိုနားဒီနား ပါစင်ဂျာ ရှာတယ်ထင်ပါရဲ့၊ ဘုရင့်နောင်လမ်း ပေါ်မှာကွာ ဂငယ်ကွေ့ကွေ့ပြီး၊ ပြန်အထွက် ဘယ်လိုက ဘယ်လို ဖြစ်တယ် မသိပါဘူး။ မြင်းလှည်းကို တည့်တည့်ဝင်အောင်းသတဲ့။

'ကေ့စ်တန်းလန်းကြီးဖြစ်နေတယ်။ ကားအာမခံရအောင် မနည်းလုပ်ရ တယ်ကွာ၊ ကားရှေ့ပိုင်းကလည်း မြင်မကောင်းအောင် စုတ်ပြတ်သွားတော့ ဝပ်ရှော့ပြေးထိုးကြလေရဲ့၊ ဒီနေ့ပြီးရင်တောင် ထွက်ချိန်မရတော့ဘူး၊ ဒီလမ်း က ကားကောင်းရင်တောင် တစ်နေကုန်မောင်းရတာ၊ မိုင် ၈၀ ကျော်ကို တစ်နေကုန် မောင်းရတဲ့လမ်းမျိုးကို ဟဲ ... ဟဲ ... မင်းစဉ်းစားကြည့်ပေါ့ကွာ။ မနက်ဖြန် မနက်စောစော ထွက်ကြတာပေ့ါ။ ပြင်နေတဲ့ကား မပြီးလဲ ရရာ ကားဆွဲပြီး လစ်ကြတာပေ့ါ၊ ဒီနေ့တော့ ဒီမှာပဲ လည်လိုက်ကြရအောင်'

'မင်းစီစဉ်တဲ့အတိုင်းပေ့ါကွာ၊ မင်းလက်ခုပ်ထဲက ရေ ဖြစ်နေပြီပဲ'

ဟု ရွှန်းပြက်ပြက် တုံ့ပြန်လိုက်သည်။

“မင်းစိတ်ပါရင်တော့ ကောင်းတာပေါ့ လင်းဇော်ရာ၊ ဒီမှာ လည်စရာတွေတော့ ပေါတယ်ကွ၊ ကလေးတောင်ညိုဒေသကို ရာဇဂြိုဟ်သမုတ် ခဲ့တဲ့နေရာ၊ ဘုရားပွင့်တော်မူရာ အိန္ဒိယရာဇဂြိုဟ်နဲ့ တူအောင်ဆိုပြီး အလောင်းစည်သူမင်း လက်ထက်မှာ တူခြင်းငါးပါး သမုတ်ခဲ့တာတွေ ရှိတယ် … နေရဥ္စရာမြစ်ရှိတယ်ကွာ၊ မင်းစကားလုံးနဲ့ ပြောရရင်တော့ ဆွတ်ပျံ့စရာကောင်းတဲ့နေရာတွေပေါ့၊ ဂိဇ္ဈကုဋ်တောင်ရှိတယ်။ ပြီးတော့ ဝေဘူလ၊ ဝေဘာလတဲ့၊ ပဏ္ဍဝတဲ့၊ ဣသိဂီလိတဲ့၊ မြစ်သာမြစ်နဲ့ မြင်းစိုင်းပြင်တဲ့’

“ဟ…မင်းဟာက တူခြင်းငါးပါးဆို၊ ငါးပါးမကတော့ပါကလား မင်းမောင်ရ”

ဟု ကျော်သက်က ဝင်နှောက်သည်။

‘မယုံလဲ နေပေါ့ကွာ၊ ငါကြားဖူးသမျှ မှတ်မိသလို ပြန်ပြောပြတာ၊ ဒါတောင် ဘုရားဖြစ်တော်စဉ်နှင့်ပတ်သက်ပြီး နေရဥ္စရာမြစ်နဲ့ ဂိဇ္ဈကုဋ်တောင်နှစ်ခုပဲ ငါကိုယ်တိုင်သဘောပေါက်တယ်။ ကျန်တာတွေက ဘယ်လိုအဓိပ္ပါယ်ရှိမှန်း လုံးဝသိတာမဟုတ်ဘူး’

“မြစ်သာမြစ်နဲ့ မြင်းစိုင်းပြင်ဆိုတာကတော့ …ဟို…ဘာတဲ့ကွာ၊ သိဒ္ဓတ္ထမင်းသား မြင်းစီးပြီး သောင်ကိုဖြတ်၊ ကမ်းကိုကူး၊ ဆံတော်ပယ်တဲ့ နေရာဖြစ်မှာပေါ့’

ကျော်သက်က ရမ်းတုတ်သည်။

‘အဲ့ဒီမြစ်က အနော်မာမြစ်ပါကွ’

‘ရှုပ်ကုန်ပြီကွာ’

လင်းဇော်က မျက်ရည်ထွက်မတတ် ရယ်နေရသည်။

“ဒေသသမိုင်းနောက်ခံကို ဒီလောက်ပိုင်မှတော့ တော်ရောပေါ့၊ ငါက

တော့ မင်းတို့ပြောတဲ့အတိုင်း ယုံရမယ့်ဘဝပဲ'

ကျော်သက်က မင်းမောင် မမြင်သောအောင် မျက်နှာရှုံ့နေသည်။

'ငါတော့ မလိုက်ဘူး ကိုယ့်လူ၊ တောတွေ တောင်တွေ မြစ်တွေ ချောင်းတွေ လိုက်ကြည့်နေလို့ ဘာဖီလင်မှ မလာဘူး၊ ငါတော့ 'တာဟန်း'ဘက် လစ်မယ်။ လင်းဇော်လိုက်ခဲ့ဖို့ ကောင်းတယ်ကွ'

'မင်းကတော့ ဒါပဲ၊ အားအားရှိ ခုန်ဖို့ ကဖို့ပဲ'

'ရာသီက အေးတယ်လေကွာ၊ သွေးပူလေ့ကျင့်ခန်းလေး ဘာလေး လိုတာပေါ့'

အနီးကပ် ကျောချင်းခိုင်းနေကြသော သူငယ်ချင်း နှစ်ယောက်၏ ဝိရောဓိတရားတွေကို လင်းဇော်ရယ်ပြီးရင်း ရယ်နေရလေသည်။

'ဂီတပွဲတို့၊ ကပွဲတို့တော့ ဝေရာမဏီချင်သေးတယ်ကွာ။ ငါဒီလာခါနီးကလေးတင် စူပါအဆိုတော် တစ်ယောက်ရဲ့မွေးနေ့မှာ တီးပေးခဲ့ရသေးတယ်။ ခြံကြီးဝင်းကျယ် ဆိတ်ငြိမ်ရပ်ကွက်မှာ လွတ်လွတ်လပ်လပ် လုပ်တဲ့ပွဲဆိုတော့ ကဲချင်တိုင်း ကဲကြတာကွာ။ ညဥ့်ဝက်ကျော်ကျော်ပဲ၊ ငါက အဲဒါမျိုးတွေ မြင်တွေ့ရယင် နှလုံးရောဂါဖြစ်ချင်တယ်"

'ငါနဲ့ လဲလိုက်ချင်စမ်းပါရဲ့'

ဟု ကျော်သက်က အံကြိတ်သံဖြင့်ပြောရင်း ဝက်ခေါက်ကင်ကို အားနှင့်မာန်နှင့် ဝါးပြနေသည်။

"ဒါပေါ့ကွာ ...ဘုရားတွေဘာတွေ လိုက်ဖူးပြီး ဂိဇ္ဈကုဋ္ဌတောင်ကို အသေအချာကြည့်ထားကြပေါ့၊ မင်းတို့တစ်နေ့ အဲဒီ ဂိဇ္ဈကုဋ္ဌတောင်မှာ သွားကပ်နေရမယ့်ကောင်တွေပဲ၊ ငါတော့ ဒီညပြန်မလာဘူး မင်းမောင်၊ မနက်မှ ပြန်ဆုံမယ်"

ပြောသည့်အတိုင်း ထမင်းစားပြီးကတည်းက ကျော်သက် လမ်းခွဲ

လေသည်။

'ထွန်းထွန်းဝေ ရက်စတော့ရင့်' မှအထွက် မင်းမောင် သူငယ်ချင်းကိုမော်ဟန်း ဝီလီဂျစ်ကလေးနှင့်ရောက်လာသည်။

'ရှာလိုက်ရတာဗျာ၊ မနက်လေဆိပ်ဆင်းကတည်းက ကျွန်တော့် အိမ်ကိုဝင်ခဲ့ရောပေ့ါ။ ကိုမင်းမောင်ရာ၊ တစ်ခါတည်း ကားယူလာရင် ပိုအဆင်ပြေတာပေ့ါ'

'စောစောစီးစီး အားနာတယ်ဗျာ' မင်းမောင်ကပြောတော့ 'အားနာရ မယ့်လူတွေလား'ဟု တဖျစ်တောက်တောက် ပြောမဆုံး။

ကိုမော်ဟန်း ကားလေးနှင့် ဗိုလ်ချုပ်လမ်းပေါ်ရှိ 'မြဝတီစံစာပေ' သို့ ခဏဝင်ပြီး မင်းမောင် သူငယ်ချင်းတစ်ယောက်ကို ခေါ်သည်။

'ဒါ...ကိုနိုင်တဲ့။ ဒီနှစ်ယောက်ကတော့ ငါ့ရဲ့အရင်းနှီးဆုံး ဘော်ဒါတွေပေ့ါကွာ'

မင်းမောင်၏ အရင်းနှီးဆုံး ဘော်ဒါနှစ်ယောက်မှာ လင်းဇော်နှင့်လည်း တစ်ခဏအတွင်း ပေါင်းစည်းမိသွားကြသည်။ သူတို့က စာသမားတွေ၊ လင်းဇော်က ဂီတသမား။ အနုပညာ မြတ်နိုးသူချင်း ဘာသာစကား နီးစပ်ကာ နွေးထွေးနေသည်။

ထိုညက ကိုနိုင့်အိမ်မှာ တည်းကြသည်။ တမူးမှ မင်းမောင် ယူလာသည့်ကားက ပြင်ဆင်မပြီးနိုင်သည်မို့ ကိုနိုင့်ညီလေးက မနက်အတွက် ကားစီစဉ်ငှားပေးနှင့်သည်။

'ဂျစ်ကားလေးစီးလောက်က 'ချော'မိနေလို့ အတော်ရှာယူရတယ် အစ်ကို၊ ရလာတဲ့ကားက နည်းနည်းတော့'နာ'တယ်။ ဒါပေမယ့် ဒီလမ်း မောင်းနေကျပါ၊ ဒရိုင်ဘာက အထာကျွမ်းပုံရပါတယ်။ ပြီးတော့ အမျိုးသမီး တစ်ယောက်လဲ တင်ပါရစေတဲ့၊ ခမ်းပတ် တွဲဖက်အလယ်တန်းကျောင်းမှာ

အလုပ်ဝင်ဖို့ ရောက်လာတဲ့ ဆရာမတဲ့။ နေရဋ္ဌရာ တည်းခိုခန်းမှာ မနက်ကျ ဝင်ခေါ်သွားရုံပါတဲ့'

'ရပါတယ်ကွာ၊ ဒါလောက်တော့ ရှိမှာပေါ့'ဟု ကိုနိုင်က ဆိုသည်။

'စီးလုံးငှားတယ်ဆိုပေမယ့် လူနည်းမှန်း သိရင် လမ်းကြုံတင်ကြတာ ထုံးစံပဲလေ။ ဆရာမဆိုတော့ တော်သေးတာပေါ့၊ မှောင်ခိုတွေ တစ်လှေကြီး တင်လာတော့ရော ကျုပ်ငှားထားတဲ့ ကားပေါ်က ခုဆင်းလို့ မောင်းချ ကောင်းတာမျိုးမှမဟုတ်တာ'

'ကျွန်တော်လဲ ဆရာမဆိုတာနဲ့ သဘောတူလာခဲ့တယ် အစ်ကို။ ဟို တစ်လောက ကားအက်ဆီးဒင့်ကိစ္စ ကျွန်တော်ခုထိ ဖီးလ်ဖြစ်တုန်းပဲ'

'ကားအက်ဆီးဒင့် ဟုတ်လား ...။ ဘယ်မှာဖြစ်တာလဲ' လင်းဇော်က အရေးတကြီး သိချင်လာသည်။

'မိုင်ရှစ်ဆယ်ခရီးကို တစ်နေကုန် မောင်းရတယ်ဆိုတော့ ဒီခရီး စဉ်းစား သာ ကြည့်ပေါ့ကွာ'ဟု မင်းမောင် ရိပ်ဖမ်းသံဖမ်း ကြိုတင် သတင်းပေး ခဲ့သည်ကိုလည်း ချက်ချင်း သံသယဝင်သည်။

'တမူးလမ်းပေါ့ကွာ၊ ကျွန်းတောရေရှင်ဆိုတဲ့ ရွာကလေး အလွန်ပေါ့၊ ကားက ဘတ်စ်ကား၊ ကုန်အပြည့်လူအပြည့်နဲ့ဆိုတော့ အိုဗာဝိတ် ဖြစ် တာလဲပါတယ်၊ လမ်းဆိုးတာက အဓိကပေါ့ကွာ၊ နှစ်ယောက် ပွဲချင်းပြီး သေတယ်'

'အဲဒီနှစ်ယောက်မှာ တစ်ယောက်က ဆရာမလေးဗျ၊ ကလေးဝမှာ သွားအလုပ်လုပ်နေတဲ့တမူးသူ၊ ရေလမ်းကိုကြောက်လို့ ကားလမ်းကပြန် တာဗျ၊ အသက်အစိတ်လောက်ပဲ ရှိဦးမယ်၊ နှမြောတယ်ဗျာ'

သူ့ခံစားချက်နှင့်သူ ထိခိုက်စွာပြောနေသော ကိုနိုင့်ညီကို ငေးမော ကြည့်ရင်း လင်းဇော် ဖြုံသွားသည်။

'ကျန်တဲ့တစ်ယောက်ကလဲ မိန်းကလေးပဲ မဟုတ်လားကွာ၊ ခေါင်းခန်းမှာ ထိုင်လိုက်လာတဲ့ မိန်းကလေး နှစ်ယောက်စလုံး လွင့်ကျသွားတာ မဟုတ်လား'

မင်းမောင်က ဝင်ထောက်တော့ ...

'ကျွန်တော် အမွန်အမြတ်ထားလို့ရတဲ့ မိန်းကလေးမျိုးထဲမှာ ဆရာမလေးတွေ ပါတယ်'ဟု ရိုးစင်းစွာ ဖွင့်ဟရှာသည်။

ကလေးမြို့၏ များစွာသော ညများအစဉ်အလာအတိုင်း ထိုညက မီးမလာချေ။ အားကုန်စပြုသော ဘက်ထရီကြောင့် မီးချောင်းက တစ်စစမှိန်ရာမှ လုံးဝမှောင်ကျသွားသည်။

ကိုနိုင်က ဖယောင်းတိုင် ထွန်းမည် ပြင်သေး၏၊ မင်းမောင်က တားလိုက်သည်။

'မှောင်ထဲမှာပဲ ပြောရင်းငိုက်ရင်း အိပ်ကြပါစို့တော့ကွာ၊ မနက်လဲ စောစောထရဦးမှာ'

လင်းဇော်ကလည်း တိတ်ဆိတ်ခြင်းဖြင့် ထောက်ခံမှုပြုလိုက်သည်။ မှောင်ထဲမှာပဲ တွေးချင်ရာတွေး၍ နေချင်တော့ပြီ။

ကိုနိုင်နှင့် မင်းမောင်တို့ မှောင်ထဲမှာ တစ်ယောက်တစ်ပြန် ပြောနေသံတွေ လင်းဇော်နားထဲ ဖိတ်တစ်ဝက် စဉ်တစ်ဝက်ဝင်နေ၏။

❍

သိမ့်ခနဲ လှုပ်သွားပြီး ဒိန်းခနဲ နှလုံးသွေး တစ်ချက်ခုန်ဆောင့်သွားသည်ကို သိလိုက်သည်။

ချောက်ကမ်းပါးပေါ်မှ လိမ့်ကျသလို ရင်ထဲ အေးခနဲ ခံစားလိုက်ရပြီး တုန်ယင်စွာ ရှန်းထကြည့်ရ၏။ ထမင်းလုံးတစ္ဆေ ခြောက်သည်ထင်ရဲ့။

နောက်ဆုံးမှ မျက်လုံးတွေ ဖွင့်ကြည့်ဖြစ်သည်။

ဂျစ်ကားသည် တစ်ဖက်စောင်း ရပ်လျက်။ ညာဘက် နောက်ဘီးမှ လေစိမ့်ထွက်ဆဲ တရှဲရှဲအသံကို ကြားနေရသည်။

မင်းမောင် အလျင်ဆုံး ဆင်းသည်။

ကားစပယ်ယာကား ဘယ်တုန်းက အောက်သို့ ခုန်ဆင်းလိုက်သည် မသိ၊ ပေါက်ကွဲထွက်နေသော နောက်ဘီးနားမှာ ဒူးတစ်ဖက်ထောက် ထိုင်ကာ ငုံ့ကြည့်နေသည်။

ကျော်သက် လွှားခနဲ ခုန်ချလိုက်တော့မှ မိမိလည်း ဆင်းဦးမှပဟု သတိရမိလေသည်။

"ဆရာမ မဆင်းပါနဲ့၊ ထိုင်နေပါ၊ ရပါတယ်"

ဒရိုင်ဘာက ကွမ်းဝါးသံဖြင့်ပြောမှ မိမိနောက်က ဆင်းလိုက်ဖို့ပြင်ဆဲ ဆရာမကလေး နွယ်ဦးမွန်ကို လှည့်ကြည့်မိသည်။

"ဘီးလဲဦးမှာ မဟုတ်လား၊ ကျွန်မ ဆင်းလျှောက်သွားနှင့်မယ်လေ၊ နောက်က မီလာတဲ့နေရာကျတော့ တက်လိုက်တာပေါ့"

"ဟာ ...ဘယ်ဖြစ်မလဲ ညီမရယ်"

ပျာပျာသလဲ တားမြစ်သော ကျော်သက်အသံ။

"ဒီနေရာတွေက သိပ်စိတ်မချရဘူး၊ မလျှောက်ချင်ပါနဲ့"

မင်းမောင်၏ လိုတိုရှင်း ဆရာဝန် လေသံပြတ်ပြတ်။

"တစ်နေ့က ဟိုရှေ့ကျွန်းပင်အုပ်အုပ်နဲ့ ကုန်းတက်ကလေးမှာတင် ဓားပြတိုက်သွားတာ၊ ခုလိုအချိန်ပေါ့"

စပယ်ယာက စပယ်ယာဘီးကို ဆွဲချရင်း ပိုပိုကဲကဲ သဲသဲကလေး သတင်းပေးသည်။

"သြော် ..."

ဟု တစ်ခွန်းတည်း ဆိုပြီး သူ့နေရာမှာ အေးဆေးစွာ ပြန်ထိုင်သော နွယ်ဦးမွန်။

မကြောက်တတ်ဘူးလားဟု လင်းဇော်က မေးလိုက်ချင်၏။ တမင် ထိန်းချုပ် ဟန်ဆောင်နေခြင်းလားဟု စူးစမ်းစွာ အကဲခတ်ကြည့်သည်။

ဂျိုက်ဖြင့်လှည့်၍ ကားကိုယ်ထည်ကိုမြှင့်ဆဲ၊ ဘာမှ မထူးခြားသလို သူ ကင်ဗိုလက်ဆွဲအိတ်ကို ဇစ်ဖွင့်နေသည်။အိတ်တွင်းမှ သိုးမွှေးထိုးစ အပ် တန်းလန်းကို ဆွဲထုတ်ယူပြီး သွက်လက်သော လက်ချောင်းများဖြင့် အနေ အထား ပြင်ဆင်နေ၏။

"ဟဲ...ဟဲ ...ခုနေ ဓားပြလာတိုက်လို့ကတော့ ဒီညီမလေးကို ဓားစာခံ

ထားခဲ့ပြီး ကိုယ်တို့က လစ်မှာပဲ ဟဲ ...ဟဲ ...”

နှုတ်ခမ်းမပွင့်သော အပြုံးဖြင့် ကျော်သက်ကို တစ်ချက်လှမ်းကြည့်ကာ သိုးမွေးထိုးစပြုလေသည်။

အဖြူအနားစင်းပါသော မိုးပြာရောင်သိုးမွေးထည် တစ်ပိုင်းတစ်စ၊ တစ်ထွာသာသာခန့်သာ ရှိသေးသည်မို့ ဘာရယ်လို့ မမှန်းဆနိုင်။

သူ့ စိတ်လိပ်ပြာသည် သီးခြားကမ္ဘာတစ်ခု တည်ဆောက်နေပြီလား ဟု ထင်ရလောက်အောင် ထူးခြားငြိမ်သက်နေသည်။ သိုးမွေးထိုးနေသည့် လက်ချောင်းများမှအပ အလှုပ်အခတ် အရွေ့အလျား မရှိသလောက်သော အသွင်အလျာ။

သိမ်မွေ့လွန်းသော မျက်တောင်ခတ်ဟန်၊ သိုးမွေးထည်ဆီသို့ ငုံ့စိုက်ချထားသော မျက်လွှာများ၊ အသက်တော့ ရှူကောင်းပါရဲ့ဟု တွေးရင်း မျက်နှာလွှဲပစ်လိုက်သည်။

တိတ်ဆိတ်ခြင်းသည် အပြင်းထန်ဆုံး ဆူညံမှုပေလား။

ငြိမ်သက်ခြင်းသည် အထိရောက်ဆုံးလှုပ်ရှားမှုပေလား။

၀

သိုးမွေးထိုးခြင်းကိစ္စဖြင့် သီးခြားခွဲထွက်သွားပြီဖြစ်သော နွယ်ဦးမွန်။

သူ့ကိစ္စနှင့်သူ အလုပ်ရှုပ်ကာ သူ့အာရုံနှင့်သူ တွယ်ငြိနေသော မိန်းကလေးကို ဘယ်သူ အနှောင့်အယှက် ပေးရက်ပါမည်နည်း။

'စော်ဘွားရေရှင်' ရွာကလေးမှာ မနက်စာ စားကြဖို့ ပြင်တော့ လင်းဇော်တို့နှင့် ပြန်လည်ပေါင်းစည်းလာပြန်သည်။

'ထိုင်ပါ ဆရာမ'

ဟု မင်းမောင်က တစ်စားပွဲတည်းနေရာပေးသည်ကို မငြင်းဆန်ဘဲ ဝင်ထိုင်သည်။

ကျော်သက်က ဟင်းလျာစာရင်း မေးတော့လည်း အလိုက်သင့် နားစွင့် နေကာ...

'ကျွန်မအတွက် ကြက်သားနဲ့ပေးပါ'

အထူးမှာကြားမှ သီးသန့်စီစဉ်ပေးသော ကြက်ဥ မကျက်တကျက် ကြော်တို့၊ ငါးကြော်တို့ကို ယောကျ်ားသုံးယောက်က စောင့်သေးသည်မို့

ထမင်းဝိုင်းသည် နှစ်ဝိုင်းကွဲနေလေ၏။

အသင့်ရသော ကြက်သားဟင်း ပူပူနွေးနွေးနှင့် နွယ်ဦးမွန်က အလျင် ဆုံး စားနှင့်သည်။

ယောကျ်ားသုံးယောက်ရှေ့သို့ ရေနွေးကြမ်းအိုး လာချပေးသော ဆိုင် ရှင်က "ရမ် ရမယ်ဆရာ"ဟု သူ့ပင်ကိုသဘာဝအတိုင်း ခပ်ကျယ်ကျယ် ပြောလာတော့ လင်းဇော်သည် မိန်းကလေးကို အားနာချင်၏။

သို့သော် နွယ်ဦးမွန်က ထမင်းစားမပျက်၊ မျက်လွှာပင့်ပြီး လှမ်းကြည့် ကာ...

'ဒီနေရာမှာတော့ အစစ်ရမယ် ထင်တယ်နော်'

မမျှော်လင့်သောစကား။

'သေရည်အရက်'နှင့် ပတ်သက်ပြီး မစိမ်းလှသော မိန်းကလေး တစ်ယောက်ဟု သဘောပေါက်လိုက်သည်။

တစ်ဖက်စွန်းရောက်လောက်အောင် အရက်သောက်ခြင်း ကိစ္စကို ရွံရှာစက်ဆုပ်တတ်သော၊ အထင်အမြင် သေးပါးတတ်သော မိန်းကလေး မျိုး မဟုတ်ကြောင်းလည်း သိသာစေသည်။

သူ့အတွက် အနှောင့်အယှက် မဖြစ်စေလိုသော၊ အားတုံ့အားနာ မရှိစေလိုသော နားလည်လိုက်လျောသော သဘောထား။

လင်းဇော်က စာနာသိတတ်စွာ ခေါင်းခါဆဲ မင်းမောင်က အဖြေ ပေးလိုက်လေပြီ။

'မလိုဘူးဗျာ၊ ဘယာကြော်တစ်ပွဲ အရင်ပေး၊ ရေနွေးကြမ်းပဲ တော်ပြီ၊ လက်ဖက်ခြောက် ကောင်းရဲ့လားဗျ'

'မျောက်ခြောက်နဲ့ စပါယ်ရှယ် ရေနွေးကြမ်းတစ်အိုး တစ်ကျပ် ဆရာ၊ မှာလို့ရပါတယ်'

'လုပ်လေဗျာ' ဟု မင်းမောင်က ငုံ့အုံ့ဆဲဆဲ ရေနွေးကရားကို ပြန်ချပြီး တွန်းပစ်လိုက်၏။

'အားဖြည့်အချိုရည်တွေ ရှိသားပဲ၊ လေးလုံးပေးဗျာ၊ ဟဲ...ဟဲ ခရီးပန်း တုန်း အဲ့ဒါကောင်းတယ်'

ကျော်သက်က အထွန့်တက်နေသည်။ တောကြီးမျက်မည်းထဲမှာ အားဖြည့် အချိုရည်ရနေခြင်းကို လင်းဇော် အံ့သြနေ၏။ သည်လမ်းခရီးမှာ အလွယ်တကူ ရနိုင်မည်မထင်။

သို့သော် အသေအချာ လှည့်ပတ်ကြည့်မိတော့ ဆိုင်နံရံပတ်ပတ် လည်က ကွက်လျှောက်တန်းတွေပေါ်မှာ အားဖြည့်အချိုရည် ပုလင်းအခွံ တွေ အစီအရီ၊ အဆင့်ဆင့်။

သည်ခရီးမှာ သည်ပစ္စည်းတွေ သည့်လောက် လူသုံးများနေပါကလား ဟု အံ့ဖွယ်သုတတစ်ခု မှတ်သားလိုက်ရသည်။

'ကျွန်မအတွက် မမှာပါနဲ့နော်၊ မတည့်လို့ပါ'

နွယ်ဦးမွန်က ဝင်ပြောရင်း ဆိုင်ရှင်ကို လက်သုံးချောင်း ထောင်ပြလေ သည်။

သည်တော့မှ မင်းမောင်ကလည်း ဖျိုးဖျတ်လှုပ်ရှားလာပြီး...

"အား ...ဟုတ်တယ်၊ ငါလဲမကြိုက်ဘူး၊ နှစ်လုံးပဲပေးဗျ"

လင်းဇော်ကတော့ ငြိမ်သက်နေသည်။

"အဲဒါတွေက အာရုံကြောတွေနိုးကြားပြီး တက်တက်ကြွကြွ လန်းလန်း ဆန်းဆန်း ဖြစ်စေတယ်ဆိုပေမယ့် ခဏပဲကွ၊ ဆေးအာနိသင် ပြယ်သွား တဲ့အခါ နှစ်ဆပိုပင်ပန်းတယ်၊ လူပိုနွမ်းတယ်။ ငါတော့လုံးဝ မသုံးစေချင်ဘူး"

မင်းမောင်က သွယ်ဝိုက်စွာ တားမြစ်သော်လည်း ကျော်သက်မှာက သူ့ဆင်ခြေနှင့်သူ။

'တစ်လမ်းလုံးရနေတဲ့ပစ္စည်းပဲကွာ၊ နည်းနည်းဒေါင်းချင်လာယင် ရှေ့မှာ ထပ်နှိပ်တာပေါ့ ...'

'အဲဒါ စွဲတယ် ခေါ်တာပဲ၊ မင်းဒီလမ်းသွားရင် ဘယ်နှစ်လုံးကုန်အောင် နှိပ်သလဲ ကျော်သက်'

'သုံးလုံးလောက်ပါကွာ။ တစ်ခါတလေတော့လဲ ရမ်နဲ့စပ်ပြီး နှိပ်တာ သိပ်မကုန်ပါဘူး'

'များတာပေါ့'ဟု မင်းမောင်က အပြစ်ဆိုလေသည်။

ထမင်းလက်စသတ်ပြီး ဆိုင်အတွင်းဘက်သို့ လျှောက်ဝင်သွားသော နွယ်ဦးမွန်ကို မျက်လုံးထောင့်များမှ မြင်လိုက်သည်။

❍

"အားနာစရာတွေ ဘာလို့လုပ်တာလဲ ဆရာမရယ် ..."

ကားနားမရောက်မီကတည်းက မင်းမောင် အော်ပြောလေသည်။ စောစီးစွာ ထမင်းစားပြီး ကားပေါ်ပြန်တက်ကာ အေးဆေးစွာ ဇာထိုးရင်း စောင့်နေသော နွယ်ဦးမွန်၊ သူတစ်ပါး လွတ်လပ်ခွင့်ကို မထိပါးချင်သလို၊ သူ့ဘာသာသူလည်း လွတ်လပ်ကင်းရှင်းစွာ နေချင်မည်ဟု နားလည်ကြရသည်။

အချိန်မဖြုန်းဘဲ ထမင်းကို ခပ်သွက်သွက် စားကြပြီး ပိုက်ဆံရှင်းတော့ ...

"အားလုံး ရှင်းပြီးသွားပြီလေဆရာ" ဟု ဆိုင်ရှင်က ဆိုလေသည်။

ကားပေါ်မှာ သိုးမွေးထိုးနေသော နွယ်ဦးမွန်ရှိရာသို့ ခေါင်းဆတ်ညွှန်ပြသည်။

'ဟာ...'ဟု ကျော်သက်က အော်မြည်ကာ သူ့နဖူးကို သူရိုက်ဆဲ၊ အားနာစိတ်တွေ ဆူဝေလျှံကျလာသော လင်းဇော်က အထစ်ထစ် အငေါ့ငေါ့တွေ မေးခွန်းထုတ်လေသည်။

'ဒီ...ဝိုင်းအတွက် ဒါ...ဒါ အားလုံးအတွက် ဘယ်လောက် ကျသလဲဗျာ'

ဆိုင်ရှင်က စားပွဲခုံကို အဝတ်စုတ်ဖြင့် ပွတ်သုတ်ရင်း...

'ကိုးဆယ့်သုံးကျပ်ခွဲပါဆရာ၊ ကြက်ဥကြော်တစ်လုံးကို နှစ်ကျပ်တစ်မတ်ယူပါတယ်၊ ခြောက်လုံးဆိုတော့...'

'နေပါ...နေပါ...ဒါတွေသိချင်လို့ မဟုတ်ပါဘူး'ဟု လင်းဇော်က ဟန့်လိုက်ပြီး ထိုင်ရာမှ ဦးဆောင်ထလိုက်သည်။

'သိပ်များတယ်ကွာ'

'ထမင်းတစ်ပွဲ ဆယ့်ငါးကျပ်လေ၊ တို့က အပိုတွေများတာကို၊ မျောက်ခြောက် သောက်ချင်ရတာနဲ့၊ ကြက်ဥကြော်တို့ ငါးကြော်တို့...ပိုများသွားတာပေါ့'

မင်းမောင်က သူ့အားနည်းချက်သူ အလျှင်ဆုံးထောက်တော့ ကျော်သက်က ခေါင်းယမ်းလက်ခါ အမူအရာဖြင့် ...

'အားဖြည့်အချိုရည်က ဈေးကြီးတာကွ၊ ငါ့လခွေး ...ဘယ်လို မျက်နှာပြရမှန်းတောင် မသိတော့ဘူး။ တို့ကောင်တွေ သောင်းကျန်းသမျှ မိန်းကလေးက ဟာ ... အားနာလိုက်တာကွာ'

'ပိုက်ဆံ အတင်းပြန်ပေးရရင် ကောင်းမလားဟင်'ဟု လင်းဇော်ကယောင်ကတမ်း ပြောပြန်သည်။

'ကောင်းပါ့မလား'ဟု ကျော်သက်က တွေဝေဆဲ။

'သူ့ငွေရေးကြေးရေး ထိခိုက်မှာစိုးလို့ပါ၊ တစ်ရပ်တစ်ကျေးက ခုမှ ပြောင်းလာတဲ့ မိန်းကလေးတစ်ယောက်။ ပြီးတော့ သူ့ဆရာမ လစာက သိပ်များမှာမှ မဟုတ်ပဲ'

'ခမ်းပတ် တွဲဖက်ကျောင်းမှာတော့ လေးရာ့ငါးဆယ် ပုတ်ပြတ် ထင် တယ်၊ ဒါပေမယ့် နေပါစေလေ၊ ပိုပြီးမိသားစု ဆန်သွားတာပေါ့'

မင်းမောင်က အဆုံးအဖြတ်ပေးရင်း ဆိုင်ထဲမှ ခြေလှမ်းကျဲကြီးများဖြင့် အလျင်ဆုံး ထွက်သွားနှင့်လေသည်။ ပြီးတော့ အားနာစကားကို အနား မရောက်ခင် လှမ်းအော်ပြောသည်။

'အားနာစရာ မဟုတ်ဘူးလေ၊ ဒီအဖွဲ့ထဲမှာ ဘယ်သူက ကျွေးကျွေး အတူတူပဲပေါ့၊ ဒေါက်တာက ကျွေးရင်လည်း ကျွန်မအားနာမှာ မဟုတ်ပါဘူး'

'မဟုတ်ဘူး ဆရာမရယ်၊ ကျွန်တော်တို့က လူများစု...'

ရှားရှားပါးပါး ဝင်ပြောလိုက်သော လင်းဇော်စကားသည် အဆုံးသတ် ခွင့် မရလိုက်ချေ။

'ကျွန်မ နေသာထိုင်သာ ရှိစေချင်ရင် အဲဒီစကားမျိုးတွေ မပြောကြ ပါနဲ့တော့ရှင်'

ပါးစပ်အားလုံးကို တစ်ခွန်းတည်းနှင့် ပိတ်ပစ်လိုက်သောစကား။

မင်းမောင်က ခေါင်းတစ်ချက်ဆတ်ကာ 'ကိုင်း ...ရှိစေတော့' ဟူသော အမူအရာပြလိုက်ပြီး ခပ်လှမ်းလှမ်းက ကွမ်းယာ ဆေးလိပ်ဆိုင်ရှေ့ ခုံတန်း များတွင် ထိုင်နေသော ကားသမား ဆရာတပည့်ကို လှမ်းလက်ပြခေါ် လိုက်သည်။

နှုတ်စ အာစ ရွှင်လှသော ကျော်သက်ပင် စကားမဆက်နိုင်တော့ဘဲ မျက်နှာခပ်လျော့လျော့နှင့် ကားပေါ် လွှားခနဲ ခုန်တက်လေ၏။

'နည်းနည်းပါးပါး စစ်ဆေးပြင်ဆင်ကြည့်ပြီးပြီလား...ခင်ဗျားကား'

'အိုကေတယ် ဆရာ'

ဒရိုင်ဘာက ကွမ်းဘူးထဲမှ ကွမ်းယာအသစ်တစ်ယာ ထုတ်ယူပြီး ပါးစောင်ထဲသို့ ထိုးသွင်းရင်း ဗလုံးဗထွေး ဖြေသည်။

'ဆီတွေ ဘာတွေရော ကြည့်ပြီးပြီလား'

စပယ်ယာလေးက ဒရိုင်ဘာမျက်နှာကို ကွက်ခနဲ လှမ်းကြည့်လိုက်သည်။

'ရပါတယ်၊ ရှေ့နားရောက်မှ ဖြည့်တော့မယ်၊ ကျွန်တော်တို့ ဖောက်သည်ဆိုင် ရှိတယ်'

မင်းမောင် ဆတ်ခနဲ တွန့်သွားသည်။

'ဟ ...ဘယ်လိုလဲ၊ ဆီအပိုမပါဘူးလား'

'ကားလေးခံလို့ ဒေါက်တာရာ'

ဒရိုင်ဘာက ဝက်တစ်ကောင်၏ ထုံထိုင်းအေးစက်သော ပုံစံဖြင့် သူ့နေရာသို့ တက်ထိုင်ရင်းဖြေသည်။

'ကျွတ်'ဟု ဒေါသစွက်သော စုတ်သပ်သံ မင်းမောင်ထံမှ ထွက်လာ၏။

'ဘယ်မှာလဲ ခင်ဗျားတို့ ဖောက်သည်ဆိုင်က'

'ကျွန်းတောရေရှင် မရောက်ခင်'

'ဟ ဒါလောက်အဝေးကြီး ခုရှိတဲ့ ဆီနဲ့ရောက်အောင် မောင်းနိုင်မှာလား၊ ဟော့ ချာတိတ်၊ ဖွင့်ကြည့်စမ်းကွာ၊ ထောက်စမ်း'

စပယ်ယာကလေးက တုံ့ဆိုင်းတုံ့ဆိုင်းလုပ်ရင်း မျက်နှာသေကလေးနှင့် ကားဆရာကို လှည့်ကြည့်ကာ...

'နည်းတော့နည်းတယ် ဆရာ'

ဒရိုင်ဘာက ပြန်မဖြေဘဲ စတီယာရင်ကို လက်တစ်ဖက်က ဆုပ်ရင်း သူ့ရှေ့မှန်ပေါ် တင်နေသောဖုန်တွေကို အဝတ်စုတ်ဖြင့် ပွတ်သပ်နေသည်။

'ဘာပဲဖြစ်ဖြစ် ဒီကပဲ ဆီထပ်ဖြည့်သွားဗျာ၊ လုပ်...လုပ်၊ ပြဿနာဆိုတာ မဖြစ်သင့်ဘဲ အဖြစ်မခံရဘူးဗျ၊ အတတ်နိုင်ဆုံး ချောချောမောမော ဖြစ်အောင် လုပ်ရတယ်၊ ဆီပြတ်လို့တော့ လမ်းမှာထိုးရပ်နေရရင် မဟုတ်တော့ဘူး'

ဒရိုင်ဘာက မရယ်ချင့်ရယ်ချင် ရယ်ရင်း ကားပေါ်မှ ပြန်ဆင်းသည်။

'ဒေါက်တာက တယ်အစိုးရိမ်ကြီးတာကိုး၊ ရပါတယ်ဗျ'

'ခင်ဗျားတို့ကတော့ ရမှာပေါ့ဗျာ၊ ဆီပြတ်တော့လဲ ရောက်ရာမှာ ထိုးရပ်ပြီး နောက်ကားအလာစောင့်၊ ကြုံရာကားဖမ်းပြီး ဆီချေး၊ ရတဲ့အချိန် ထွက်၊ ဟုတ်တယ် မဟုတ်လား၊ ကျုပ်တို့က ခရီးဖင့်၊ လမ်းမှာ ဒုက္ခရောက်'

'မရောက်စေရပါဘူး ဒေါက်တာရဲ့။ ဟဲ... ဟဲ...ဟဲ ရော့... သွားကွာ၊ ထန်းလျှံနီးတို့ဆိုင်သွား'

သည်ကားဆရာကို သဘောကောင်းတာလား၊ ချာတူးလန်တာလား ဝေခွဲမရဆဲရှိ၏။ ဘာတစ်ခုမှ အသင့်မရှိတတ်၊ မောင်းစရာရှိမှ ကားပေါ်တက်မောင်းမည့်လူစား၊ ပျက်တော့မှပဲ ဆင်းကြည့်မည့်လူစား။

စပယ်ယာက ကားအကြောင်း သူ့ထက် ပိုသိပုံရသေးသည်။ ဖျတ်လည်း ဖျတ်လတ်သေးသည်။ သို့သော် တပည့်က တပည့်ပဲမို့ ဆရာသမားကို မလွန်ဆန်ဝံ့ဟန်နှင့် အပိုးကျိုးလျက် ရှိလေသည်။

ဘာပဲဖြစ်ဖြစ် လင်းဇော်ကတော့ မင်းမောင် စေ့စပ်သေချာတာကို အထင်ကြီးကာ ရှေ့လမ်းခရီးအတွက် ပိုပြီးစိတ်ချသွားလေသည်။

စော်ဘွားရေရှင်မှ ကားစထွက်တော့ ထိုးလက်စ သိုးမွေးထည်ကို လိပ်ပတ်ပြီး ကင်ဗိုအိတ်ထဲ ပြန်ထည့်နေသော နွယ်ဦးမွန်ကို တစ်ချက်ခိုးကြည့်ဖြစ်သည်။

○

ခုတော့ တစိမ့်စိမ့် ကြည့်ချင်တိုင်း ကြည့်နိုင်သည့် အခွင့်အရေးကိုပါ ရလိုက်ပြန်လေသည်။

သည်နေရာမှာ ကားပျက်ရတာကတော့ ပျက်ကို ပျက်ထိုက်သည်။

မိုးတွင်းတုန်းက လူတစ်ရပ်သာသာ နက်ခဲ့မည်ထင်ရသည်။ ရွှံ့ဗွက်ချိုင့်နက်ကြီးကို ကားသွားသာအောင် ထွာဆိုင်သစ်လုံးတွေ မညီမညာ ခင်းထားသည့်လမ်း။

နည်းနည်းနောနော လမ်းမဟုတ်၊ ဖာလုံဝက်ခန့် ရှည်လျားသည့် လမ်းအပျက်။

“ဒါ လမ်းမှမဟုတ်တာပဲကွ’ ဟု မင်းမောင် ဒေါပွသည်ကို လင်းဇော် ငြိမ်သက်စွာ ထောက်ခံခဲ့သည်။

လော်ရီကားကြီးများသာ သွား၍ ဖြစ်မည့်လမ်း။

သည် ထွာဆိုင်သစ်လုံးတွေ စီခင်းကတည်းက လော်ရီကားကြီးများ သွားသာရုံလောက်အဖြစ် ဖန်တီးထားခြင်း ဟုတ်တန်ရာသည်။

လမ်းမကြီးပေါ်မှ ဖွဲ့ဆင်း၍ မောင်းနိုင်သော တောတွင်း ဖြတ်လမ်းတွေ များစွာ ရှိသည်။ ဂျစ်ကားလို ကားငယ်ကလေးတွေက တောတွင်းဖြတ်လမ်းကို မကြာခဏ အားကိုးရသည်တဲ့။

အောက်လမ်းသို့ ဖွဲ့ဆင်းရမည်ကို ထုံပေပေ အေးစက်စက်နိုင်သော ကားဆရာ ဝန်လေးဟန်တူသည်။ ဤမျှ မညီမညာ ကသောင်းကနင်းနိုင်လှသော သစ်တုံးတွေပေါ် အတင်းဖြတ်မောင်းလေတော့ ဘာခံနိုင်လိမ့်မည်လဲ၊ ပြီးတော့ သူ့ကားက အတော် 'ကျ' နေပြီ။ ဘာတစ်ခုမှ တောင့်တောင့်တင်းတင်းမရှိ။

ရုပ်လည်း ကျိုး၊ မိန်းလေးလည်း ကျိုးပြီမို့ တရေးတမော အိပ်စောင့်ဖို့ပင် ရှိသည် မဟုတ်လားလေ။

အင်ဖက်တွေ ခူးကာ ကျောအောက်ခင်းပြီး ကျော်သက်နှင့် နှစ်ယောက်သား ခါးဆန့်ကြသည်။ ကျော်သက်တစ်ယောက် ဘယ်တုန်းက အိပ်ပျော်နေသည် မသိ။ ဟောက်သံမှန်မှန်နှင့် တရှူးရှူး အိပ်မောကျနေပေပြီ။

မိမိရော အိပ်ပျော်သွားလေသလား။

မပျော်တပျော် မှေးငိုက်မိလေသလား၊ အိပ်မူးမပြေသလို ခေါင်းထဲဝေတေတေဖြစ်နေသည်။

နွယ် ... နွယ်ဦးမွန်ကော။

သူ ရေစပ်မှာရှိသေးသလား၊ ချောင်းထဲမှာ ရေမိုးသန့်စင်နေရော့သလား...

လွတ်လွတ်လပ်လပ် နေပါစေဟူသော စေတနာဖြင့် မျက်နှာလွှဲခဲ့ခြင်းဖြစ်သည်။

ခုတော့ သူဘာလုပ်နေမလဲ၊ စကားနည်းတဲ့ ရေသူမကလေး ဘယ်မှာရှိမည်လဲဆိုတာ သိချင်စိတ် လှုံ့ကြွလာပြန်သည်။

မြင်ချင်သည်၊ တွေ့ချင်သည်။

လင်းဇော်သည် မိန်းကလေးများနှင့် အသားတကျ ရင်းနှီးဆက်ဆံခဲ့သူ ဖြစ်ပါလျက် သည်မိန်းကလေးကျမှ အဆန်းအကြယ် နတ်မိမယ်ကို တွေ့ရသလိုဖြစ်နေ၏။

တွေ့နေမြင်နေကျ မိန်းကလေးအများစုနှင့် ဆန့်ကျင် ထူးခြားသော စရိုက်လက္ခဏာလေးတွေကပဲ စိတ်ဝင်စားစဖွယ် ဖြစ်စေသည်လား . . . ။

ရုပ်ရည်ကတော့ အချောအလှကြီးမဟုတ်၊ ပြုံးတောင့်ပြုံးခဲ ပြုံးလိုက်လျှင် ကျော်သက်ပြောသလို ဟိုးလီဝုဒ် ကြယ်တစ်ပွင့်ဖြစ်သော ဖီဘီ ကိတ်စ်၏ နုမျစ်သန့်စင်သော အလှနှင့် ခပ်ဆင်ဆင်။ မျက်ခုံးမျက်တောင် ညို့မှောင် သိပ်သည်းပုံကလည်း ဘရွတ်ခ်ရှီးလ်နှင့် တူသလိုလို။

အတိမ်းအစောင်း အလှုပ်အဆောင့်ကြမ်းတမ်းသော လမ်းတစ်လျှောက်မှာ သူ့ကိုယ်သူ ထိန်းသိမ်းကာ မျက်နှာမပျက်တမ်း လိုက်ပါလာနိုင်သည့် သတ္တိကို ပိုပြီးနှစ်လိုချင်၏။

သိမ်မွေ့ခြင်း၊ တည်ငြိမ်ခြင်းနှင့် ရဲရင့်ခြင်းတို့ စုဝေးရာအလှတစ်ရပ် ...

စဉ်းစားရင်း ဖျတ်ခနဲ ရင်ထဲခုန်လှုပ်သွားကာ ကိုယ်ကို လှမ့်မှောက်လိုက်ပြီး ချောင်းဘက်သို့ ငဲ့စောင်းကြည့်မိလေသည်။

ချောင်းထဲမှာ တစ်ဝက်တစ်ပျက် ပေါ်နေသော ဧရာမ ကျောက်တုံးကြီးပေါ်မှ သူထလိုက်သည်နှင့်ဆုံ၏။

ဆံပင်တွေကို ပခုံးပေါ်မှကျော်ပြီး ရှေ့ဘက်သို့ သိမ်းမ,ကာ ကျောက်တုံး တစ်တုံးမှ တစ်တုံး ခုန်ကျော်ရင်း ချောင်းစပ်ဆီသို့ ကူးလာနေသည်။

ခြေလက်မျက်နှာ သန့်စင်ပြီး တအောင့်တနား အပန်းဖြေခဲ့သော်လည်း နွမ်းနယ်ဖျော့တော့ဆဲ မျက်နှာကလေးကို နေရောင်အောက်မှာ အတိုင်းသား လှမ်းမြင်နေရသည်။

အေးလေ ကိုယ်တောင် နားလိုက်တော့မှ မထချင်လောက်အောင် ဖြစ်လာသည်ပဲ၊ ကိုင်ရိုက်ထားသလို နာကျင်သော ခန္ဓာကိုယ်ကို ဖြစ်နိုင်လျှင် သည်မြက်ခင်းပေါ်မှာပဲ နာရီပေါင်းများစွာ ပုံလျှော့ပစ်ချထားလိုက်ချင်သေးသည်။

ချောင်းထဲမှ တက်လာတော့မည်မို့ လင်းဇော်က လေးကန်စွာ တစ်ဘက်သို့ စောင်းအိပ်လိုက်ရပြန်သည်။

'အိုး'

ဟူသော အထိတ်တလန့်အသံကလေးပဲ့တင်ရိုက်မတတ် ကြားလိုက်ရ၏။

ပြုလဲသံ၊ ရေဂယက်ထသံ။

ဆတ်ခနဲထိုင်လျက် အနေအထားဖြစ်သွားပြီး ချောင်းထဲကို လှမ်းကြည့်လိုက်သည်။

အိုး ...သူချော်ကျပြီ။

ကျောက်တုံးစွန်းကို မှီလျက် ချောင်းရေထဲမှာ ခါးတစ်ဝက် နစ်နေသည်။

ချောင်းစပ်မှာ ခြေသလုံးလယ်ခန့်သာ ရေအနက်ရှိမည်မို့ ထိုင်လျှက်လဲကျနေတာပဲ။

ကျောက်စွန်းကို အားပြုပြီး ထလိုက်သေး၏။ ပြီးမှ မျက်စိတွေတအားမှိတ်ကာ ရုတ်ခြည်း ပြန်ထိုင်ကျသွားသည်။

ကျောက်စွန်းကို တွယ်ထားသော လက်ကလေးတွေ ကတုန်ကယင်ရွေ့လျားဟန် မြင်ရတော့ လင်းဇော် ခုန်ထလိုက်လေသည်။

ကားပျက်ရှိရာသို့ လှည်းကြည့်လိုက်တော့ သူ့မျက်လုံးတွေမှာ မျက်စိသူငယ်နှင့်။ ရွက်ခြောက်တွေကို ဖြတ်နင်းပြီး လင်းဇော် အပြေးတစ်ဝက်ရောက်သွားတော့ ထိတ်လန့်စွာ သူ လှည့်ကြည့်သည်။

'ကိုလင်းဇော် ရှင် ရှင် မလာနဲ့။ ဒေါက်တာ ...ဒေါက်တာ့ကို ကျေးဇူး ပြုပြီး ...'

'ဟင် ...'

လင်းဇော်ခြေထောက်တွေ ချောင်းစပ်မရောက်ခင် တုံ့ခနဲရပ်သွား တော့သည်။

နွယ့်အနားပတ်လည်က ချောင်းရေတွေမှာ ခြင်းခြင်းနီလျက်။

'ဟင်...သွေးတွေ...ဘယ်နားထိသွားလို့လဲဟင် ...ကျွန်တော် ... ကျွန် တော် လာခေါ်ရမလား'

ခေါင်းကို သွက်သွက်ခါအောင်ယမ်းပြရုံမက ...

'မလာနဲ့ ...မလာနဲ့'

တွင်တွင်ငြင်းနေသည်။

'ဒေါက်တာ့ကို ...' ဟူသော တစ်ဝက်တစ်ပျက်အသံသည် တိမ်ဝင်လု မတတ်။

လင်းဇော် နောက်သို့ ချာကနဲလှည့်ကာ ပြန်ပြေးခဲ့ပြီး မင်းမောင်ကို အဝေးကြီးက လှမ်းအော်သည်။

'မင်းမောင် ...မင်းမောင် ...ဒီမှာ လာပါဦး...'

‘ငါ့တစ်သက်မှာ ဆရာဝန်ကို ဈေးသည်ခေါ်သလိုအခေါ် ခံရတာ ဒီတစ်ခါပဲ ရှိသေးတယ်”

မင်းမောင်က ဖရိုဖရဲ ပုံချထားသောပစ္စည်းတွေနားမှာ လင်းဇော်နှင့်အတူ ဝင်ထိုင်ရင်း ရယ်စရာ ပြောစပြုလေ၏။

ဖိုးကျော်သက် ... ခုတော့လည်း ဖြောင့်လို့ပဲ၊ တစ်သက်လုံး ဗရွတ်ရွတ်တ ပေါ့တီးပေါ့ဆ နေလာသည်လို့ မထင်ရလောက်အောင် လုပ်သင့်လုပ်ထိုက်သည်များကို သပ်သပ် ရပ်ရပ် လျှောက်လုပ်နေသည်။

နှမငယ်ကလေးတစ်ယောက်ကို ပြုစုစောင့်ရှောက်သလို သူကချည်း ဒိုင်ခံပြီး အောက်ခြေသိမ်း ဆောင်ရွက်နေသည်။

ဟိုကောင် လင်းဇော်ကတော့လား...လူနာရှင်ကျနေတာပါပဲ၊ ခြေမကိုင်မိ လက်မကိုင်မိ၊ ခုချိန်ထိ စိတ်လှုပ်ရှားတုန်း ထင်သည်။ ဖြစ်ရမည်လေ၊ သည်ကောင်က အနုပညာသမား ဆိုတော့ ...။

မုန့်သည်ခေါ်သလို လင်းဇော်၏ ‘လာပါဦး’ အသံကြားကြားချင်း

ရေအစပ်သို့ အမြန်လျှောက်ခဲ့သည်။ ကျော်သက်က ကပ်လျက် ထပ်ကြပ်မကွာပါလာ၏။

ခြင်းခြင်းနီသော ရေထဲမှာ လဲကျနေသည့် ဆရာမကလေးကိုမြင်တော့ ဆရာဝန်ရင့်မကြီးဖြစ်ပါလျက် ထိတ်ခနဲ တုန်လှုပ်သွားရသေးသည်။

တုန်ယင်အားဆုတ်နေသော ဆရာမကလေးသည် သတိစွဲမြဲစွာပင် မင်းမောင်ကို အားကိုးတကြီး လှမ်းကြည့်၏။

'ဒေါက်တာ ...'

သည်တော့မှ ဆရာဝန်စိတ် ရုတ်ခြည်းဝင်လာပြီး ရေစပ်သို့ ဆင်းရသည်။

'ကျွန်တော့်ကို တွဲပြီး ထ,နိုင်မလား'

မင်းမောင် လက်ကမ်းတော့...

'ဒေါက်တာ ...ကျွန်မ ... ကျွန်မ ... အဘော့တ်ဖြစ်ပြီ ထင်တယ်၊ ပရက်(က်) သုံးလခွဲ၊ ကျောက်တုံးပေါ်က ချော်ပြီး ကျောက်စွန်းနဲ့ ရိုက်မိတယ်၊ ထိုင်လျက်ပဲ၊ ဒေါက်တာ..ဘာလုပ်ရမလဲဟင်... သွေးတွေ တအားပဲ'

အံ့ဩစိတ်ကို ထိန်းချုပ်ရင်း လိုအပ်သည့် မေးခွန်းကို အလျင်ဆုံး ထုတ်ရသည်။

"ဘယ်လိုတအားလဲ ဆရာမ ... သွေးသွန်တာလား၊ ဆင်းတုန်းပဲလား"

နှုတ်ခမ်းတွေ တင်းတင်းဖိပြီး ခေါင်းညိတ်လေသည်။ နီညစ်ညစ် အရောင်ပြောင်းသွားသော မျက်နှာကြောင့် အရှက်မွှန်နေပြီဟု သိလိုက်သည်။

ကိုယ်ကလည်း ချက်ချင်းတော့ ခြေမကိုင်မိ လက်မကိုင်မိ။

ဆရာဝန်သည် ဆရာဝန်သာ ဖြစ်သည်။ ကြက်ခြေနီအတတ်နှင့် ကျင့်သား မရတာတော့အမှန်ပင်။ ကြက်ခြေနီဆိုလျှင်တော့ လျှပ်တစ်ပြက် ရေ

ထဲက ပွေ့ဆယ်ပြီး သစ်ရိပ်ကောင်းကောင်းမှာချပြီး ပြုစုကုသဖို့ပင်။

ခုတော့ ဆရာမကလည်း ရှက်တတ်လွန်းသူ ဖြစ်နေသည်။ မိမိကလည်း စမ်းသပ်ခုတင်ပေါ် အသင့်အိပ်ပြီး။ လုံချည်တွေ ဘာတွေဖြေလျှော့ အသင့်ရှိပြီး လူနာကိုမှ ဆေးအပ်စိုက်သွင်းတတ်သော အကျင့်က အပိုးကျိုးနေသည်။

ခဏ ကြောင်တောင်ရပ်နေဆဲမှာ ကျော်သက် လှုပ်ရှားလိုက်လေသည်။

သူ့ဂျာကင်ကိုချွတ်ကာ မြက်ခင်းပေါ်ပစ်ချလိုက်ပြီး ချောင်းရေထဲ ခပ်ရဲရဲဆင်းလျှောက်သွားတော့သည်။

အရုပ်ကလေးတစ်ရုပ် မ,ယူသလို သူ့လက်ထဲပါလာသော ဆရာမလေးက ငြင်းဆန်သေး၏။

"ကျွန်မ ကြိုးစားလျှောက်ပါ့မယ်၊ ချလိုက်ပါ၊ ချပေးပါရှင်"

"ဆရာမ လှုပ်လို့မဖြစ်ဘူး၊ လုံးဝ ငြိမ်ငြိမ်နေရမယ်လေ"

ဆရာဝန် အစီအမံမို့ ဆက်လက် မငြင်းဆန်တော့ဘဲ တိတ်ဆိတ်သွားပြီးမှ "ကန်တော့နော်" ဟု တဖွဖွ ပြောနေပြန်သည်။

သစ်ရိပ် မြက်ခင်းပါးလျားပေါ် ချလိုက်တော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် စီးဆင်းနေသော သောကမျက်နှာ။

"ငြိမ်ငြိမ်လေးနေလိုက်၊ သက်သာမယ်၊ စိတ်မပူပါနဲ့ ဆရာမ"

လက်ကောက်ဝတ်ကို အသာလွှတ်လိုက်ပြီး ကားဆီသို့ လျှောက်ခဲ့သည်။

သွားလေရာ သယ်နေကျ ဆေးအိတ်ကို ကျေးဇူးတင်ရပြီ။

သည်လမ်း သည်ခရီးအတွက်တော့ ဆရာဝန်နှင့် ဆေးအိတ်မခွဲခွာ အပ်ဟု အတွေ့အကြုံအရ သဘောပေါက်ခဲ့သည်မှာ ကြာပြီ။

ကားပျက်သလို လူလည်းပျက်တတ်သည့်ခရီး။ ထိခိုက်ဒဏ်ရာ ရှာမရသည့်တိုင် ခရီးကြမ်းကြောင့် ပန်းဖျား ဖျားကြတာတွေ၊ ရှိရင်းရောဂါ တိုး

ကြတာတွေ လမ်းကြုံဆုံဖူးပေါင်းများလှပြီ။

ဆရာဝန်မှာ ဆေးအိတ်မပါလျှင် လက်ဖြတ်ထားသလိုပါပဲ။

ကျော်သက်က ဆရာမလေး၏ ယူအက်စ်သေတ္တာကြီးကို ဆွဲချသွားသည်။

'ကြည့်စမ်း မြန်လိုက်တဲ့ကောင်'

တစ်ပိုင်း စိုရွှဲနေသော လူနာကို သည်အတိုင်းပဲ စမ်းသပ်ရလေသည်။ ကိုယ်ဝန် သုံးလခွဲဟု ကာယကံရှင်ကိုယ်တိုင် ဖွင့်ဟပြီးသား။

နားကြပ်ဖြင့် နေရာပြောင်းရွှေ့ထောက်စမ်းရင်း...

'ပထမဆုံး ကိုယ်ဝန်လား'

'ဟုတ်ကဲ့' ဟု သဲ့သဲ့ဖြေသည်။

ကလေးတိုးနေသည်။ သုံးလခွဲ လေးလလောက်ဟု ခန့်မှန်းလိုက်သည်။

နှလုံးခုန်သံသည် ပုံမှန်။

ပြင်းပြင်းထန်ထန် ထိခိုက်မိသည့်ဒဏ်ကြောင့် သန္ဓေသား ပတ်လည်ရှိ သွေးအိတ်ပြိုဆင်းခြင်းဖြစ်သည်။ သန္ဓေသားမှာ နေသားတကျ။

'တစ်နာရီ နှစ်နာရီလောက် အိပ်ပြီး ငြိမ်ငြိမ်လေးနေလိုက်ရင် ကောင်းမယ်'

ပါးစပ်က ထုတ်ပြောမယ့်သာ ပြောလိုက်ရသည်။ စိတ်ထဲမှာတော့ အတော် မွန်းကျပ်နေလေသည်။

ဘယ်လို အိပ်စေရပ့ါမလဲ၊

ဘယ်လို နားစေရပ့ါမလဲ၊

အခက်ဆုံးက ရေစိုအဝတ်တွေကို ဘယ်လို လဲလှယ်စေရပ့ါမလဲ။

"ညီမလေး အဝတ်သေတ္တာဖွင့်ဖို့ သော့"

ခပ်လှမ်းလှမ်းမှာ ချထားသော သူ့ကင်ဗိုအိတ်ကို လှမ်းတောင်းသည်။

ပြီး ရင်ဘတ်ပေါ်တင်လျက် ဇစ်ကိုဆွဲဖွင့်ကာ ယုန်မွေးပိုက်ဆံအိတ်သေးသေး ကလေးကို စမ်းထုတ်လိုက်လေသည်။ ပိုက်ဆံအိတ်ထဲမှာ 'သော့ ...'

'ဖွင့်ပြီး ကျွန်မနားကပ်ထားပေးခဲ့ပါ။ ကျွန်မဘာသာ ဖြည်းဖြည်းချင်း ကြိုးစားပြီး အဝတ်လဲပါ့မယ်'

သိမ်မွေ့စွာ 'နှင်'ခြင်းဟု သဘောပေါက်လိုက်သည်။ ငိုင်ရပ်နေသော လင်းဇော်ကို လှမ်းလက်ရိပ်ပြကာ ...

'ငြိမ်ငြိမ်နေဖို့ အဓိကနော်၊ ထင်သလို အဘောရှင်း မဟုတ်ပါဘူး၊ အားလုံးကောင်းနေတာပဲ၊ သွေးဆင်းသေးလား'

'ရပ်သွားပြီ ထင်တယ်'

'အိုကေ ကောင်းသွားမှာပါ၊ ဖြည်းဖြည်းလုပ်၊ မနိုင်ရင် ပြောနော်၊ မိန်းမဖော် ပါတာမှ မဟုတ်ဘဲ၊ မရှက်ပါနဲ့ဆရာမ၊ ကျွန်တော်တို့ကို ရှက် ရင်တောင် အဲ့ဒီကောင် ကျော်သက်ကို မိန်းမဖော်လို သဘောထားပြီး ခိုင်းချင်တာသာ ခိုင်း'

'ဟုတ်ပါတယ်ကွယ်၊ ညီအစ်မလို သဘောထား'

ကျော်သက်က ရင်းနှီးလာအောင် ကြိုးစားနောက်ရွတ်နေ၏။

'အို ရပါတယ်၊ အစ်ကိုလဲ သွားပါ'

ကျော်သက်ကို ပထမဆုံး 'အစ်ကို' ဟုခေါ်သံကြားရသည်။

သေတ္တာပွင့်သွားပြီး အော်တိုခလုတ်နှင့် အဖုံး ကြွတက်လာ၏။

ပက်လက်အနေအထားကပင် သေတ္တာထဲသို့ လက်နှိုက်စမ်းကာ သူ့ အမှတ်သညာနှင့်သူ လုံချည်တစ်ထည်ကို ဆွဲထုတ်ယူသည်။

လုံချည်နှင့်အတူ ရောပါလာသော အဝတ်တွေကို ကျော်သက်က အပြင်ထွက်မကျမီ ဖမ်းထိန်းလိုက်ပြီး လုံချည်တစ်ထည်တည်း သီးခြား ဆွဲထုတ်ပေးလိုက်၏။

'ကန်တော့ပါရှင်'

'ရပါတယ်ကွယ်'ဟု ကျော်သက်က ကြင်ကြင်နာနာပြောကာ ထ, ထွက်လာသည်။ ပြီးတော့ သုံးယောက်သား ကျောခိုင်းလျှောက်ခဲ့လေသည်။

ဂျစ်ကား၏ တစ်ဘက်အကွယ် လမ်းမသစ်တုံးတွေပေါ်မှာ ကား သမား ဆရာတပည့်သည် ထိုင်ရမလို ထ,ရမလို ဆီးကြိုနေ၏။ မျက်စိမျက်နှာ အပျက်ပျက်နှင့်။

'လူနာက သိပ်အရေးကြီးသလား ဒေါက်တာ'

ကားဆရာက သူ့ကားပျက်ကြောင့် မလုံမလဲဖြစ်နေသည်။

'ကားတစ်စီးစီးတော့ ရောက်လာတတ်ပါတယ်။ စက်ဘီးသမားတွေ မီလာယင်လဲ ကားမှာယူလို့ ရနိုင်မှာပါ၊ သိပ်အရေးကြီးရင်တော့ ကျွန်တော် ခြေကျင်ပြေးလိုက်ပါ့မယ်ဆရာ၊ ဒီကနေ နှစ်မိုင်သာသာလောက် ဆက် လျှောက်ရင် ကားရနိုင်ပါတယ်'

'ခင်ဗျားတို့ကား အေးအေးဆေးဆေးသာ ပြင်၊ လူနာကို ဒီမှာ အနည်း ဆုံး နှစ်နာရီခွဲ သုံးနာရီလောက် သိပ်ထားရမှာ'

ကားဆရာ၏ သက်ပြင်းချသံကို ကြားရလေသည်။ ဆရာတပည့် နှစ်ယောက်သား ကားပြင်ကိရိယာတွေ ကောက်ကိုင်မည်ပြင်တော့ ...

'နေကြဦး ... ဟိုမှာ အဝတ်အစားလဲနေတယ်'

စပယ်ယာကောင်လေးက ဒူးယားဘူးထုတ်ပြီး ကမ်းသည်ကို လက်ခါ ပြလိုက်သည်။ ကျော်သက်ကလည်း 'မသောက်တော့ဘူးညီလေး၊ ကျေးဇူး ပဲ'ဟု ငြင်းသည်။

လင်းဇော်တစ်ယောက်သာ တစ်လိပ်လှမ်းဆွဲပြီး၊ မီးခြစ်တောင်းနေ သည်။ သည်ကောင် စိတ်တွေလှုပ်ရှားနေသည်ထင်ရဲ့။ စီးကရက်မှာ မီးငြိ နေပြီဖြစ်သော်လည်း ခါတ်ငွေ့ မီးတောက်ကို တော်တော်နှင့် ပြန်မပိတ်။

ပြီးတော့လည်း အဝေးတစ်နေရာသို့ ငေးမောရင်း စီးကရက်ကို မြင်မကောင်း ရှုမကောင်း မီးခိုးထောင်းထောင်း ထမတတ် ဆက်တိုက် ဖွာရှိုက်နေလေသည်။

'သူ့အိပ်ရာလိပ်ကို ခင်းပေးယင် ကောင်းမယ်ထင်တယ်'

ကျော်သက်က အလျင်ဆုံး သတိရသည်။

'သူငယ်ချင်း ကျော်သက်၊ ငါတော့ မင်းကို ကြည်ညိုပြီးရင်း ကြည်ညိုရင်းပါပဲကွာ၊ တားမနိုင်ဆီးမရကို ကြည်ညိုနေမိပြီ'

'အဲဒါ ဘာဖြစ်တာလဲ မင်းက အရေးထဲ'

'ဩော် တကယ်ပါ၊ မင်းနဲ့ငါ တမူးမှာ တစ်ယောက်မျက်စိအောက် တစ်ယောက်နေလာကြတာကြာပြီ၊ မိန်းကလေး တစ်ယောက်ကို တစ်ခါမှ ဂရုတစိုက် တလေးတစား ဆက်ဆံတာ မတွေ့ဖူးဘူး၊ ခုတော့လဲ ...'

'ဒါလား' ဟုဆိုကာ ကျော်သက်က ဟက်ခနဲတစ်ချက် ရယ်သည်။

'ငါ မိန်းမနှစ်ယောက်ရဖူးတာ မင်းသိတယ် မဟုတ်လား မင်းမောင်'

'ဟား ...သိပ်သိပေါ့၊ လောလောဆယ် မိန်းမ မယူဘဲ ရှုပ်ချင်တိုင်း ရှုပ်နေတာလဲ သိပေါ့၊ နေပါဦး အဲဒါ ငါပြောတာနဲ့ ဘာဆိုင်လဲ'

လင်းဇော် လှည့်ကြည့်သည်။

'အလကား ကောင်မတွေကွ၊ တစ်ယောက်က ကလေး ခဏခဏ ဖျက်ချတယ်၊ နောက်တစ်ယောက်ကျတော့ ကလေးမရအောင် လုပ်ထားတယ်'

'ဟာ ဟေ့ကောင်'ဟု လင်းဇော်စကားဝင်ဖြတ်သည်ကို အသာ စောင့်ကြည့်နေလိုက်သည်။ အကြောင်းသိချင်းမို့ မင်းမောင်ကတော့ ကျော်သက် ဘာဆိုချင်သည်ကို ရိပ်မိသလိုရှိ၏။

"ကိုယ်ဝန်ဆုံးရှုံးမှာကို အထိတ်တလန့် စိုးရိမ်နေတဲ့ မိန်းကလေး တစ်ယောက်ရဲ့ အမူအရာဟာ ငါ့တစ်သက်မှာ ဒီတစ်ခါပဲ တွေ့ဖူးတယ်၊

ဘယ်လို စိတ်ထိခိုက်မှန်းမသိဘူး မင်းမောင်၊ သွေးထဲသားထဲမှာကို ခံစားလိုက်ရတယ်၊ ယောက်ျားလဲ ပါမလာဘူး။ အိမ်ထောင်နဲ့ခွဲပြီး တစ်ရပ်တစ်ကျေး စွန့်စားရောက်လာတဲ့ မိန်းကလေး။ နှမလေးလို သမီးလေးလို ကရုဏာဖြစ်တယ်ကွာ၊ သွေးခြင်းခြင်းနီရဲနေတဲ့ ချောင်းရေထဲမှာ ကျောက်တုံးကြီးကို ဖက်ပြီး လဲနေရာက မျက်စိသူငယ်နဲ့ မော့ကြည့်လိုက်တဲ့ အကြည့်၊ ဒေါက်တာ…ကျွန်မ အဘော့တ် ဖြစ်သွားပြီ ထင်တယ်လို့ ကတုန်ကယင်ပြောလိုက်တဲ့ အသံလေး ငါ့မျက်စိထဲ၊ နားထဲက ဘယ်တော့မှ ထွက်မှာမဟုတ်တော့ဘူး၊ အဲဒီမြင်ကွင်း ကြုံလိုက်ရကတည်းက မိန်းမတွေအပေါ်ငါ့အမြင် ပြောင်းသွားပြီ”

‘ကျော်သက် …’

မင်းမောင်က ရင်ခေါင်းသံကြီး လှိုက်ထွက်လာအောင် ခေါ်ရင်းကျော်သက်ပခုံးကို တင်းတင်းလှမ်းဆုပ်ကာ သွက်သွက်ခါအောင် လှုပ်ယမ်းပစ်လိုက်မိသည်။

‘စောစောကထက် အဆတစ်ရာမက တိုးပြီး ကြည်ညိုပါတယ်ကျော်သက်ရာ’

နုနယ်သူ လင်းဇော်ကတော့ ပါးစပ်အဟောင်းသားဖြင့်ငေးကြည့်ဆဲ။

❍

'ငါဘာလုပ်ပေးရမလဲဟင်'

ပုံမှန်မဟုတ်သော အသံကို မနိုင့်တနိုင် ထိန်းနေရကြောင်း မင်းမောင် သိသည်။ နုနယ်ရှာသော သူငယ်ချင်းကို ကရုဏာဖြစ်ရသော်လည်း မသိ ကျိုးကျွန် ပြုကာ...

'ဘာမှလုပ်ပေးဖို့ မလိုဘူး လင်းဇော် ...ဒေါက်တာ မင်းမောင် ရှိတယ်၊ နှစ် ကျော်သက်ရှိတယ်။ မင်းက ကလေး ကလေးလိုပဲနေ'

'အေးဟုတ်တယ်၊ ကလေးဆိုတာ တောက်တိုမည်ရခိုင်းတာ လုပ်ရ တယ်၊ လူနာအိပ်ရာပြင်ရအောင် လာ ငါနဲ့လိုက်ခဲ့'

ကျော်သက်က ကားပေါ်မှ အိပ်ရာလိပ်ကိုဆွဲယူကာ ပခုံးပေါ် ထမ်း လိုက်ပြီး လမ်းတစ်ဘက်သို့ ကူးသွားသည်။

'လာကွာ' ဟု မင်းမောင်ဆွဲခေါ်မှ လင်းဇော်အိပ်မက်ယောင်သော ခြေလှမ်းများဖြင့် ကိုးရိုးကားရား လှမ်းလိုက်လာသည်။

ကျော်သက်က လူနာဘေးနားကပ်လျက် အိပ်ရာလိပ်ကို ဖြန့်နေသည်။

'ခေါင်းရင်းဘက်က သိပ်မမြင့်စေနဲ့ကျော်သက်'

ကျော်သက်ကို တစ်ခွန်းလှမ်းပြောရင်း လူနာနား ဒူးထောက်ထိုင်ချကာ လက်ကောက်ဝတ်ကို စမ်းကြည့်၏။ မှိန်းနေသော လူနာ မျက်လုံးတွေ ပွင့်လာသည်။ ဖျားသွေးမရှိဟု စိတ်ချပါလျက် နဖူးပြင်ကို လက်ဖမိုးနှင့် တစ်ချက်စမ်းသေး၏။

'နေသာရဲ့လား ဆရာမ၊ မူးသလား ...ချမ်းသလား'

'ကောင်းပါတယ် ဒေါက်တာ'ဟု ဖျော့တော့သော လေသံဖြင့် ဖြေသည်။

'နည်းနည်းတော့ မောမှာပေါ့'

'ခံသာပါတယ် ဒေါက်တာ'

'သွေးဆင်းသေးလား'

'ဟင့်အင်း ကောင်းသွားပါပြီ'

'သေချာတယ်နော်'

'ဟုတ်ကဲ့ ဒါ ဒါပေမယ့် ဒေါက်တာ ...ဟို...'

'ပြောပါ ...အားမနာနဲ့လေ'

'ကလေး...ကလေးလေ ...တစ်ခုခုများ ထိခိုက်မလားဟင်'

'အို ...မထိခိုက်ပါဘူး၊ ဘာမှ မဖြစ်ဘူး၊ စိတ်ချ၊ သူ့ ဘေးမှာ ဖွဲ့စည်းနေတဲ့ သွေးတွေထဲက နည်းနည်းပါးပါး ပြိုဆင်းလာတာ၊ ခု ကောင်းသွားပြီပဲ'

စကားမဆုံးခင် မျက်စိတွေ မှိတ်သွားကာ မျက်ရည်စတွေ လိမ့်ဆင်းလာသည်။

အိပ်ဆေးပေးရမည်လားဟု စဉ်းစားဆဲ အိပ်ရာပြင်ပြီးသော ကျော်သက်က လူနာကို ပွေ့ပြီး အိပ်ရာပေါ် ရွှေ့ချလိုက်လေသည်။

သည်တစ်ခါတော့ နှုတ်မှ အားနာစကားမဆိုနိုင်တော့ဘဲ ကျော်သက်ကို လက်အုပ်ချီပြီး ကန်တော့ဟန် ပြုရှာ၏။ ကျော်သက်က ဂွမ်းစောင်ကို ဖြန့်ခြုံပေးရင်း...

"ဘာမှ အားမနာနဲ့နော်၊ အစ်ကိုတို့တစ်ဖွဲ့လုံး အေးအေးဆေးဆေး စောင့်ခေါ်သွားမှာ၊ ဘာမှ အားမနာနဲ့၊ လိုတာပြော ... ညီမလေးရဲ့ အိမ်ကို အကြောင်းကြားပေးစေချင်သလား"

တုံ့ပြန်သံမကြားရ။

နှုတ်ခမ်းတွေဖိပြီး ကြိတ်မှိတ်မျိုသိပ်ရင်း တစ်ချက်မျှ ရှိုက်သည်။

သွန်ကျလာသော မျက်ရည်စများဖြင့် ပါးနှစ်ဖက်စလုံး ရွှဲနစ်လျက်ရှိပေပြီ။

"ကဲ...ကဲ စိတ်ကို လျှော့ထား ဆရာမ၊ စိတ်ညစ်စရာတွေ မတွေးနဲ့ အသက်မှန်မှန်လေးရှူပြီး အိပ်ပျော်အောင် ကြိုးစားလိုက်"

မင်းမောင်ကို စိုစွတ်သော မျက်လုံးများဖြင့် တစ်ချက်ဖွင့်ကြည့်ပြီး ခေါင်းညိတ်ပြသည်။

ဘေးသို့ တစ်ချက် စောင်းငဲ့ကြည့်ကာ သူ့ကင်ဗိုအိတ်ကို လှမ်းဆွဲယူ၏။

လင်းဇော်က အနားရောက်အောင် ကူရွှေ့ပေးရင်း...

'ကျွန်တော် ဖွင့်ပေးမယ်လေ၊ ဘာလိုချင်လို့လဲဟင်'

အားလျော့ပန်းလျနေပြီဖြစ်သောကြောင့် လက်ကိုပင် ကောင်းစွာ မသယ်နိုင်။ လင်းဇော်ကို ခေါင်းညိတ်ပြရင်း အိတ်ကို လွှတ်လိုက်တော့ လက်သည် ကြိုးဖြတ်ချလိုက်သလို မြက်ခင်းပေါ် ပြုတ်ကျသွားလေ၏။

'အိတ်ထဲမှာ ရှာကြည့်ပါနော်၊ မီနီအယ်လ်ဘမ်ကလေး တစ်ခုရှိတယ်၊ ကျွန်မ ဘယ်သူဘယ်ဝါ ဆိုတာလောက်တော့ အသိပေးသင့်တယ် ထင်လို့ပါ၊ ကျေးဇူးကြီးလှတဲ့ ဒေါက်တာတို့အဖွဲ့...အို...ကျွန်မ ပြောစရာတွေ

အများကြီး ရှိပါတယ်၊ မောလို့ပါနော်’

တစ်လုံးချင်း နားရင်းပြောနေသော စကားတွေ တဖြည်းဖြည်း တိမ်ဝင်မှိန်ပျောက်သွားသည်။

လူနာအိပ်ပျော်စေဖို့၊ အားပြည့်လာစေဖို့ တစ်စုံတစ်ခု လုပ်ရတော့မည်။ မင်းမောင်က ဆေးအိတ်ကို ဖွင့်ပြီး နှစ်မျိုးစပ်ထိုးပေးဖို့ ဆေးပုလင်း များစွာထဲမှ ရှာဖွေရွေးထုတ်နေသည်။

မင်းမောင်လက်ထဲမှာ ဆေးထိုးအပ် အဆင်သင့်ဖြစ်ချိန်တွင် လင်းဇော်ကလည်း မီနီအယ်လ်ဘမ်ကလေးကို ရှာဖွေတွေ့ ရှိသွားလေပြီ။

ဆေးထိုးခြင်းကိစ္စမှာ တစ်ခဏချင်း ပြီးသွားသည်မို့ လင်းဇော်နှင့် အတူ မြက်ခင်းစပ်မှာ ခြေပစ်လက်ပစ် ထိုင်ကြသည်။

‘ငါ့တစ်သက်မှာကွာ၊ ဆရာဝန်ကို ဈေးသည်ခေါ်သလို ခေါ်တာ ဒီတစ်ခါပဲ ကြားဖူးတယ်’ဟု မင်းမောင်ပြောတော့ လင်းဇော်က မျက်နှာ နီနီနှင့် ရယ်သည်။

ခုမှပင် ရယ်စရာတွေ ပြောနိုင် ရယ်နိုင်တော့သည်လေ။

ဝတ်ကြီးဝတ်ငယ် ဆောင်ရွက်၍ မပြီးစီးနိုင်သော ကျော်သက်ကို စောင့်ရင်း ရယ်စရာတွေ အပြန်အလှန်ပြောကြတော့ လင်းဇော်တစ်စစ ရွှင်ပျပေါ့ပါးလာသည်ကို အကဲခတ်မိသည်။

‘မေ့နေလို့ဟေ့၊ ချောင်းစပ်မှာ ငါ့အကျႌ သွားကောက်ရဦးမယ်ကွ’

ဝါးရွက်ခြောက်တွေပေါ် ဖြတ်နင်းကာ ချောင်းဆီသို့ ဆင်းသွားသော ကျော်သက်ကို တစ်ဆုံးလိုက်ကြည့်ရင်း ‘လမ်းလျှောက်ပုံကတော့ အမေရိကန်ဇာတ်လိုက်ပဲ’ ဟု မင်းမောင်က ဝေဖန်ချက်ပေးသည်။

○

ဖျပ်ဖျပ်လက်နေသော ချောင်းရေလျဉ်ကို ခဏရပ်၍ ငေးသည်။ ကျောက်တုံးကျောက်စွယ်တွေကို ကွေ့ဝိုက်ပွတ်တိုက် လျှောဆင်းသွားသော မြင်ကွင်းသည် ကျော်သက်အတွက် အထူးအဆန်းမဟုတ်။

သို့သော် သီကရီ လွန့်လျှောနေသော သည်ချောင်းရေ၊ သည်ကျောက်စွန်း ကျောက်စွယ်တွေကြားမှာ အထူးအဆန်းတစ်ရပ်ကို ခံစား သိမြင်ခဲ့ရသည်မို့ အာရုံငြိတွယ်ခဲ့ပြီပင်။

သည်စိတ်ထိခိုက်ဖွယ် အဖြစ်အပျက်ကလေးနှင့် မကြုံကြိုက်မီ စက္ကန့်ပိုင်းအထိတော့ မိမိအဖို့ မိန်းမဆိုတာ မိန်းမပါပဲ။

မိန်းမမြင်လျှင် ညစ်ညမ်းသော အတွေးတစ်ခု ဖြစ်ထွန်းသည်ကလွဲပြီး ကျော်သက်အဖို့ ဘာမှမထူးခြားချေ။

သည်ဆရာမကလေးကိုလည်း တွေ့တွေ့ချင်း သည်လိုပဲ ခံစားမိသည်။

'ဆရာမဖြစ်ဖြစ် ဘာဖြစ်ဖြစ် ငါကတော့ ကားပေါ် မိန်းမတစ်ယောက်ပါလာရင် ပျော်တာပဲ'

စိတ်ထဲရှိသလို ပြောခဲ့ဖူးသည့်စကား၊ ခုမှ ကိုယ့်စကား ကိုယ်ပြန်လည်ကြားယောင်ပြီး 'ငါဟာ အတော် သော့သွမ်းကြော့ကြမ်းနေတဲ့ ကောင်စားပါလား'ဟု လိပ်ပြာရှက်နေသည်။

ကိုယ်က မကောင်းခဲ့သူမို့ အကောင်းနှင့် မကြုံကြိုက်ဖူးတာလည်း ဖြစ်မည်။ ကျော်သက်နှင့် ဆုံစည်းခဲ့သမျှ မိန်းမအားလုံးကတော့ မရိုးမစွဲ၊ အတူတူနှင့် အနူနူချည်းပါပဲ။

ကိုယ်ကိုယ်တိုင်ကလည်း ဘဝမှာရိုးသားခြင်း၊ နုပျိုခြင်းကို အချိန်ကြာကြာ ထိန်းသိမ်းမထားနိုင်ခဲ့သော ချွတ်ယွင်းချက်ရှိသည်။

ဘွဲ့မရမီ ကျောင်းသားဘဝကပင် စီးပွားရေးသမားတစ်ပိုင်း ဖြစ်ခဲ့သည်။ နေရင်းဇာတိကလည်း နယ်စပ်၊ မျိုးရိုးစဉ်ဆက်လုပ်ငန်းကိုကလည်း ပွဲရုံ၊ မှောင်ခိုလုပ်ရင်း ခေါင်းသွားမြမြပေါ်က ပျားရည်အရသာကို ခံစားပြီး လူလားမြောက်ခဲ့ရသော ကျော်သက်ဖြစ်သည်။

တမူး-မန်းတက္ကသိုလ်၊ တမူး-ရန်ကုန်တက္ကသိုလ် အသွားအပြန် ခရီးများသည် ပညာရေးတစ်ဝက် စီးပွားရေးတစ်ဝက်တည်း။ လေကြောင်းခရီးပဲဖြစ်ဖြစ်၊ ရေကြောင်းခရီးပဲဖြစ်ဖြစ် ခရီးစရိတ်ကိုက်အောင် ကိုယ်တွက်ကျန်အောင် အကြံအဖန်ပါမြဲ ဖြစ်သည်။

ပိုက်ဆံပေါ၍ ဘွဲ့တစ်ခုခု ရအောင် ယူခဲ့ခြင်းသာဖြစ်ရာ ဘွဲ့ရ၍ ကျောင်းပြီးသွားတော့ နေရင်းသို့ အပြီးပြန်ခဲ့ရုံကလွဲပြီး ဘာရည်ရွယ်ချက်မှ မရှိ။

ပထမတော့ အဖေ့ပွဲရုံမှာ ဝင်ကူသေးသည်။ အဖေကလည်း နောက်အိမ်ထောင်နှင့် ဆိုတော့ တစိမ်းဖက်သော စီးပွားရေးလုပ်ငန်းမှာ အဖေ့သားက လက်ဝေခံလိုဖြစ်နေသည်။ ကတ္တသိုလ်ပထမနှစ်မှာ အမေ ဆုံးခဲ့ပြီး အဖေ နှစ်နှစ်အတွင်း အိမ်ထောင်သစ်ထူခဲ့ခြင်းကို မကျေနပ်ချင်တာလည်း

ပါသည်။

အဖေတစ်ခု သားတစ်ခုပေမယ့် ခုမှ ပျားရည်ဆမ်းကာလကို ပြန်ရောက်နေသော အဖေ့ငယ်မူပြန်ဘဝကိုလည်း မနှောင့်ယှက်ချင်။

သို့ဖြင့် အမွေခွဲသည်ဟု မဆိုလောက်သော်လည်း မနည်းလှသော ရင်းနှီးငွေပမာဏကို အဖေ့ထံမှ တစ်လုံးတစ်ခဲတည်း တောင်းယူလိုက်ပြီး သီးခြားစီးပွားရေးလုပ်ငန်း ထူထောင်ခဲ့ခြင်း ဖြစ်သည်။

ကျော်သက်၏ စီးပွားရေးလမ်းကြောင်းမှာ တမူးကလေး ခရီးမဟုတ်၊ သည်လမ်းကို သိပ်ပြီး အားမပြုတော့ချေ။ တစ်ရာသီမှာ တစ်ကြိမ်ဆိုသလိုသာ ကလေးဘက်က ဆန်အိတ်တွေ၊ ပဲအိတ်တွေကားနှင့် တိုက်ချလေ့ရှိသည်။ ဒါလောက်ကတော့ မလုပ်၍လည်းမဖြစ်၊ ရာသီချိန်ကျလျှင် တစ်နင့်တစ်ပိုး မြတ်သည့်ကိစ္စမို့ ငွေကို မြင်နေရလျှင် ကျော်သက်တို့ မလှုပ်ရှားဘဲ မနေနိုင်။ သွေးထဲသားထဲက 'ယား' လာသည်မို့ အယားပြေရုံတော့ လှုပ်ရှားရသည်။

ကျော်သက်၏ အဓိကလမ်းကြောင်းက ရေလမ်းခရီး...

ဧရာဝတီမှသည် ချင်းတွင်းမြစ်ရိုးတစ်လျှောက် ငရုတ် ပဲအမျိုးမျိုး၊ ဆန်တို့ကို အဓိက သယ်ယူသည်။

ပြန်လည်ပို့ဆောင်ရသည့် ကုန်ပစ္စည်းတွေကတော့ အများသိကြသည့်အတိုင်းပါပဲ။ တမူးပစ္စည်းဟု ကျော်ကြားသော တစ်ဘက်ကမ်းမှ ထွက်ကုန်များပင်။ တစ်ဘက်နိုင်ငံ နယ်စပ် မိုးရေးမြို့ငယ်ကလေးမှ မှောင်ခိုဝင်လာသည့် လူသုံးပစ္စည်းမျိုးစုံ။

သည်ပစ္စည်းတွေက ဈေးချိုသည်။ အတော် ပျံ့နှံ့တွင်ကျယ်လျက်ရှိလေပြီ။

အမျိုးသမီးဝတ် တမူးလုံချည်တွေကို ထားဦး၊ ယောကျ်ား ပလေကပ်

က ရန်ကုန်အထိ ပို့နိုင်လျှင် ခေါက်ချိုး မြတ်သည်။ ဝန်ကျဉ်းသော ဟင်းခတ် အမွှေးအကြိုင်ပစ္စည်းတွေ၊ ကွမ်းယာဆိုင်သုံး အမွှေးအကြိုင်ပစ္စည်းတွေ ကျော်သက် ပိုပြီးစိတ်ဝင်စားသည်။

နာမည်ကျော် 'တမူးရှံ' တွေထက် သည်အသေးအဖွဲ ကလေးတွေက ပိုပြီး တွက်သားကိုက်လေသည်။

မကောင်းတာတွေကတော့ မကောင်းတာချည်းပင်၊ 'မှောင်ခို' ဟု အသတ်မှတ်ခံရကတည်းက ဘာကောင်းတော့လို့တုန်း။

ဒါ့ကြောင့် မကောင်းမှုလုပ်သမျှတွေကို အသေးစိတ် ပြန်မတွေးချင်၊ အတိုချုပ်ကတော့ မီးစင်ကြည့်ပြီး က,တတ်ဖို့ပါပဲ၊ ဟိုကွေ့မှာ ဟိုတက်နှင့်လျော်၊ သည်ကွေ့မှာ သည်တက်နှင့် လျော်ရင်း ကျွမ်းကျင်ခဲ့ပြီပင်။

မြို့မှာ လူမှုရေးကိစ္စ၊ ရပ်ရွာရေးကိစ္စကို မငြင်းတမ်း ကမကထပြု တာဝန်ယူလေ့ရှိသည့် ကုန်သည်ကြီး ဦးကျော်သက်လေ။

သည်တာဝန်တွေကို ယူနိုင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်ခြင်းတို့မှာ အညမညဆက်သွယ်နေသည်။ အပြန်အလှန် အကျိုးပြုနေသည်။

စီးပွားရေးအောင်မြင်၍လည်း ရပ်ရွာလူမှုရေးတာဝန်ကို ကျေပွန်နိုင်သည်။

သည်တာဝန်တွေကို မငြင်းတတ်သူမို့လည်း စီးပွားရေးလုပ်ငန်းတွေ အဆင်ချောရပြန်သည်။

ကျော်သက်၏ ဇာတာကိုကလည်း မကောင်းမှုနှင့် အကျိုးပေးသန်သည်ထင့်။ ဆုံးရှုံးရလည်းခဏပင်၊ ငွေမျော ငွေနှင့်လိုက်ပြီး ပြန်လည်ဖြစ်ထွန်းမြဲ။

ကျော်သက်ဘတစ်လျှောက်မှာ ငွေနှင့်မိန်းမ အကျိုးပေးချင်း အတူတူ။

ငွေပေါသလို မိန်းမလည်း ပေါသည်။

တရားဝင် အတည်တကျ အိမ်ထောင်ပြု ဖြစ်ခဲ့တာက နှစ်ယောက်။

တရားမဝင် ဆန်ကြဲစားခဲ့တာတွေကတော့ ရွက်ကျပင်ပေါက်။

တရားဝင်ညားခဲ့သည့် ဟိုနှစ်ယောက်အကြောင်း ပြန်တွေးမိလျှင် 'အလကားကောင်မတွေ' ဟု ပက်ပက်စက်စက် ဆဲရေးချင်စိတ်သာ ပေါ်သည်။

ပထမ မယားကြီးကို အစက မျိုးရိုးဂုဏ်နှင့် လက်ထပ်ယူခဲ့ခြင်း ဖြစ်လေသည်။ ကိုယ်က မကောင်းလေ အကောင်းနှင့် တွေ့ချင်လေ ဖြစ်တတ်သည်မှာ ပုထုဇဉ်သဘာဝထင်ပါရဲ့။ ကိုယ်က ကလိန်ကကျစ် စရိုက်နှင့် အသားကျနေပြီ ဖြစ်သည်ကို ကိုယ့်ဘာသာ သိပြီးသား။ "ကျော်သက်ဆိုတာ ဘယ်တုန်းကမှ ကောင်းတဲ့ကောင် မဟုတ်ဘူးဗျနော်" ဟု သွေးအေးစွာ ကြေငြာတတ်သည်မှာ ကြာပြီ။

ဒါကြောင့် ရိုးဂုဏ်ကို မက်မောသည်။ 'ကျွန်ကုလား…မယားတောသူ' ဆိုသည့် စကားကိုလည်း သဘောကျချင်တင်တင်မို့ သာမန် လက်လုပ်လက်စား အလွှာထဲက ရှစ်တန်းပင် မအောင်ခဲ့သော မိန်းမကို အထင်တကြီး လက်ထပ်ယူခဲ့ခြင်းဖြစ်သည်။

သို့သော် ကိုယ့်လက်ထဲရောက်လာတော့ ပိုက်ဆံပေါပေါ သုံးတတ်တာက လွဲပြီး ဘာမှတာဝန်မကျေသော မိန်းမတစ်ယောက်၏ စရိုက်သာ တစ်စစပေါ်လွင်လာသည်။

ပေ့ါပေ့ါနေ ပေ့ါပေါစား၊ မညာမတာပြောရလျှင် ဟိုတုန်းက ငတ်ခဲ့သမျှ ခုမှ အတိုးချပြီး သုံးဖြုန်းနေတာပါပဲ။ လူတန်းစားပျက်သည် ခေါ်ရလေမလား။

ချို့တဲ့ခြင်းနှင့် ရိုးသားခြင်းသည် တကယ်တော့ ဘာမှ မဆိုင်ပါလားဟု ကျော်သက် သဘောပေါက်လာတော့ နောက်ကျခဲ့ပြီ။

ကျော်သက်က လက်ထပ်ပြီးပြီးချင်း သားသမီးယူချင်သည်။ မိန်းမက နှစ်နှစ်သုံးနှစ်လောက်အထိ လင်မယားနှစ်ယောက် လွတ်လွတ် လပ်လပ် နေပါရစေဦးတဲ့။

ယောကျ်ားနှင့်မိန်းမ သူပြောရမည့်စကား ကိုယ်က ပြောဖြစ်ပြီး၊ ကိုယ်ပြောရမည့်စကား သူကပြောနေပါကလားဟု အံ့ဩ၍ မကုန်နိုင်။

ကျော်သက်က သဘောမတူလေတော့ သူ့ကိစ္စသူရှင်းရင်း နည်းလမ်း မကျတာတွေ တွေ့လာရသည်။

သူ့အဆင့်နှင့် သူ၊ သူ့ဗဟုသုတနှင့်သူမို့ သားသမီးတားဆီးရေးကိစ္စကို စနစ်တကျ မဖန်တီးတတ်၊ အမျိုးအမည် မမှတ်မိနိုင်လောက်အောင် ပေါလှသည့် ဆေးဝါးကာဒ်ပြားလောက်ကို ယုတ်စွအဆုံး မကြားဖူး။

ဖြစ်ပြီးမှ ကျိတ်ရှင်းပစ်သည်မှာ သုံးလေးခါမကပြီ။ ဘယ်လို ဖျောင်းဖျ၍ နားမဝင်သည့်မိန်းမ။ နောက်ဆုံးအကြိမ်တုန်းကတော့ ခြေလွန်လက်လွန် သေကောင်ပေါင်းလဲ ခံလိုက်ရသေးသည်။ ဆေးရုံတင်လိုက်ရသေးသည်။

သို့သော် ကိုယ့်စိတ်ထဲကတော့ သေစမ်းပါစေဟု ကျိန်ဆဲနေတာ အမှန်။ သူ့ကို ပြုစုဖို့ဝေးလို့ ဆေးရုံပို့ပြီးကတည်းက ပြန်စောင်း၍ပင် မကြည့်။ ချင်းတောင်ပေါ် တက်ပြီး ရွှာစဉ်လှည့်ကာ လည်ပတ်နေလိုက်သည်။

အကြာကြီးကြာမှ အိမ်ပြန်လာခဲ့ပြီး မိန်းမနှင့် မျက်နှာချင်းဆိုင်ဆိုင်ချင်း ပြောမိသည့်စကားမှာ...

"ဩော်. . . မင်းမသေသေးဘူးနော်"

○

ဒုတိယအိမ်ထောင်ကတော့ စာတတ်ပေတတ်ဟု ပြောရလေမည်လား...။

ကျော်သက်နှင့်တွေ့တော့ ဌာနတစ်ခုမှ အောက်တန်းစာရေး၊ စာပေးစာယူ ကျောင်းသူ။

မထင်မရှား တိတ်တိတ်ပုန်း ညားရင်း ကျော်သက် အထောက်အပံ့ဖြင့် ဘွဲ့ရခဲ့သည်။ သူဘွဲ့ရပြီးမှ ပထမ မယားကြီးနှင့် ကွာရှင်းပြီး ဒင်းကို တရားဝင် လက်ထပ်ခဲ့ခြင်းဖြစ်လေသည်။

တခမ်းတနား မင်္ဂလာဆည့်ခံပွဲ ကျင်းပလို့မို့ ခုတွေးတိုင်း ခုနှမြောမိပါရဲ့။

ကိုယ်နှင့် တကယ်ညားတော့မှ . . .

'ဟ ...မိန်းမဆိုတာ အတူတူပါပဲကလား၊ ခုဟာနဲ့ အရင်ဟာက ဘာထူးလို့တုံး' ဟု ကိုယ်နဖူးကိုယ် အကြိမ်ကြိမ် ရိုက်ပစ်မိလေသည်။

မိန်းမက ကျော်သက် အရိပ်ကို ခိုပြီး သူ့ဆွေတော်ရှစ်သောင်း တစ်မြို့တစ်မလုံးကို ပံ့ပိုးချင်သည်။ ချို့ငဲ့သူကို ထောက်ပံ့တာ၊ လက်ဖြန့်သူကို

ပေးကမ်းတာ ကျော်သက်လည်း သဒ္ဓါမတွန့်တိုလှပါဘူး၊ သို့သော် စီးပွားဖြစ်ကဲ့ထုတ်တာတော့ ဒီကကောင် နွားမှ မဟုတ်ပေပဲ။

သစ္စာမဲ့တဲ့မိန်းမ၊ သစ္စာဖောက်မ။

နှစ်နှစ်လောက် ပေါင်းလိုက်ရသေး၏။

သံယောဇဉ်ကြိုး ရစ်ပတ်တိုးစရာ မျိုးဆက်သစ်ကလေးတွေ ရောက်မလာဖြစ်သည့် အကြောင်းရင်းကိုလည်း လမ်းခွဲခါနီးမှ သိရသည်။

နဂိုကတည်းက သားသမီး မရအောင် ပြုပြင်ဆောင်ရွက်ထားပြီးသားတဲ့။

မိန်းမ နည်းနည်းလည်တော့ ယူတုန်းက တခမ်းတနား ယူခဲ့ရသလိုပင် ကွဲကြတော့လည်း စနစ်တကျ ကွာရှင်းပေးရသည်။

ကိုယ်ကကို ကွာချင်နေလေတော့ ... ကိစ္စပြီး ပြီးရော သဘောထားကာ တောင်းသည့် လျော်ကြေး ဈေးမဆစ်နိုင်ခဲ့။

မယားစရိတ် တစ်လ ဘယ်လောက်ထုတ်ယူဆိုပြီး လစဉ် ဒုက္ခများအောင်၊ ကရိကထများအောင် ကြိုးရှည်ရှည်နှင့် လှန်ကာ နှိပ်စက်ဖို့ ကြံစည်ချင်သေး၏။ သို့သော် သည်မိန်းမနှင့် ဆက်မပတ်သက်ချင်တော့ပြီ၊ ယတိပြတ်ပဲ ဖြတ်ပစ်လိုက်သည်။

သည်ကတည်းက မိန်းမဆိုလျှင် အထင်မကြီးတော့ပြီ။

သည့်နောက် ယောကျ်ားချင်းသာ နားထောင်ကောင်းသော စကားလုံးများဖြင့် နေရာမရွေး ပိုးစိုးပက်စက် ပြောတတ်သော အကျင့်စွဲလာသည်။

မိန်းမတစ်ယောက်ကို အတည်တကျယူဖို့လည်း ဘယ်တော့မှ စိတ်ကူးထဲ မထည့်တော့ချေ။ ကျော်သက်အဖို့ကလည်း မိန်းမဆိုတာ ရှားပါးပစ္စည်းမဟုတ်။

O

ကျော်သက်နှင့် လက်ပွန်းတတီး ဆက်ဆံနေရသည့် 'ကယ်ရီယာ' ကောင်မလေးတွေကကော ဘာထူးလို့တုံး၊

ကိုယ်ဘက်က ရှင်းသည်၊ ထိုက်ထိုက်တန်တန် လုပ်အားခ ပေးပြီးသား။ လုပ်အားခထက်မက 'အပိုကြေး' ချူဖို့ ကြိုးစားတာတော့ ကိုယ်လည်း မတတ်နိုင်ချေ။

တချို့ကျတော့လည်း လုပ်အားခထက် အပိုကြေးကို ပိုပြီး မက်မောသည်။

အပိုကြေး မျှော်လင့်ပြီး ကိုယ့်ကို ပြီတီတီလာလုပ်မှတော့ ကိုယ်ကလည်း နွားမှ မဟုတ်တာ။

ငြီးငွေ့ပြီ ဆိုရပေမည့် ကင်းကင်းလည်း မနေနိုင်ပေ၊

ကျော်သက်အဖို့ မိန်းမသည် အိပ်မပျော်ညများအတွက် 'အိပ်ဆေး' ဖြစ်သလို၊ မလိုအပ်ပဲ အိပ်ငိုက်ချင်သည့်ကာလများအတွက် 'အိပ်ချင်ပြေကလေး' ...။

ဒါ့ကြောင့် ကားပေါ်မှာ မိန်းမတစ်ယောက် ပါလာမည်ဆိုခြင်းကို ကျော်သက် ကျေနပ်သည်။ အိပ်ချင်ပြေကလေး ...လေ။

o

အရောဝင်ကြည့်သည်။

ဘယ်လိုမှ အကျွမ်းတဝင် ဖြစ်မလာ။

မျက်စောင်းကလေး ဖြစ်ဖြစ်၊ ငြူစူနှုတ်ခမ်းကလေးပဲဖြစ်ဖြစ် မျှော်

လင့်သည်။ လှောင်ပြိုးကလေးဖြစ်ဖြစ်၊ ညှို့ပြိုးကလေးဖြစ်ဖြစ် မြင်ချင်သည်။

စောင်းမြောင်းရန်တွေ့သံကလေး ဖြစ်ဖြစ်၊ ဖိတ်ကြိုချိုနွဲ့သော စကားသံကလေးဖြစ်ဖြစ် ကြားချင်သည်။

ခုတော့ မြင်ချင်ကြားချင်တာတွေ မျှော်လင့်ထားတာတွေ တစ်ခုမှ ဖြစ်မလာချေ။

ဆန့်ကျင်ဘက်လိင်ကြောင့် ပန်းသွေးယှက်သော အရိပ်အယောင်ကလေးပင် မမြင်ရ။ ယောကျ်ားတွေကြားမှာ ရှုံးတိုးရှုန့်တန့် ဖြစ်ဟန်လည်းမရှိ၊ ဖက်လှဲတကင်းရဲရဲတင်းတင်း အရောတဝင်လည်းမနေ။ ဘယ်လိုကြီးလဲဟဟု ကျော်သက် အစဉ်းစားရကျပ်လာသည်။

မိန်းမမှ ဟုတ်ပါရဲ့လား။

ရေခဲပန်းပုရုပ်လား ...။

ကြောက်တတ်သည့် မိန်းမဗီဇကလေးကိုတော့ တွေ့လိုက်ရပါသည်။

ကားတစ်ခြမ်းစောင်းမောင်းရသည့်နေရာမှာ နှုတ်ခမ်းလေးတွေ ဖိကိုက်ပြီး ကားဘီးများ လိမ့်နေပုံကို စိုးရိမ်တကြီး ငုံ့စိုက်ကြည့်နေသော အမူအရာ။

သူ တင်းမထားနိုင်တော့သည့် အဆုံးတော့လည်း ...။

"ကားဆရာကြီး ရပ်ပေးပါ၊ ကျွန်မ ဆင်းလျှောက်သွားမယ်" တဲ့။

ကိုယ်နှင့် ပတ်သက်ရာပတ်သက်ကြောင်း ကောင်မလေးတွေကို သတိရသည်။

သည်ခရီးမှာ ခေါက်တုံ့ခေါက်ပြန် ကြုံရသည့် ဇာတ်လမ်းပေါင်း များစွာကို လွမ်းသလို ခံစားရ၏

နှလုံးသွေးဆိုတာ ပူနွေးဆူပွက်လွယ်မှပေါ့။

ပူပူနွေးနွေး ကြွပ်ကြွပ်ရွရွ ကောင်မလေးတွေလည်း ကြောက်တတ်

တာပါပဲ။

သူတို့ကြောက်တတ်ပုံက စိတ်လှုပ်ရှားဖွယ်ကောင်းသည်။

အခေါက်ခေါက်အခါခါ လူးလာခေါက်တုံ့ သွားဖူးပေါင်းများလှပြီ ဖြစ်လည်း လမ်းကြမ်းပေါ် ခုန်ဆောင့်လျှင် ကြောက်လန့်တကြား ကိုယ့်အနားကပ်လာကြမြဲ။ အားကိုးခြင်းကြီးစွာ လက်မောင်းချင်း လာချိတ်သည်။ လူလစ်လျှင်ခါးကို တင်းတင်းဖက်သည်။

ချိုင့်ကျင်းတွေထဲ ဘီးကျပြီး တိမ်းစောင်းယိမ်းယိုင်စွာ ကတိမ်းကပါး မောင်းရပြီဆိုလျှင်လည်း ကိုယ့်ရင်ခွင်ထဲ ပြိုလဲဖို့ အသင့်ရှိသည်။

ကဲ ...ဘယ်လောက် ရင်ခုန်ချင်စရာ ကောင်းလိုက်ပါသလဲ၊ ဘယ်လောက် နှလုံးသွေးတို့ ပွက်ပွက်ဆူခွင့် ကြုံရပါလေသလဲ၊ ဘယ်လောက် အိပ်ချင်ပြေရပါလေသလဲ ...။

○

တစ်လမ်းလုံးလိုလို အိပ်ငိုက်လို့ချည်း လိုက်ပါလာရသည်။

သည်လောက် ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော ခရီးမျိုး တစ်ခါမှ မသွားဖူးခဲ့ချေ။ လင်းဇော်ကလည်း သူ့ဖီလင်နှင့်သူ၊ ဟိုဆရာဝန်ကလည်း ကားသမားနှင့် အချီအချ။

နောက်ဆုံးတော့ ဖီဘီကိတ်စ်နှင့် တူသလိုလို၊ ဘရွတ်ခ်ရှီးလ်နှင့် တူသလိုလို တင်စားယုံမှားခဲ့ဖူးသည့် ဆရာမကလေးသည်ပင် ရေခဲပန်းပု

ရုပ်သာ ဖြစ်နေသည်။ ပူနွေးခြင်း အလျှင်းမရှိ။

စိမ်းတိမ်းတိမ်း ဖယ်တယ်တယ်မို့ စိတ်အချဉ်ပေါက်မိသေးသော်လည်း 'စော်ဘွားရေရှင်'မှာ ထမင်းစားကြတော့ နွေးထွေးသော ဆက်ဆံမှုကို တအံ့တသြ ကြုံရပြန်သည်။

ဩော် ...သူကျွေးတဲ့ ထမင်းပင် စားခဲ့ရပြီပဲလေ။

တစ်မျိုးတော့ တစ်မျိုးပဲ၊ ကျော်သက် မတွေ့ဖူးသေးသည့် မိန်းမ တစ်မျိုးပါပဲ။

နည်းနည်းတော့ စိတ်ရှုည်ရမည့်အမျိုး၊ အချိန်စောင့်ရမည့်အမျိုး၊ မလွယ်တာတော့ အမှန်ပင်။ ခပ်ခက်ခက် အစားထဲက ထင်သည်။ဘယ်ရွေ့ ဘယ်မျှ ခက်မည်တော့မသိ။ ခုထိ သည်မိန်းကလေးကို နားမလည်နိုင်သေး၊ သဘောမပေါက်နိုင်သေး၊ အထာမကျွမ်းသေး။

နားလည်မည့်လည်ရတော့လည်း အရာအားလုံးသည် စက္ကန့်ပိုင်း အတွင်း ဆန့်ကျင်ပြောင်းလဲသွားကြလေပြီ။

သည်မိန်းကလေး၏ အကြည့်တစ်ချက် သည်မိန်းကလေး၏ စကား တစ်ခွန်းက ကျော်သက်၏ နှလုံးသားနှင့် ဦးနှောက်ကို ပြောင်းပြန် ဆွဲလှန် လိုက်သလိုရှိသည်။

သို့မဟုတ် ...နဂိုက စောင်းရွဲ့နေသည့် အသည်းနှလုံးနှင့် ဦးနှောက်၊ ခုမှ ဆွဲတည့်ပေးလိုက်သည်သို့ ဖြစ်မည်။

ဘာမှမသက်ဆိုင်သော အိမ်ထောင်သည် မိန်းကလေးတစ်ယောက်၊ ကိုယ်ဝန်ဆောင် မိန်းမတစ်ယောက်ဟု ပကတိဘဝမှန်ကို သိရပြီးကာမှ ပိုပြီး သံယောဇဉ်တွေ ရစ်ဖွဲ့မိနေသည်။ ရှင်းသန့်သော သံယောဇဉ်။

ဒုက္ခမှ ဖေးမချင်သည်။ သောကကို နှစ်သိမ့်ချင်သည်။ တောကြီး မျက်မည်းမှာ ဒုက္ခရောက်ရှာသော မိန်းကလေးများစွာ ငယ်နုသူကလေး၊

ပထမဦး ကိုယ်ဝန် ...တဲ့။

နုနယ်သောအိမ်ထောင်သက်အတွင်း ခင်ပွန်းနှင့် တစ်ကွဲစီ ခွဲထွက်ကာ တစ်ရပ်တစ်ကျေးမှာ အလုပ်လာလုပ်ရရှာသူကလေး။

'ဘာပဲဖြစ်ဖြစ် မျက်စိအောက်မှာ တယုတယ စောင့်ရှောက်ရမယ့် ခုလိုအချိန်မျိုးမှာ မင်းလိုက်ပို့ဖို့ သင့်တာပေါ့ ငါ့ညီရာ၊ ဘာအခက်အခဲတွေပဲရှိရှိ၊ ဘာတာဝန်တွေပဲရှိရှိ ...'

မမြင်ဖူးသော လူတစ်ယောက်ကို ယောက်ဖအမှတ်နှင့် စိတ်ထဲက ရေရွတ်အပြစ်တင်နေမိသည်။

အို... တကယ့် ယောက်ဖသာဆိုရင်လား၊ တွန်းဆောင့် ထိုးကြိတ်ပစ်မိမှာ။

❍

"ဟ...ငြိမ်လှချည်လား ဟိတ်ကောင်တွေ"

နဖူးဆံစပ်အထိ စောင်လွှမ်းကာ အသက်ရှူမှန်မှန် အိပ်မောကျနေသော မိန်းကလေးကို တစ်ချက်ကြည့်ခဲ့ပြီး မင်းမောင်တို့ရှိရာ လျှောက်လာသည်။

လမ်းပေါ်က ကားဆရာတပည့်ကို လှမ်းကြည့်တော့ သဲသဲမဲမဲ အလုပ်လုပ်လျက် ရှိလေပြီ။

မင်းမောင်တို့နှစ်ယောက်က မိန်းကလေး၏ မီနီအယ်လ်ဘမ်ကို ခေါင်းချင်းဆိုင်ပြီး ငုံ့စိုက်ကြည့်နေကြသည်။

ကျော်သက် ဝင်ထိုင်လိုက်တော့ မင်းမောင်က အလျင်ဆုံး ခါးဆန့်ကာ ဖြည်းညင်းစွာ ခေါင်းယမ်းပြလေသည်။

"ဘာတွေလဲကွ"

ဘယ်သူမှ ပြန်မဖြေ။

လင်းဇော်က အယ်လ်ဘမ်ကို ဖြည်းညင်းစွာ ပိတ်လိုက်ပြီး ကျော်သက်သို့

ကမ်းပေးလာသည်။ အယ်လ်ဘမ်ကို ချက်ချင်း ဖွင့်လှန်မကြည့်ဖြစ်၊ အသွင်ဆန်းနေသော သူတို့မျက်နှာတွေကိုသာ တစ်လှည့်စီ စူးစမ်းမိသည်။

မင်းမောင်က လက်ဖဝါး နှစ်ဖက်ကို ခေါင်းနောက်တွင် ယှက်ပြီး မြက်ခင်းပေါ် ပက်လက်လှန်ချကာ မျက်စိတွေ စုံမှိတ်ထားသေးသည်။

လင်းဇော် ထိုင်ရာက ထသည်။ ဆေးလိပ်ဖွာချင်တယ်ကွာဟု တောင့်တောင့်တတ ညည်းရင်း ကားသမား ဆရာတပည့် အလုပ်ရှုပ်နေရာသို့ လျှောက်သွားသည်။

တစ်ယောက်တည်း ကျန်ရစ်တော့မှ ကြောင်စီစီဖြင့် အယ်လ်ဘမ်ကို ယောင်တိယောင်ကန်း ဖွင့်လှန်ဖြစ်တော့သည်။

ပထမ မျက်နှာ။

အမျိုးသားတစ်ယောက်၏ ကိုယ်တစ်ပိုင်းဓာတ်ပုံ ပို့စ်ကဒ်အရွယ် အဖြူအမည်း။

မပြုံးမရယ် ခပ်တည်တည် မျက်နှာထားက မျက်မှောင်ကုတ်သည့်ဘက်သို့ လုနေသည်။ ပိန်ပိန်သွယ်သွယ်နှင့် လင်းဇော်တို့အရွယ်ဟု ခန့်မှန်းလိုက်၏။ အသားကတော့ ညိုမည် ထင်ရသည်။ တိုက်ပုံဝတ်ထားသော်လည်း အတွင်းရှပ်အင်္ကျီက ကော်လံရှည်၊ ဆံပင်ရှည်ရှည်။

ဓါတ်ပုံအောက်မှာ လက်ရေးဖြင့် စာတန်းကလေးတစ်ခု ရေးထားသည်။

**'ချစ်သူ'**

နောက်တစ်ရွက်သို့ လှန်လိုက်သည်။

ဆုပေးပွဲ အခမ်းအနားတစ်ခုတွင် ရိုက်ကူးထားသော ပုံဟု မှန်းမိ၏။

ဆယ့်လေးငါးနှစ်ရွယ်ကျောင်းသားတစ်ယောက် ဆုယူနေပုံဖြစ်သည်။

ဩော် ... 'ချစ်သူ'က ဆုပေးနေတဲ့ ပုဂ္ဂိုလ်ပါလား၊ နောက်ခံ စာတန်းတွေ တစ်ဝက်တစ်ပျက် ပေါ်နေသည်ကို အားစိုက်ဖတ်ကြည့်သည်။

သရက်ကုန်းကျေးရွာ တွဲဖက်အလယ်တန်းကျောင်းဟူသော စာတန်းကြီးအောက်က ပညာရည်ချွန်ဟူသော စာလုံးလေးလုံးသာ ပေါ်လေသည်။

ဩော်...ချစ်သူက ကျောင်းဆရာကိုး။ တွဲဖက်မိပါရဲ့၊ လိုက်ဖက်ပါပေရဲ့။

ဓာတ်ပုံအောက်က လက်ရေးကို ကြည့်လိုက်သည်။

**'ချစ်သူရဲ့ဝါသနာ'**

နောက်တစ်ရွက်။

ဓါတ်ပုံမဟုတ်တော့။ သတင်းစာကြော်ငြာဖြတ်ပိုင်း တစ်ခုကို ကပ်ထားခြင်း ဖြစ်သည်။

## လက်ထပ်ပြီးစီးခြင်း

မြောင်းမြမြို့ ရှုခင်းသာလမ်းနေ
အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးလှိုင်စိုး၊ ဒေါ်ခင်သက်
တို့၏ သားကြီး
**မောင်ညီညီစိုး B.A (Burmese) M.O.T (Part A)**
နှင့်
ရန်ကုန်မြို့၊ ခြံအမှတ် (....) ခုနစ်မိုင်ခွဲနေ၊
ဦးမောင်မောင်ခင်၊ ဒေါ်မေမေစံ(ငွေနှင်းတောင်မုန့်တိုက်)
တို့၏ သမီးလတ်
**မနွယ်ဦးမွန် B.SC (Zoo)**
တို့သည်
(၂၈-၁-၈၃) နေ့တွင် ကရဝိတ်ဟိုတယ် ရွှေဝါခန်းမဆောင်၌
မင်္ဂလာဆည့်ခံပွဲ ကျင်းပပြီးစီးပါကြောင်း

**နှင်းအေးရွှေကြာစာပေ**

မင်္ဂလာဩဝါဒစကား မြွက်ကြားသည့် ဆရာကြီး

**ဦးစိန်လွင်လေး ...**

ရှည်လျားသော ကျေးဇူးစာရင်းကြီးကို ဆက်မဖတ်လိုတော့။

တခမ်းတနား မင်္ဂလာဆောင်ပါလားဟု သတ်မှတ်လိုက်ရပြီ။ ခုတော့လည်း လှပလွန်းသော နိဒါန်းအစ။

သူ့နာမည် 'နွယ်ဦးမွန်' ဟု ခုမှပဲ သိလိုက်ရလေသည်။ သူဌေးသမီး ပေပဲ။ ငွေနှင်းတောင်မုန့်တိုက် ကြော်ငြာတွေ မဂ္ဂဇင်းစာမျက်နှာများစွာမှာ ယဉ်ပါးစွာ တွေ့ဖူးခဲ့သားပင်။

သည်လိုဆိုတော့လည်း အတိုင်းမသိ မင်္ဂလာကျက်သရေ ရှိပါဘိတယ်ကို ...ဟု သီချင်းထဆိုရမလိုလို။

မင်္ဂလာစုံတွဲပုံ လာတော့မည်ထင်ရဲ့...ခပ်သွက်သွက် လှန်လိုက်သည်။ ထင်တာနဲ့ လွဲလေပြီ။

ရောင်စုံ ပို့စ်ကဒ်ဆိုဒ်။

ရေပြင်ရှုခင်းကျယ်နှင့် သဘော်တစ်စွန်းတစ်စ၊ နောက်ခံမြင်ကွင်းကြောင့် နိုင်ငံခြားဆိပ်ကမ်းတစ်ခုခု ထင်သည်။

ဆိပ်ခံတံတား သံဘောင်တန်းတွင် လက်ထောက်ရပ်နေသူက ကိုညီညီစိုး၊ သဘော်အရာရှိဝတ်စုံ ဝတ်ထားသော်လည်း မျက်စိမမှားနိုင်ပါ။

ဓါတ်ပုံအောက်က စာတန်းမှာ သည်တစ်ခါတော့ နည်းနည်းရှည်သည်။

'သို့သော် ...သူသဘော်သားဖြစ်ရလေပြီ၊ မိခင်အမေနှင့် ကိုယ့်ဆွေမျိုးအသိုင်းအဝန်း၏ ဆန္ဒ၊ ကိုယ့်တိုက်တွန်းချက်အရ . . .'

ဇာတ်က နည်းနည်းလှုပ်စပြုပြီဟု စိတ်ဝင်စားသွားကာ နောက်တစ်ရွက်ကို ဆောလျင်စွာ လှန်သည်။

ဓါတ်ပုံမဟုတ်ပြန်ချေ။ လက်ရေးစာ၊ အပြာရောင် လေယာဉ်စာ။

ပိုင်းဖြတ်ကပ်ထားသော ပေးစာတစ်ပိုင်းတစ်စ။

'..မောင်တို့နှစ်ယောက်စလုံး သဘောမကျတဲ့ အလုပ်ကို ဘာဖြစ်လို့ များ ဒီအခြေအနေထိ စိတ်ရှည်လက်ရှည် ကြိုးစားပမ်းစား လုပ်ဖြစ်ခဲ့လေသလဲလို့ စဉ်းစားကြည့်တယ်။ နွယ့်ကို လွမ်းတိုင်း စဉ်းစားမိတယ်။

တောကျောင်းဆရာဘဝနဲ့ ကျေးလက်မှာ မောင်အရိုးမထုတ်နိုင်ပါဘူး။ လူမှုအဆင့်အတန်းတို့ ဘာတို့ ထားတော့၊ အနည်းဆုံး လျှပ်စစ်မီး မရှိတဲ့ ဒေသမှာ မောင်မပျော်နိုင်ပါဘူး။ ဒါပေမယ့် ဘဝအဓိပ္ပါယ်ကို တောကျောင်း ဆရာအဖြစ်နဲ့ နားလည်ခဲ့တယ်၊ မောင့်အတ္တတွေ ဖွံ့ဖြိုးခဲ့တယ်။

နွယ့်အသိုက်အဝန်းမှာ ဂုဏ်မငယ်ရုံ နေစရာ အိမ်ကလေးတစ်လုံး၊ တခြားလိုအပ်ချက် အနည်းငယ် ပြည့်စုံပြီဆိုရင် အဲ့ဒီ အိမ်ကို သော့ပိတ်ပြီး တို့နှစ်ယောက် မောင့်တပည့်ကလေးတွေဆီ ခဏပဲဖြစ်ဖြစ် ပြေးတွေ့ကြ ရအောင်နော် ...

သြော်... အခြေအနေထူးခြားရင် ကြေးနန်းရိုက်ဦး မိန်းမရဲ့။'

လွမ်းစာဟု ခံစားလိုက်ရသည်။ ခေတ်ပေါ်လွမ်းချင်းတစ်ပုဒ်၊ ခေတ်သစ် အိမ်ထောင်ရေး သရုပ်ဖော် ကောက်ကြောင်း။ လွမ်းစရာ ကောင်းနေတာ တော့ အမှန်ပင်။ ပင့်သက်မျှင်းမျှင်းနှင့် နောက်တစ်ရွက်ကို သာသာညင်းညင်း လှန်လိုက်သည်။

ဟိုက် ... ဟု အသံထွက်အော်လိုက်မိလေသည်။

မျက်စိတွေကို မယုံချင်၊ စူးစူးစိုက်စိုက် ကြည့်မိလေ စာလုံးသေးလေး တွေက ဝေဝါးလေလေ။

ဟုတ်ပါတယ် သတင်းစာကြော်ငြာဖြတ်ပိုင်းပါပဲ။ ဒါ ကြေးမုံသတင်း စာရဲ့ စာလုံးအနေအထားဟု စေ့စေ့ကြည့်ရင်း သေချာသိလာသည်။

## ကိုညီညီစိုး ( အသက် ၃၂ နှစ် )

**Pacific International Line, P&C Ltd.**

နာရေးကြော်ငြာကို အစီအစဉ်တကျ ဖတ်မရတော့၊ မျက်လုံးထဲမှာ ဟိုတစ်ကွက် သည်တစ်ကွက် ပေါ်လာသည်။

နေ့စွဲကိုကြည့်သည်။ ပူပူနွေးနွေး ကိစ္စပါလား၊ နှစ်လနီးပါးမျှ ရှိပါသေးလား ...။

**ပင်လယ်ပြင်တွင် အလုပ်တာဝန်ဝတ္တရားများ ထမ်းဆောင်စဉ် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ...တဲ့။**

ကျော်သက်ခေါင်းထဲမှာ တွေးစရာတွေ တစ်ခုပြီးတစ်ခု ကွင်းဆက်တွေလို ပေါ်လာသည်။ ရင်ထဲမှာ နင့်ခနဲ့ နင့်ခနဲ့ ဆန်းကြယ်စွာ ကြေကွဲနေမိ၏။

နောက်တစ်ရွက်ကကော ...

ဘာများ ကျန်သေးလို့တုံး၊ ပြီးဆုံးသွားပြီပဲဟု စိတ်မပါ့တပါ လှန်ကြည့်တော့ သတင်းစာကြော်ငြာကလေးတွေ အတော်များများ ကပ်ထားသည်ကို တွေ့ရသည်။

## ဝမ်းနည်းကြေကွဲခြင်း

ဩော်...အသိုက်အဝန်းကြီးဆိုတော့ ဝမ်းနည်းကြေကွဲမည့်သူတွေ များပေမပေ့ါဟု စဉ်းစားရင်း ကြေကွဲသူတွေ၏ နာမည်များကို အမှတ်မထင် လျှောက်ဖတ်ကြည့်နေမိသည်။

တစ်နေရာရောက်တော့မှ အမှတ်ထင်ထင် စိတ်ဝင်စားသွားလေသည်။

**ဦးဇော်ဝင်းသန့်**

(တွဲဖက်အလယ်တန်းကျောင်း၊ ခမ်းပတ်မြို့ ...)

ရော... ဒီလို ဆက်သွယ်လာတာကိုးဟု ရေးတေးတေး သဘောပေါက်

ကာ အပေါ်က ဝမ်းနည်းကြေကွဲခြင်းကို ခုမှ အသေအချာ ပြန်ဖတ်ရပြန်၏။

**ချစ်သူငယ်ချင်း ... ညီညီစိုး**

**ဂျပန်နိုင်ငံ ကိုဘေးမြို့တွင် ရုတ်တရက် ကွယ်လွန်ခြင်းအတွက် ဒေါ်နွယ်ဦးမွန်နှင့် ထပ်တူကြေကွဲဝမ်းနည်းရပါသည် ...**တဲ့။

ကိုဇော်ဝင်းသန့်နဲ့ သူငယ်ချင်းတွေကိုး။ ဒါကို အကြောင်းပြုပြီး ရောက်လာသူကလေး။

နောက်ဆုံးစာမျက်နှာ။

ပြုံးချင်တိုင်းပြုံးနေသည့် သူတို့စုံတွဲ။ ဓါတ်ပုံထဲမှာ သူတို့ ပြုံးနိုင်သလောက် ကြည့်သူ၏ ရင်ထဲမှာ နင့်နေအောင် ခံစားရသည်။

'...နှစ်ယောက်အတူသွားကြဖို့ မောင် ဆန္ဒပြင်းပြခဲ့တဲ့ ခရီးမျိုးပါ။

မောင့်ကိုယ်ပွားကို ဆောင်ကျဉ်းလို့ မောင်မြတ်နိုးလှတဲ့ ဘဝအဓိပ္ပါယ်ကို ဆက်လက်ဖွေရှာဖို့ပါ။

မိခင်၊ အစ်မ၊ တစ်ဆွေတစ်မျိုးလုံးက ပွက်ပွက်ညံကြပါစေတော့ ...'

ဆက်ကြည့်စရာ မကျန်တော့သည့် အယ်လ်ဘမ်ကလေးကို ဖြည်းဖြည်းချင်းပိတ်ကာ လက်ထဲမှာဆုပ်ထားဆဲ ရှိသည်။

○

‘ဒီအယ်လ်ဘမ်ကို ဘာဖြစ်လို့ ပြတယ်ထင်သလဲ ကျော်သက်’

လေသံကို နှိမ့်၍ မင်းမောင်လှမ်းမေးသည်။ မင်းမောင်သည် ကျော်သက်ကို မကြည့်ပဲ ပက်လက်အနေအထားက မိုးကောင်ကင်ကို ငေးစိုက်နေလေ၏။

ကျော်သက်က မင်းမောင်နှင့် ကန့်လန့်ဖြတ်အနေအထားအတိုင်း တံတောင်တစ်ဖက်ကို အားပြုထောက်ပြီး တစောင်းလှဲချလိုက်သည်။

စီးကရက်ဖွာရင်း ခပ်ဖြည်းဖြည်း လမ်းလျှောက်နေသော လင်းဇော်ကို ဟိုအတော်ဝေးဝေးမှာ လှမ်းမြင်ရနေသည်။

‘သူ့မှာ ကိုယ်ဝန်ပါတဲ့အဖြစ်ကို မမျှော်လင့်ဘဲ တို့သိလိုက်ရတော့ အကျိုးအကြောင်း ဖြေရှင်းပြတဲ့ သဘောထင်ပါရဲ့ကွာ...’

‘အေး ...အတော် အမြော်အမြင် ရှိတယ်ကွ၊ အသိပေးသင့်တယ် ဆိုတာလဲ သဘောပေါက်တယ်၊ ပါးစပ်က လျှောက်ပြောရင် ပြောချင်သလို ရတာမို့ ပေါ့ပေါ့တန်တန် ဖြစ်မယ်ဆိုတာလည်း နားလည်တယ်ကွ၊ ဓါတ်ပုံ

နဲ့ မှတ်တမ်းနဲ့ အထောက်အထားနဲ့ပါ ပြလိုက်တော့ ရှင်းသွားရော မဟုတ်လား၊ ဒါပေမယ့် မလွဲသာလို့ ကြည့်စေတဲ့သဘောနော်၊ မင်း စဉ်းစားကြည့်၊ ဒီအယ်လ်ဘမ်ဟာ သူ့ဘာသာသူ ဘဝမှတ်တမ်း သဘောမျိုး လုပ်ထားတာ၊ နဂိုက သူများကိုပြဖို့ ရည်ရွယ်ချက် ပါကို ပါပုံမရဘူး၊ သဘောက သူများ အထင်ကြီးစေမယ့် တခမ်းတနားပုံမျိုးတွေ... ဥပမာကွာ၊ ကရဝိတ် မင်္ဂလာပွဲပုံတွေက စလို့ပေါ့၊ တစ်ပုံမှ ထည့်မထားဘူး'

'အေး...တို့ကလွဲလို့လဲ တစ်ခြားဘယ်သူ့မှ ထပ်မပြသင့်ဘူး'

မင်းမောင် ဆတ်ခနဲ လှည့်ကြည့်သည်။

'ဘာဖြစ်လို့လဲ'

'ဟာ...ရှင်းနေတာပဲကွာ၊ သူ့ရုပ်သူ့ရည် သူ့အသက်အရွယ်ကလေးနဲ့ မုဆိုးမဖြစ်ကြောင်း လူသိလေ အန္တရာယ်များလေပေါ့'

'ကိုယ်ဝန်တောင် ယူခဲ့သေးတာပဲ ကျော်သက်ရာ၊ ကလေးတောင် မွေးဦးမှာပဲ၊ လူတွေမှာ ကရုဏာရှိကြပါတယ်၊ စာနာတတ်ကြပါတယ်၊ အနည်းဆုံး လောကမှာ အဖေဆိုတာကို တစ်သက်လုံး မြင်ဖူးသွားတော့မှာ မဟုတ်တော့တဲ့ ကလေးအတွက် သူ့ကိုပါ စောင့်ရှောက်ကြမှာပါ'

'အေး ...လောကမှာ ကျော်သက်လို ကောင်စားတွေကလဲ အများကြီး မင်းမောင်၊ ငါလို လူရုပ်တွေက နေရာအနှံ့ ...'

မင်းမောင် ဆတ်ခနဲ ထိုင်လိုက်သည်။ ပြီး ကျော်သက်မျက်လုံးများကို စေ့စေ့ကြည့်ကာ ...

'မင်းလိုကောင်တောင်မှ အခု ရုပ်ချင်စိတ်ပေါ်တော့လို့လား'

ကျော်သက် ငြိမ်နေသည်။

'အင်မတန် အနေအထိုင်တတ်တဲ့ မိန်းကလေးဆိုတာ မင်း ငြင်းမလား ကျော်သက်၊ သူ့ကိုယ်သူ စောင့်ရှောက်နိုင်တယ် ဆိုတာယုံ။ ပရမ်းပတာ

စိတ်လေလွင့်ရုံနဲ့တော့ ဒီအထိလဲ ရောက်မလာနိုင်ဘူး၊ ဒီရည်ရွယ်ချက်မျိုးလဲ ထားမလာနိုင်ဘူး၊ သူ့ရှေ့ရောက်မှ မင်းလိုကောင်တောင် အရိုင်းစိတ်တွေ ပျောက်ရသေးတာပဲ ကျော်သက်ရာ"

'စိတ်ပူလို့ပါကွာ'ဟု ပင့်သက်မျှင်းမျှင်း ရှိုက်ရင်းဆိုသည်။

ဟက်...ခနဲ မင်းမောင်ထံမှ ရယ်သံတစ်ချက်ကို ကြားရ၏။

'သိပ်စိတ်ပူရင်လဲ လွယ်ပါတယ် ကျော်သက်ရာ။ မင်း တစ်သက်လုံး စောင့်ရှောက်သွားနိုင်အောင်ကြိုးစား ...'

'မပြောနဲ့ ဟိတ်ကောင်'

မင်းမောင်စကားကို အတင်းဝင်ဖြတ်ပြီး အော်ပစ်လိုက်သည်။

တောစပ်တွင် ပဲ့တင်ရိုက်မတတ် ကျယ်လောင်သွားသော ဒေါသသံ။ အိပ်ပျော်နေသူဆီ ပူပန်စွာ လှမ်းကြည့်ပြီး သူပါ လူးလဲ ထထိုင်လိုက်သည်။ ပြီးမှ လေသံကို နှိမ့်ကာ ...

'မပြောကောင်း မဆိုကောင်းပါကွာ၊ ငါလိုကောင်နဲ့ မတန်ပါဘူး'

ကျော်သက်အသံတွေ အဖျားခတ်သွားသည်ဟု ထင်ရသည်။ နှုတ်ခမ်း မပွင့်သော အပြုံးဖြင့် ကျော်သက်ကို ခြေဆုံးခေါင်းဖျား ကြည့်ကာ

'ငါ အကုန် နားလည်ပါတယ် ကျော်သက်ရာ၊ ပြောခဲ့ပြီပဲ၊ မင်းကို ငါကြည်ညိုသထက် ကြည်ညိုလာပါတယ်လို့ ...'

တိုင်ပင်မထားပဲ နှစ်ယောက်သား ထရပ်လိုက်ကြ၏။ သည်အနားမှာ စကားဆူညံစွာ မပြောချင်၊ လင်းဇော်ကဲ့သို့ ဟိုနားသည်နား လမ်းလျှောက်ကြလျှင် ကောင်းမည်ဟု အတွေးဆင်တူ ပေါ်လာသည်။

၀

‘ဗျို့ ဆရာကြီး…နောက်က ကားကြီးလာနေပြီ၊ လမ်းဘယ်လိုပေးမလဲ’

စိုးရိမ်စွာ လှမ်းအော်သတိပေးလိုက်သော လင်းဇော်၏ အသံ။ သူက သည်ဘက်သို့ သွက်သွက်ပြန်လျှောက်လာနေသည်။

‘အောက်လမ်းက ဆင်းသွားလိမ့်မယ်ဆရာ’

ကားအောက်ဆီမှ ပေါ်လာသော ဒရိုင်ဘာ၏ အသံ။ စပယ်ယာက သူ့လက်ထဲ ကိုင်ထားသော ကိရိယာတွေကို လွှတ်ချပြီး ထိုင်ရာမှ ထသည်။ ပြီး လက်နှစ်ဖက်ကို ပုတ်ခါရင်း လင်းဇော်ဆီ လှမ်းကြည့်ကာ …

‘ရတယ်ဆရာ။ ကျွန်တော် လမ်းလွှဲပေးလိုက်မယ်’

ထို့နောက် မင်းမောင်တို့နှစ်ယောက် နောက်မှ ကပ်လျှောက်လာ၏။ သူတို့လျှောက်လာမှန်းသိ၍ လင်းဇော် ရပ်စောင့်နေသည်။ တူရူဆီတွင် လော်ရီကားကြီးတစ်စီးသည် ကုန်အပြည့် လူအပြည့်။ တအိအိ နီးကပ်လာ၏။

စပယ်ယာက သူတို့ကို ကျော်တက်သွားပြီး ရှေ့နားမှ ကြိုစောင့်နေသည်။ အောက်လမ်းမှ ဆင်းမောင်းရန် တောစပ်သို့ အထိမ်းအမှတ် ပြသည်။

တစ်စုံတစ်ရာ လှမ်းအော်သော ဘာသာစကားကို နားမလည်လိုက်ကြ။

လော်ရီကားကြီး ရပ်လိုက်သည်။ စက်သံညင်ညင်။ ဘော်ဒီ စုတ်သလောက် စက်က ပထမတန်းစား။ သည်လိုစက်မျိုးနှင့်မှ သည်လိုလမ်းမျိုးတွင် လုပ်ကိုင်စားသောက်လို့ ရပေမပေ့ါ။ ကိုယ်တို့ကားမျိုးကတော့ ရာဇဝင်တွင်လောက်ပါရဲ့။

လမ်းပိတ်ရပ်ပြီး ပြင်နေသော ဂျစ်ကားဆီသို့ လော်ရီကားပေါ်မှ မျက်လုံးပေါင်းများစွာ စုပြုံကျသွားသည်။

'ဘာဖြစ်လို့လဲ ဆရာ'

လော်ရီကားမောင်းသူက ခေါင်းပြုပြီး လှမ်းမေးသည်။

'ရှပ်ကျိုးတယ်၊ မိန်းလေး ကျိုးတယ်'

မင်းမောင်က ဖြေ၏။

'ဟား ...ကျွတ်'ဟု လော်ရီကားဆရာ၏ သြချသံ၊ စုတ်သပ်သံ ထွက်လာသည်။

"ဘာလိုသေးလဲ"

"ရပါပြီ၊ ပြီးတော့မှာပါ"

"ဒါဖြင့် သွားမယ်နော်"

"ရှိ" ဟူသော လော်ရီကား စပယ်ယာ၏ ဝီစီမှုတ်သံ။

စပယ်ယာနှစ်ယောက်၏ အော်ဟစ်လမ်းပြသံများကြားမှာ လော်ရီကားကြီးသည် စက်သံညင်သာလှစွာဖြင့် တောလမ်းဆီသို့ လိမ့်ဆင်းဝင်ရောက်သွားလေသည်။

လင်းဇော်တို့ သုံးယောက်က မျက်စိတစ်ဆုံး ရပ်ကြည့်နေမိကြသည်။

"တော်သေးတယ်...လူနာကို မြင်ရင် စပ်စပ်စုစု လုပ်ကြဦးမှာ။ လူမရောက်ခင် ဟိုမှာ ဆယ်ဆ, ချဲ့ထားတဲ့ သတင်းက ပြန့်နှင့်နေမှာ"

ခုမှ စိတ်ချမ်းသာသွားသော အမူအရာနှင့် ကျော်သက်က ဆိုသည်။

'လူနာကို ကားနဲ့ တင်ခေါ်သွားလို့ ဖြစ်ပွါးမလားဟင်'

လင်းဇော်က အစဉ်းစားရကျပ်စွာ မေးလိုက်သည်။

"ခမ်းပတ်အထိတော့ မဖြစ်ဘူးပေါ့၊ ရှေ့တစ်မိုင်သာသာလောက်မှာ ရွာရှိတယ်၊ အိမ်တစ်အိမ်မှာ ဝင်ထားရမှာပဲ'

မင်းမောင်က စဉ်းစားပြီးသား အစီအစဉ်ကို ပြောပြလိုက်သည်။

'ဟင် ... သူတစ်ယောက်တည်း ထားပစ်ခဲ့မယ်လား၊ မင်းတို့က..'

'ဟ...ငါ့ဆေးခန်းက လူနာတွေ ဘယ်နှစ်ရက် ပစ်ထားရမှာလဲ'

'ငါလဲ ဟိုမှာ အချိန်းအချက်တွေ အများကြီးနဲ့'

'ငါက ဒီညနေတောင် ရောက်ချင်တာ၊ အရေးကြီးလူနာ နှစ်ယောက် ရှိလို့ကွာ၊ ဒီကား အသုံးမကျလို့၊ ဒီကားကြောင့် ခုလိုဖြစ်ရတာ၊ ပြဿနာတွေ ပေါ်ရတာ၊ သူ့ ဝင်ထားခဲ့ပြီးရင်တော့ အသေမောင်းခိုင်းရမှာပဲ၊ ခမ်းပတ်ရောက်မှ ကိုဇော်ဝင်းသန့်ကို ဝင်အကြောင်းကြားခဲ့မယ်။ သူ့ အမျိုးသမီးလဲ ရှိနေတာပဲ။ သူ့ရွာက လူတွေနဲ့ သူစီစဉ်ပြီး လာခေါ်လိမ့်မယ်၊ မနက်ဖြန် လောက်ဆို ကားစီးလို့ ကောင်းကောင်း စိတ်ချရပါပြီ'

ကျော်သက်က လင်းဇော်မျက်နှာကို အကဲခတ်သလို ထက်အောက် စုန်ဆန် ကြည့်နေသည်။

'မင်းစောင့်ချင်စောင့်ရစ်လေ လင်းဇော်။ နောက်တော့ ခမ်းပတ်ကို မင်းမောင်နဲ့ ငါအလည်လာခဲ့မယ်'

'ဟာကွာ...'

လင်းဇော် မျက်နှာနီရဲလေ၏။

'ဟုတ်တယ်လေကွာ၊ မင်းစိတ်တွေ တိမ်းတိမ်းပွေ့ပွေ့ ဖြစ်လာတယ် ဆိုလို့ပါ၊ စိတ်ပြေလက်ပျောက်ပေါ့'

ကျော်သက်က ထပ်ဆင့်ပြန်သည်။

သည်တစ်ခါတော့ လင်းဇော်က အရေးမလုပ်ချင်တော့ပါ။ သူ့ရင်ထဲမှာ ပြောစရာတွေ ရုန်းကြွနေ၏။

'စိတ်ပြေလက်ပျောက်ဆိုတဲ့စကားလုံးကို ငါ ရုပ်သိမ်းလိုက်ပြီ ကျော်သက်၊ သိလား မင်းမောင်'

'ဘာလဲ၊ စိတ်တွေပြေပြီး လက်တွေပျောက်သွားလို့လား'

'ရှက်စရာ ကောင်းတယ်ကွာ...ငါ့အပူလောက်ကို တကယ့်အပူ မှတ်နေတာ၊ ဒီအပူက ထွက်ပေါက်ရှာပုံလဲ တစ်လွဲပဲ၊ မိန်းကလေးလောက်တောင် အသုံးမကျတဲ့ငါ၊ လုပ်ငန်းထူထောင်ဖို့၊ တောက် .. ရှက်ပါရဲ့ကွာ၊ အရင်းအနှီး ရှာဖို့၊ ငွေရှာဖို့၊ စီးပွားရှာဖို့၊ ငါကြီးပွားဖို့ အတ္တစိတ်တစ်ခုနဲ့ပဲ တွက်တတ်ခဲ့တယ်၊ ဒီ နွယ်ဦးမွန်ဆိုတဲ့ မိန်းကလေး၊ နာမည်နဲ့ လိုက်အောင် မွန်မြတ်တဲ့ စိတ်ဓာတ် ပြည့်ပါပေရဲ့၊ သူ့ဘဝ သူ့ဘာသာ ရပ်တည်ဖန်တီးရင်း တစ်ပြိုင်နက်တည်း ပတ်ဝန်းကျင်ကို ဆာ့ဗ်လုပ်နိုင်တဲ့ကိစ္စတွေ လုံးဝ မစဉ်းစားခဲ့ဖူးဘူး'

'လင်းဇော် ...'

မင်းမောင်က ပခုံးကိုဖမ်းဆုပ်လေသည်။

'ငါ ကြည်ညိုတဲ့လူတစ်ယောက် တိုးသွားပြန်ပြီ လင်းဇော်၊ မင်းကို ငါ တဖြည်းဖြည်း ပြောပြချင်တဲ့စကားတွေ ခု... မင်းက စ, ပြောနေပြီပဲ'

'နွယ်ဦးမွန်ရဲ့ အယ်လ်ဘမ်က ရလိုက်တဲ့ သင်ခန်းစာပေါ့ကွာ၊ အယ်လ်ဘမ်ကြည့်ပြီး ငါ့စိတ်တွေ အရမ်းလှုပ်ရှားသွားတယ်၊ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ကျုံးအော်ပစ်ချင်စိတ်တွေ မနည်းထိန်းချုပ်လိုက်ရတယ်'

'စီးကရက်ပြေးဖွာကတည်းက မင်းစိတ်တွေ လှုပ်ရှားနေတာ သိသာပါတယ်ကွာ။ ငါကသာ တစ်မျိုးထင်မိလို့၊ မင်းရင်ခုန်နေတယ်ထင်မိလို့

နွယ်ဦးမွန်နဲ့ပတ်သက်လို့ ...’

‘ထင်သလားကွာ’

လျော့ရဲစွာ ပြုံးရင်း ပြန်မေးလိုက်သည်။

ကျော်သက်က မျက်မှောင်တွန့်ကာ ...

‘ဘာဖြစ်လို့လဲ။ မုဆိုးမလေးမို့လို့လား’

နားထဲသို့ ရှတခါးသီးစွာ တွန်းတိုက်ဝင်ရောက်လာသည် ထင်ရလေ၏။ ရင့်သီးသော စကားလုံးတွေ ကျော်သက်မှ နှုတ်ထွက်လွယ်ရက်ပလေ။

‘ချစ်သူယုံကြည်ချက်ကို ဆက်ထိန်းဖို့ ရောက်လာတဲ့ မိန်းကလေးပါကွာ။ ဒီလောက် ရင့်ကျက်လာတဲ့ နှလုံးသားနဲ့ ဦးနှောက်ကို ကိုယ်ထင်သလို မျှော်လင့်လို့ ဘယ်တော့မှ မနီးစပ်ဘူးမှတ်။ သူ့ဘာသာသူ ခိုင်ခိုင်မာမာ လုံလုံခြုံခြုံ ဆောက်ထားတဲ့ဘဝ၊ အလွယ်တကူ ဝင်တိုးလို့ ရနိုင်မယ်ထင်သလား’

ကျော်သက်ကတော့ ခေါင်းခါသည်။

‘မိန်းကလေးပါ လင်းဇော်ရာ။ သူ့သောက၊ သူ့အပူကို မျှယူကူထမ်းနိုင်လိမ့်မယ်လို့ ယုံကြည်လောက်တဲ့ တစ်ချိန်ကျရင် ကမ်းတဲ့လက်ကို ဖမ်းမဆုပ်ဘဲ မနေနိုင်ပါဘူး’

‘တစ်ခုတော့ ရှိတယ် ကျော်သက်’

မင်းမောင်က ကြားဝင်လိုက်သည်။

‘အပူရှိတယ်လို့ လူသိခံချင်တဲ့မိန်းကလေးမျိုး မဟုတ်တာတော့ သေချာတယ်ကွ။ တို့ကို အယ်လ်ဘမ်ပြတာတောင် မလွှဲသာလို့ပါဆို။ သူက အပူဒဏ်ကို မခံနိုင်မရပ်နိုင်၊ လူးလွန့်ညည်းတွားတတ်တဲ့ လူစားမျိုး မဟုတ်ဘူး။ အပူကို ကျေကျေနပ်နပ်ကြီး ခံယူတတ်တဲ့စရိုက်၊ အပူငွေ့ကို မျက်နှာအပ်ပြီး လှုံတတ်တဲ့ သဘာဝ၊ အပူဓာတ်နဲ့ ရင့်ကျက်လာတဲ့အလှ၊ မင်း နေကြာပန်းလိုပေါ့ကွာ။ နေလောင်လို့ ညှိုးတယ် ရှိလို့လား။ နေကို မျက်နှာအပ်ပြီးပွင့်တာ။

နေမြင့်လေ အပူရှင့်လေ လန်းလန်းစွင့်စွင့် ဖွံ့ဖွံ့ ထွားထွား လှလာလေလေပဲ။ ကျော်သက် ငါ့ဆေးခန်းရှေ့မှာ စိုက်ထားတဲ့ ပေါ်ကျူလီယာ ပန်းကလေး တွေကိုကော ကြည့်ပါလား ...။နေနဲ့အတူ ပွင့်တာကွ။ နေညိုရင် သူငိုက်တဲ့ အပူကြိုက်မျိုး'

ကျော်သက်က တိတ်ဆိတ်ခြင်းဖြင့် ဝန်ခံနေလေသည်။ လင်းဇော် မျက်လုံးတွေ အရောင်တလက်လက် ဖျိုးဖျပ်လာသည်ကို မင်းမောင် မြင် နေရ၏။ သူက ရှေ့ဆက်ပြောချင်တာတွေ ရှိသေးသည်မို့ ...။

'အသက်ဇီဝဆိုတာ အပူနဲ့ ဖြစ်ထွန်းရတဲ့ အမျိုး၊ သတ္တဝါဆိုတာ အပူနဲ့ ကြီးထွားဖွံ့ဖြိုးရတဲ့ သဘာဝ၊ တချို့ကျတော့လည်း အပူကြောက်တာပေါ့လေ။ ဒါပေမယ့် သစ်သီးတွေ ကြည့်ပါလား ...အရိပ်ထဲမှာ ခူးအုပ်ပြီး မှည့်စေတဲ့ သစ်သီးထက် နေပူထဲမှာ နေငွေ့ကို အားပါးတရလှုံပြီး ရင့်မှည့်ရတဲ့ ပင်မှည့် က ပိုပြီး ချိုမြိန်တာအမှန်ပဲ၊ နွယ်ဦးမွန်က လောကအပူငွေ့နဲ့ ရင့်ကျက် နေပြီကွ'

'အမှန်တစ်ခုကို ငါ့အရင် သူတွေ့ခဲ့တယ်'

လင်းဇော်က လှိုက်လှိုက်လှဲလှဲ ထောက်ခံသည်။

'ကျောင်းဆရာပဲဖြစ်ဖြစ်၊ ဂီတသမားပဲဖြစ်ဖြစ်၊ ဘယ်လို အနေအထား မှာပဲ ရှိရှိ၊ ကိုယ့်ဝမ်းကိုယ်ကျောင်းရင်း ပတ်ဝန်းကျင်ကို အတတ်နိုင်ဆုံး ဆာ့ဗ်လုပ်ဖို့'

'ဟိုတုန်းကလို အာပေါင်အာရင်းနဲ့ ပြည်သူကို အလုပ်အကျွေး ပြုဖို့ လို့ ရဲရဲတင်းတင်းပြောလိုက်စမ်းပါ လင်းဇော်ရာ၊ ငါမလှောင်ပါဘူးကွ၊ လိပ်ပြာသန့်သန့်နဲ့ ပွင့်ပွင့်လင်းလင်း ပြောလိုက်စမ်းပါ'

အင်တိုင်း တောစပ်မှာ ပျံ့လွင်သွားသည့် လင်းဇော်ရယ်သံက စီစီ လွင်လွင် ...။

၀

ကင်ဖိုအိတ်ထဲသို့ ပစ္စည်းတွေ သပ်သပ်ရပ်ရပ် ပြန်ထည့်ပေးလိုက်သည်။ သူ့အတွက် ရာသက်ပန်ထိန်းသိမ်းသွားရမည့် မီနီအယ်လ်ဘမ်ကို ဘာနှင့်မှ မငြိထွေးမထိလိုက်ရအောင် တယုတယ။

မင်းမောင်နှင့် ကျော်သက်က ပြင်ပြီးသွားသောကားကို ဝိုင်းဝန်းစစ်ဆေးနေကြသည်။ ပြီးတော့ လူနာ သက်တောင့်သက်သာ လိုက်ပါနိုင်ဖို့ နေရာပြုပြင်ကြလိမ့်မည်။

ပစ္စည်းတွေ သိမ်းထည့်ရင်း အိတ်တွင်းက ထိုးလက်စ သိုးမွေးထည်ကို စမ်းမိ၏။ အမှတ်မထင် ထုတ်ယူကြည့်မိသည်။ စောစောပိုင်းက မွှေနှောက် ရှာဖွေ စမ်းဖွထားသဖြင့် ဇာထိုးအပ်တွေ ကသောင်းကနင်း ဖြစ်နေ၏။ ထိုးလက်စနေရာမှ ကျွတ်ထွက်မကုန်အောင် သတိကြီးစွာ ထားပြီး ကိုင်ရသည်။ လိပ်ခွေနေသော အနားကလေးတွေကို အသာဖြန့်ကြည့်သည်။

သိုးမွှေးစမှာ လေးထောင့်ညီညီ မဟုတ်ချေ။ အနားကလေးတွေ ဝိုက်ပြီး တဖြည်းဖြည်း ဝိုင်းသွားသည်။

ဘာကလေးများပါလိမ့်ဟု သိချင်စိတ်ဖြင့် တွေးငိုင်ဆဲ တစ်ဘက်မှ လွန့်လူးပ်သံ ညိုးညိုးညံ့ညံ့ ကြားရလေသည်။

လျှောင်းအိပ်နေရာက စောင်ကို ဖြည်းဖြည်းချင်းခွာပြီး ညင်ညင်သာသာ ထိုင်လိုက်သည်။ ပွယောင်းဖောင်းအိနေသော ဆံနွယ်နက်မှောင်တို့ကို ဘယ်လက်ဖြင့်သပ်ရင်း ပခုံးရှေ့သို့ သိမ်းယူသည်။

'နိုးပြီလား ... နေကောင်းရဲ့လား'

သူခေါင်းညိတ်ပုံမှာသွက်သည်။ သူ့မျက်နှာမှာ သိသိသာသာ လန်းသည်။ အိပ်ရာထ,စ ဝင်းပနေသော အသွင်အလျာ။

'သွားကြတော့မယ်လား'

'ဟုတ်တယ်၊ ဒါကြောင့် ကျွန်တော် ပစ္စည်းလေးတွေ သိမ်းပေးနေတာ၊ ဒါလေးကို တွေ့လို့ ဘာလေးများလဲလို့'

သိုးမွေးစကို လှုပ်ပြလိုက်သည်။

'ဩော် ဦးထုပ်ကလေးပါ'

လင်းဇော် ခုမှ အသေအချာသဘောပေါက်သွားသည်။ သိုးမွေးစကို တစ်ခါပြန်ကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့်။

ဟုတ်တာပေါ့ ...ကလေးဦးထုပ်ကလေး ဖြစ်ခါတောင်နီးနေမှပဲ။ သုံးပုံတစ်ပုံလောက်ကို ဖြည့်၍ ကြည့်တတ်လျှင် ဖရုံသီးပုံ ကလေးဦးထုပ်ကလေးကို အလွယ်တကူ ခန့်မှန်းသိနိုင်သည်။ လိပ်နေသော အနားဝိုင်းကလေးတွေကို စောစောက အမြဲ ဆွဲဖြန့်ကြည့်မိခဲ့ရာ ပျက်စီးသွားလေပြီလားဟု ပူပန်တွေးဖြင့် ပြန်လည်စစ်ဆေးမိသေး၏။

'ချစ်စရာလေးဗျာ ... လှတယ်'

နွယ်ဦးမွန်က ခြုံစောင်ကိုခေါက်ရင်း ...

'မပြီးသေးဘူးလေ'

'မဟုတ်ဘူး ... အရောင်ကို ပြောတာ ...ဟုတ်ပါဘူး။ ကလေးဦးထုပ် ဆိုတာ ဒီလို မိုးပြာရောင်ကလေးနဲ့လိုက်တယ်လေ'

အိုးနင်းခွက်နင်း ရှင်းပြသည်ကို သဘောကျဟန်ဖြင့် အသံထွက်အောင် ရယ်လိုက်သည်။ ပထမဆုံး ကြားဖူးသည့် ဆည်းလည်းသံ။

လင်းဇော် အလိုလို ပျော်ရွှင်ပေ့ါပါးလာပြီး သိုးမွှေးစကို အသေအချာ ပြန်လည်လိပ်ပတ်ရင်း နှုတ်မှ စကားလုံးတွေ အလိုအလျောက် ခုန်ပေါက်ထွက်သွားလေ၏။

'တကယ်ပြောတာ၊ အပြာရောင်ကို ရွေးတာ နိမိတ်လဲ ကောင်းတယ်၊ ကျွန်တော်ကြားဖူးတာပဲလေ။ ဘလူးဖော်ရေဘွိုင်းတဲ့၊ ယောကျ်ားလေးရဲ့ အထိမ်းအမှတ်ဟာ အပြာရောင်တဲ့'

'ဟုတ်လား'

သူ့မျက်နှာမှာ မျှော်လင့်ချက်အငွေ့တွေယှက်သန်းနေလိမ့်မည်ဟု မကြည့်ပဲသိသည်။ ယုံကြည်ချက် အခိုင်အမာဖြင့် သွေးရောင်ပြည့်လျှမ်းနေမည်ဆိုတာလည်း မကြည့်ဘဲ မြင်သည်။

လင်းဇော်က ကင်ဗိုအိတ်ကို ဇစ်ဆွဲပိတ်ရင်း ...

"သိပ်ဟုတ်တာပေ့ါ၊ နိမိတ်ဖတ်တဲ့အတိုင်း သားကလေး မွေးပေးနော်"

လွှတ်ခနဲပြောလိုက်မိပြီးမှ ပါးပြင်တွေ ပူနွေးလာသည်။

အို မထူးတော့ပါဘူးလေ၊ သူ့ထံမှလည်း အသံမကြားရ၊ တိတ်ဆိတ်ငြိမ်သက်နေသည်။

ငြိမ်သက်ခြင်းသည် အပြင်းထန်ဆုံး လှုပ်ရှားခြင်း ဖြစ်လိမ့်မည်ဟု မျှော်လင့်ရလေ၏။

**စမ်းစမ်းနွဲ့ (သာယာဝတီ)**
**၁၁–၉–၁၉၈၆**